
www.burmeseclassic.com



www.burmeseclassic.com

စာနယ်ဇင်းကြိုတင်ခွင့်ပြုချက်အမှတ် – ၅၀၀၆၂၁၀၉၁၀
မျက်နှာဖုံးကြိုတင်ခွင့်ပြုချက်အမှတ် – ၅၀၀၆၈၃၀၉၁၀
ပုံနှိပ်ခြင်း – ၂၀၁၀ ခုနှစ်၊ စက်တင်ဘာလ၊ ပထမအကြိမ်(၅၀၀)

ပန်းချီ – ပိုးဇာ

တန်ဖိုး ၉၀၀/-

ထုတ်ဝေသူ
ဦးသန်းထွဋ်အောင် (ယာယီ–ရ၈၅) (ဖိုးရာဇာစာပေ)
အမှတ်(၃၃)၊ အခန်း (၁၀)၊ ယုဇနလမ်း၊
ရေကျော်၊ ၈–ရပ်ကွက်၊ ပုဇွန်တောင်။

အဖုံးအတွင်းပုံနှိပ်သူ

ဒေါ်ခင်သန်း၊ (မြ–၀၁၉၇၂) (ဆယ်သန်း ပုံနှိပ်တိုက်)
အမှတ် (၁၆၅)၊ မြေညီထပ်၊ ၄၅–လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။

www.burmeseclassic.com

www.burmeseclassic.com

ကြပ်ကလေး၏ မြန်မာဟန်ပါသော ဟာသ၊
ယဉ်ကျေးသောဟာသ၊ အရည်အသွေးပြည့်သော
ဟာသများဖြင့် စာဖတ်ပရိသတ်များအတွက်
တင်ဆက်လိုက်ပါသည်။

# မတစ်လုံးကြေနှင့်
# ဟာသဝတ္ထုတိုများ

*

ကြပ်ကလေး

ဖြန့်ချိရေး
၄
ပိုးရောင်စာအုပ်တိုက်
အမှတ်(၂၇၁)၊ လမ်း–၄၀(အထက်)
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း–၀၉၄၃၀၆၇၈၉၆

www.burmeseclassic.com

www.burmeseclassic.com

ကြွပ်ကလေးကို ချစ်သော

ကြွပ်ကလေး၏ စာကိုခုံမင်သော

ပရိသတ် အတွက်

ကြွပ်ကလေး၏ ဟာသအမြောက်ဆုံး

ဝတ္ထုတိုများကို

စုစည်း တင်ပြထားပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# ဖြစ်သမျှကို

အိပ်ရာမှနိုးသည်နှင့်တပြိုက်နက် မနေ့ညနေက အဖြစ်အပျက်ကလေးသည် ကျော်သောင်း၏ခေါင်းတွင်းသို့ ဝင်ရောက်လာလေတော့သည်။

မနေ့ညက သူ့သူငယ်ချင်းတစ်ယောက်၏ တီးပါတီသို့ ရောက်ခဲ့စဉ် လောက်ကိုင်ပုဝါကလေးကို ကောက်ယူပြန်ပေးလိုက်ခြင်းဖြင့် ကောလိပ်ကျောင်းသူရီရီမြင့်ကို သိကျွမ်းခဲ့ရ၏။ သိကျွမ်းပြီးမကြာမြင့်မီပင် နက်ဖြန်ကာ(ယနေ့)ညနေ သုံးနာရီခွဲတွင် (မြတ်ဘဲသစ္စာ) ကြည့်ရန်ချိန်းလိုက်ခဲ့လေသည်။ တစ်နာရီလျှင် မိုင်ကိုးရာခန့် ပျံသန်းနေသော ပန်းကန်ပြားပျံခေတ်တွင် နှစ်နာရီအတွင်း လူတစ်ယောက်ကို ရုပ်ရှင်ကြည့်ရန် ချိန်းဆိုနိုင်ခြင်းမှာ မြန်သည်ဟု ဆိုလျှင် ဆိုသူသည် အနော်ရထာမင်းကြီးလက်ထက်က သန်းခေါင်စာရင်းဝင် ဖြစ်ရပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်တွင်ကား တစ်ရက်ကိုတစ်လလုပ်၊ တစ်လကို တစ်ရက်လုပ်ရသော ဝတ္ထုရေးဆရာတို့၏ ထုံးတမ်းစဉ်လာကိုလိုက်၍ ကျော်သောင်းမျက်နှာသစ်၊ နောက်ဖေးသွား၊ ကော်ဖီသောက်၊ သတင်းစာဖတ်၊ ရေချိုး၊ အဝတ်အစားလဲ၊ ရုံးသွား အလုပ်၌ အီးရောအားရောလုပ်၊ ရီရီမြင့်နှင့်တွေ့ရန်အရေး တွေးတောခြင်းတို့ကို အသေးစိတ်ဖော်ပြမနေတော့ဘဲ နေ့တစ်ဝက်ခွင့်ယူပြီး ရုံးကထွက်လာခဲ့သည်ကစ၍ အောက်၌ဖော်ပြပါတော့အံ့။

ရုံးကထွက်ခဲ့ပြီးနောက် ဆူးလေဘုရားလမ်းတစ်လျှောက် လျှောက်လာခဲ့ပြီး ဗိုလ်ချုပ်လမ်းရောက်သောအခါ ဘယ်ဘက်ကို ချိုးလျှင် သီးသန့်လက်မှတ်ကို သုံးရာကျပ်တန်းမှာယူထားလိုက်၏။ ထို့နောက် ရီရီမြင့်မှာ သုံးနာရီမှလာမည်ဖြစ်သဖြင့် ရီရီမြင့်ကို စောင့်ရင်းဆိုသလို မြို့မရုံသို့ ထွက်လာခဲ့လေသည်။

ဤသို့ထွက်လာမိခြင်းပင် သူ၏အမှားဟုခေါ်က ကျော်သောင်းခမျာ ခံရရှာပါတော့သည်။ အဘယ်ကြောင့်ဆိုသော် မြို့မရုံးရှေ့သို့ရောက်သောအခါ လူတစ်ယောက် သူ့လက်မောင်းကိုဖမ်းဆွဲလိုက်သောကြောင့်ဖြစ်သည်။ ကျော်သောင်းမှာ ထိုသူကိုမော့ကြည့်၍ ကြောင်တောင်တောင်ဖြစ်နေစဉ်၊ ထိုသူက အားရပါးရရယ်၍–

"ဟော့. . . ကျော်သောင်း၊ မင်းကဘာကြောင်နေတာလဲ၊ မင်းဦးနောက်ရောဂါ ပြန်ထပြန်ပြီလား"

ဖိုးရှာဇာအုပ်

www.burmeseclassic.com

www.burmeseclassic.com



ဟုမေးလိုက်မှ ကျော်သောင်းမှာ သူ့ရောဂါပြန်ပြီး သတိရလေသည်။ သူ့ကို ဆရာဝန်က ဝမ်းသာဝမ်းနည်းသိပ်မဖြစ်စေရန် သတိထားရမည့်အကြောင်း အလွန်အကျွံဝမ်းသာဝမ်းနည်းဖြစ်ခဲ့သော် "မယ်မန္တီ"ဟု သိုးသောင်းဘာသာဖြင့် ခေါ်ဝေါ်သော သတိတရားချွတ်ယွင်းသွားလိမ့်မည်ဖြစ်ကြောင်းများကို သတိရမိလေသည်။

"နေပါဦး ခင်ဗျား ဘယ်သူလဲဗျ"

"အောင်မယ်လေးဗျ၊ ခင်များတွေ ကျွန်တော်တွေလုပ်နေရ ပြန်ပြီလားကွ၊ ငါစိန်သန်းလေ ဟုတ်ပါပြီ၊ မင်း ရောဂါပြန်ထပါပြီ၊ တစ်နေ့က မင်းငါတို့အိမ်လာလည်တယ်လေ"

"အေးပါကွာ၊ ငါ့နံမည်ပြောရင် ငါသတိရပါပြီ၊ ဒါလောက်လည်း မဟုတ်ပါဘူးကွာ"

"တစ်နေ့က မင်းလာတော့ ငါတို့စွဲပွဲအတွက် မြင်းစိတွေရမ်းရွေးပေးတယ်မဟုတ်လား၊ အဲဒါအကုန်မှန်တယ်ဆရာ၊ ဒါကြောင့် မင်းကို ငါလိုက်ရှာနေတာ၊ ခေါက်ဆွဲကျွေးမလို့ကွ၊ အစုစပ်ထိုးလိုက်တာမို့ပေါ့၊ နို့မဟုတ်ရင် ငါတစ်ယောက်ထဲသာဆိုရင် မင်းကိုတောင် ပိုက်ဆံပေးလိုက်ဦးမယ်"

ကျော်သောင်းခမျာ ဝမ်းမသာနိုင်ရှာ စိန်သန်းက ခေါက်ဆွဲကျွေးရုံမဟုတ်ဘဲ ငွေပန်းနေလျှင် ရှိရှိမြင့်နှင့်လွဲရတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



လွဲရုံမက ရီရီမြင့်နားကပ်ရတော့မည်မဟုတ်ပါ။

"ဟာ. . . မဖြစ်သေးပါဘူးကွာ၊ ကိစ္စရှိသေးတယ်"

"ဘာကိစ္စလဲကွ၊ ခေါက်ဆွဲလေးတစ်ခွက်မှ မစားနိုင်လောက်အောင် မင်းရည်းစားသေလို့လားကွ"

"ဟ. . . ဖွဟ လွဲဟ"

"အောင်မယ်၊ မင်းရည်းစားရှိပြီထင်တယ်၊ ကျောင်းမှာ တုန်းကရိုးသယောင် ခုတော့မင်းဈာန်လျှောပြီထင်တယ်၊ ဘာဖြစ်ဖြစ်မရဘူးကွာ၊ မင်းစားရမယ်လာခဲ့"

စိန်သန်းမှာ ပြောပြောဆိုဆို ဆွဲခေါ်သွားလေရာ ကျော်သောင်းမှ ကန့်လန့်ကန့်လန့်နှင့် ပါသွားရလေသည်။ (လူကို ပလက်ဖောင်းပေါ်ချ၍ လိုမ့်သွားခြင်းမဟုတ်သော်လည်း ကန့်လန့်ကန့်လန့်နှင့် ပါသွားသည်မှာ အမှန်ပင်ဖြစ်ပါသည်။)

"ဟော့ ကျွေးရင်လည်း တခြားဟာကျွေးကွာ၊ ခေါက်ဆွဲမစားချင်ဘူး"

"အောင်မယ်၊ မင်းသတိပျက်သွားပြီလား။ မင်းခေါက်ဆွဲသိပ်ကြိုက်တယ်လေ လာခဲ့ပါ"

ကျော်သောင်းမှာ ဤမျှလောက်သော သတိမပျက်သေးပါ။ သို့သော် ခေါက်ဆွဲမှာ အချိန်ကြာလွန်းသဖြင့် အချိန်မကြာသော အစားအစာကို စားလို၍သာ ဖြစ်ပါသည်။ သို့ရာတွင် စိန်သန်းမှာ



www.burmeseclassic.com

www.burmeseclassic.com



ခေါက်ဆွဲဆိုင်ထဲသို့ အတင်းဝင်၍ ခေါက်ဆွဲကြော်နှစ်ခွက်ကိုမှာပြီး ဖြစ်နေလေရာကား၊ ကျော်သောင်းမှာစကားပင် မရှည်နိုင်တော့ပေ။ သို့သော် တရုတ်ဘက်လှည့်၍ ပြောလိုက်သေး၏။

"ဟေ့. . . ပေါက်ဖော်၊ မကျက်ချင်နေပါစေ၊ မြန်မြန်လုပ်ပါ"

တရုတ်မှာ သူ့ကိုမျက်လုံးပြူး၍ကြည့်ရင်း –

"ဆရာကီး၊ ကယုတ်တို့ဆိုင်က ကောင်းကောင်းမှ ကယော်တယ်၊ ဘီတော့မှ မကယက်တာ မဖိဘူး"

ကျော်သောင်းမှာ တရုတ်ကိုစကားပြန်ပြောမနေတော့ပါ။ ရှုံ့ရှုံ့သာ ရှုံ့ပြလိုက်မိတော့သည်။ သူမျက်နှာရှုံ့ပြလိုက်ခြင်းနှင့်တစ်ပြိုင်နက် စိန်သန်းမှာ သူ့ကိုစေ့စေ့ကြည့်ရင်း ဦးခေါင်းကိုကိုင်ရင်း. . .

"သူငယ်ချင်း သတိကောင်းကောင်းထားနော်"

ဟု ချော့ချော့မော့မော့ပြောလိုက်ရာ ကျော်သောင်းမှာ စိတ်ရှုပ်သထက် ရှုပ်လာသဖြင့် . . .

"ဘာ သတိ" ဟု ဒေါပွပွနှင့်အော်မေးလိုက်ရာ ပလက်ဖောင်းပေါ်မှ လျှောက်လာသော ရဲဘော်ဟောင်းလေးယောက်မှာ "ဂွပ်" ကနဲမြည်သံဖြင့် စုရပ်လိုက်ကြလေ၏။ ထိုနောက်မှ သူတို့အချင်းချင်း သွားဖြဲပြကာ ကျော်သောင်းကို တစ်ချက်လှည့်ကြည့်ပြီး ထွက်သွားကြလေ၏။

စိန်သန်းမှာ ပြောရင်းဆိုရင်းကပင် ကျော်သောင်းဖောက်



www.burmeseclassic.com

www.burmeseclassic.com



ပြန်လာသည်ဟုထင်သဖြင့် ဘာမျှမပြောဘဲ နေလိုက်တော့မှ ကျော်သောင်းလည်း ငြိမ်သွားကာ လက်ပတ်နာရီကို ငုံ့ကြည့်လိုက်လေသည်။

"တစ်နာရီခွဲ"

ကျော်သောင်းသည် သက်ပြင်းချလိုက်ပြီး ဒယ်အိုးထဲကို အဖုံးဖြင့် အုပ်လိုက်သော ပေါက်ဖော်ကြီးကို လှမ်းကြည့်လိုက်လေသည်။ သို့သော် သူ့စိတ်မှ ရီရီမြင့်ဆီကို အလွန်အမင်းစိတ်စောနေရာကား၊ တရုတ်ကြီးလုပ်သမျှကို ကြာသည်ဟုထင်မှတ်ကာ မျက်စေ့ မျှား ပြူးထွက်သည့်တိုင်အောင် စိုက်ကြည့်နေမိလေသည်။ ထိုသို့ ကြည့်နေလေ၊ စိတ်ကပိုစောလာလေလေဖြစ်သဖြင့် ထိုင်နေရာမှ ရုတ်တရက် တရုတ်ကြီးနားသို့သွားကာ ဘာမပြော ဘာမပြောနှင့် တရုတ်ကြီး၏ လက်ထဲမှ သံယောင်းမကြီးကိုဆွဲယူလိုက်ကာ ဖတ်ကနဲ ဒယ်အိုးအဖုံးကို အပြီးခတ်၍ အနီးရှိ ပန်းကန်ပြားထဲသို့ ထည့်လိုက်လေ၏။

တရုတ်ကြီးမှာ ပထမခဏ ကြောင်ကြည့်နေပြီးမှ သတိရလာကာ။

"ဆရာကီး ဒါခေါက်ဆွဲမဟုတ်ဘူး။ ထမင်းကယော်လွှဲ ဟိုဘက်က ဆရာကီးဘို့"

ဤတွင် ကျော်သောင်းမှာ ပန်းကန်ပြားထဲသို့ငုံ့ကြည့်ရာ ထမင်းကြော်တွေဖြစ်နေသည်ကို တွေ့ပြီး ဒေါကြီးမောကြီးနှင့်



www.burmeseclassic.com

www.burmeseclassic.com



ပြန်ထွက်လာပြီး ငေးကြည့်နေသော စိန်သန်းကို –

"ဟော့ကောင် ငါမစားတော့ဘူး။ ကိစ္စရှိပါတယ်ဆိုမှဘဲ"

"မင်းကိစ္စက ဘယ်အချိန်လဲ"

"သုံးနာရီမဟုတ်ဘူး၊ နှစ်ရာခွဲမဟုတ်ဘူး၊ နှစ်နာရီ"

ကျော်သောင်းမှာ ပထမအမှန်ပြောလိုက်ပြီး နောက်မှ မသွားရမှာစိုးသဖြင့် ရှေ့ကိုရွှေ့ရွှေ့ပြောလိုက်ခြင်းဖြစ်လေရာ စိန်သန်းမှာ

"ဟာ ငါဘယ်ဟာကို ယုံရမှာလည်း၊ နှစ်နာရီပဲထားပါအုံးကွာ၊ မှီပါတယ်၊ မမှီရင်ထသွား။ ငါစိတ်ကောင်းအောင်တော့ စားသွားပါအုံး"

ဟု စေတနာကောင်းကောင်းနှင့် ချော့နေပြန်ရာ ကျော်သောင်းမှာ ဟင်းခန်း သက်ပြင်းချပြီး ထိုင်လိုက်ရပြန်သည်။

ခဏအကြာတွင် ခေါက်ဆွဲကြော်များလည်း ရောက်ရှိလာလေသည်။ ကျော်သောင်းသည် စားချင်စောနှင့်ဟင်းချိုကို ပန်းကန်ပြားထဲ ငံပြာရည်ထည့်နေရာ စိန်သန်းက –

"ဟော့ကောင် ဘယ့်နှယ် ဟင်းချိုထဲကို ရှာလကာရည်တွေ ထည့်နေရတာလဲကွ"ဟု အလန့်တကြား ပြောလိုက်ရာ ကျော်သောင်းမှ ငုံ့ကြည့်ပြီး

"ဟာ ဒုက္ခပါပဲ"

ဟု ညည်းလိုက်လေ၏။ မလှမ်းမကမ်းမှ ထိုင်ကြည့်နေသော ဆိုင်ရှင်တရုတ်ကြီးသည် ကျော်သောင်းကို မှုးလာသူတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



[illegible]

အရွက်နှင့်ဝင် ဟင်းချိုတစ်ပန်းကန်ထပ်ထည့် ပေးလိုက်ရလေသည်။

ကျော်သောင်းလည်း ကမန်းကတန်း ခေါက်ဆွဲထွေးကြီးကို ပါးစပ်ထဲ ထိုးထည့်လိုက်ရာ ပူလောင်လွန်းသဖြင့် ထွပ်ခနဲထွေးချလိုက်ရ၏။ ထွေးပစ်လိုက် ခေါက်ဆွဲထွေးကြီးကား သူ၏အသစ်စက်စက်ဘန်ကောက်လုံခြည်ပေါ်တွင် ကျရောက်နေလေတော့သည်။

"ဟာ ဒါမှ နောက်ဒုက္ခတစ်ခု"

စိန်သန်းမှာ ညည်းတွားနေသော ကျော်သောင်းကို သနားသလိုတစ်ချက်ကြည့်လိုက်ပြီး. . .

"ကဲကွာ ငါ့လုံချည်လဲသွား၊ ပြီးအောင်တော့ စားလိုက်ပါအုံး"

ဟု ပြောလိုက်မှ ကျော်သောင်းသည် ခေါက်ဆွဲကိုနှစ်လုပ်သုံးလုပ် (သေသေချာချာရေတွက်ကြည့်လျှင်တော့ ဤမျှမကပါ။ စကားအဖြစ်ပြောရခြင်းဖြစ်ပါသည်) လောက်စား၍ "ကဲ ပြီးပြီကွာ"ဟု ဆိုလိုက်လေ၏။

စိန်သန်းလည်း ဆိုင်အတွင်းခန်းသို့ဝင်ကာ ကျော်သောင်းနှင့် လုံခြည်လဲလိုက်ရလေသည်။

ဘန်ကောက်လုံခြည်နှင့် စမတ်ကျကျလာသော ကျော်သောင်းမှာ ယခုအချိန်တွင် မြောက်ပြင်လုံချည်လေးနှင့်ပင် ရောင့်ရဲလိုက်ရလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



" ၁ နာရီနှင့် မိနစ် ၅၀"

ကျော်သောင်းလည်း ရုပ်ရှင်ရုံဘက်သို့ ပြန်ထွက်လာခဲ့ပြီး မြို့မရုံအလွန် ရာဇ်ရုံဒေါင့်လောက်ရောက်သောအခါတွင် တစ်ယောက်က ပခုံးပုတ်လိုက်သဖြင့် မျက်လုံးပြူးကြီးနှင့် ကြည့်လိုက်လေသည်။

"ဟ ကျော်သောင်း"

"မင်းဘယ်သူလဲ"

"အောင်မာ အခုမင်းတွေဘာတွေနဲ့၊ ငါကဲ မင်းဦးလေးရဲ့ သူငယ်ချင်းကွ"

သူပြောမှ ကျော်သောင်း သေသေချာချာကြည့်မိ၏။ ပခုံး လာပုတ်သူမှာ ဦးလေး၏ သူငယ်ချင်း ဦးမိုးဖြစ်လေသည်။

"ဟာ ဦးလေးမိုးပါလား"

"ဦးလေးမိုးတွေ ဘာတွေလုပ်မနေနဲ့၊ ငါ့ကို ကာဖီတိုက်စမ်း"

ဦးမိုးသည် ဤကဲ့သို့တွေ့တိုင်း ကာဖီတိုက်ခိုင်း၏။ ခါတိုင်း ဆိုလျှင် ကျော်သောင်းသည် ကော်ဖီတိုက်လိုက်သည်ချည်းပင် ဖြစ်၏။ ယနေ့အဖို့မူ ရီရီမြင့်နှင့် လုံးဝမလွဲလိုသဖြင့် ကော်ဖီ တိုက်ရန် ဝန်လေးနေမိသည်။

"မင်းကလည်း ငါ့ကိုကော်ဖီမတိုက်ချင်ဘူးလား"

သူ့ကို ကော်ဖီမတိုက်ပြန်ရင်လည်း "ကောင်ကလေးက မိုး တယ်"ဟု သူ့ဦးလေးကို ပြန်ပြောလျှင် ဦးလေး၏ မျက်စိတွင်နေရသော



www.burmeseclassic.com

www.burmeseclassic.com



ကျော်သောင်းအဖို့ ဦးလေး၏အငြိုးအငြင်ကို ခံချေတော့မည်။ ကော်ဖီ တိုက်နေပြန်ကလည်း သူက ဘုန်းကြီးလူထွက်ပီပီ အလိုက်မသိ ဘဲ လေရှည်နေပါက ရိရိမြင့်နှင့် လွဲရပြန်မည်။ ကျော်သောင်း စိတ်လေးစွာနှင့် နာရီကိုကြည့်မိသည်။

"နှစ်နာရီထိုးတော့မည်"

"ကျွန်တော့်မှာကိစ္စလေးရှိသေးတယ် ဦးလေးမိုးရာ"

"ဘာကိစ္စလဲကွ"

ကျော်သောင်း မျက်လုံးပြူးသွားမိတော့သည်။ ကိစ္စကိုပြော မှသာ ဆိုးသွားမည်။ မိန်းကလေးတစ်ယောက်ကို ဘိုင်စကုတ်ပြ ပြီး သူကိုတော့ ကော်ဖီလေးတစ်ခွက်မှ မတိုက်နိုင်ရန်ကောဟု ဆိုချေတော့မည်။

"ဘိုင် . . . ဘိုင် အဲလေ၊ ဘိုင်ကလည်း ကျနေတယ် ဦးလေး မိုးရဲ့"

"ကော်ဖီလေးတစ်ခွက်စာမှ မရှိဘူးလား မှန်းစမ်း"

အိတ်ကိုစမ်းရန်လာသော ဦးမိုး၏လက်ကို လွှဲဖယ်ချလိုက်ရင်း က ကျော်သောင်းသည် -

"ကေန္တ ကော်ဖီတစ်ခွက်ဖိုးတော့ ရှိတာပေါ့၊ တစ်ခွက်ဖိုးပဲ ရှိလို့ ခက်တာပေါ့၊ ဦးလေးမိုးပိုက်ဆံယူပြီး ဦးလေးမိုးဘာသာ ဦးလေးမိုး သွားသောက်မလား"

"ဖွတ်ထရီ ရှက်စရာကြီး၊ မင်းငါ့ကို ကလေးမှတ်နေပို့ မုန့်



www.burmeseclassic.com

www.burmeseclassic.com



ဘိုးပေးလွှတ်ရသလား''

မတတ်နိုင်တော့ပေ၊ ကျော်သောင်းလိုက်သွားရရှာပြန်သည်။ လက်ဖက်ရည်ဆိုင်သို့ ရောက်သွားသောအခါ သူ့စကားနှင့်ညီစေရန် ဦးမိုးကို ကော်ဖီတစ်ခွက် မှာတိုက်၍ သူကမူ ဘာမှမသောက်ဘဲ ထိုင်ကြည့်နေရတော့သည်။ အမှန်မှာ သူသောက်လည်း မသောက်ချင်ပါ။ သူ့စိတ်သည် ရိရိမြင့်ထံသို့ စောနေလေတော့သည်။

ကော်ဖီတစ်ချို့လောက်သောက်ပြီး ဦးမိုးသည် ရယ်လိုက်ရင်း ကျော်သောင်းကို ခေါ်လိုက်၏။

''ဟီ. . . ဟီ. . . ဟီ ကျော်သောင်း''

''ရှိနေတဲ့အကြောင်းက ဘာလဲဦးလေးမိုးရဲ့''

ကျော်သောင်းမှာ စိတ်ကျူးယဉ်ကိုဖြတ်၍ စကားကို အတော်လျှော့ချလိုက်ရသည်။

''ဟီ. . . ဟီ၊ မင်း ဒီလောက်လောတဲ့အကောင်၊ သိစေရမယ်''

ပြောရင်းဆိုရင်းပင် ဦးမိုးသည်အိတ်ထဲမှ စာရွက်ကလေးကို ထုတ်၍ ဖြန့်လိုက်ပြီး ကျော်သောင်းရှေ့တွင်ချရင်း မီးခြစ်ဆံကလေး တစ်ချောင်းကိုပါပေးကာ. . .

''ဒါဟာ ငါကိုယ်တိုင်လုပ်ထားတာ သွားစမ်း''

ဟု ပြောလိုက်သဖြင့် ကျော်သောင်းမှာ သေသေချာချာကြည့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရာ ဝင်္ဂဘာဖြစ်နေလေ၏။ သေသေချာချာကြည့်လိုက်ရာ ဝင်္ဂဘာဖြစ်နေလေ၏။ စိတ်ထဲကလည်းပျက်၊ ကြောက်ကလည်း ကြောက်နှင့် ကျော်သောင်းမှာ မီးခြစ်ဆံကလေးကိုဆွဲကာ ရှောက် တောက်ရင်း ဝင်္ဂဘာသွားရ၏။ လမ်းပိတ်နေသောအခါတွင် ဦးမိုး ကြီးမှာ

"ဟား. . . ဟား. . . ဟားနှင့် ဖင်ဆောင့်ရယ်လေရာ လူ တွေအုံလာပြီး မျောက်ပွဲလိုလို မျက်လှည့်ပွဲလိုလိုဖြစ်နေလေ၏။ ကျော်သောင်းမှာ စိတ်ညစ်ညစ်နှင့် စွတ်တင်လေရာ ကံအားလျော် စွာပင် ထွက်ပေါက်ကို စွတ်စွတ်ရွှတ်ရွှတ်ရောက်သွားလေ၏။

"ကဲ နောက်တစ်ခါသွားအုံး"

"ဟာ မသွားဘူး၊ မသွားဘူး။

" သွားမယ် သွားမယ်"

"ဘာဖြစ်တာလဲ၊ သွားရင်ယူလေ မီးခြစ်ဆံကို"

"မဟုတ်ဘူး၊ မသွားတော့ဘူး၊ သွားတော့မယ်"

"ခွေးသား ရူးပြီ"

"မရူးဘူး၊ ဒါမသွားဘူး၊ ကျွန်တော်သွားတော့မယ်"

"သွားရင် မင်းဦးလေးကို တိုင်မှာပေါ့"

ကျော်သောင်းသည် ကော်ဖီဘိုး ထုတ်ပေးပြီး–

"တိုင်ချင်ရာတိုင်၊ တိုင်တစ်လုံးသုံးမတ်၊ မဝယ်နိုင် နှင့်ပါး ငါချ"ဟု စိတ်နောက်နောက်ရှိသည်နှင့် ကလေးအော် အော်ကာ



www.burmeseclassic.com

www.burmeseclassic.com



ထွက်ပြေးလေရာ ဝိုင်းကြည့်နေသောလူများမှာ (ဖီး)ကနဲ ရယ်လိုက်ကြလေ၏။

သုံးနာရီထိုးရန် ငါးမိနစ်မျှသာ လိုတော့သည်။

ကျော်သောင်းသည် ဆူးလေလမ်းမကြီးကို ကူးမည်ပြုသော အခါ မော်တော်ကားများ ရှုပ်ထွေးနေသဖြင့် ကူးရန်အခွင့်ကိုမရသေးပေ။ ထိုအချိန် လက်ဖက်ရည်ဆိုင်တွင် ကျန်ရစ်ခဲ့သော ဦးမိုးမှာ ကျော်သောင်းဘာကြောင့် ဒီလောက်လောနေသနည်းဟု တွေးတောရင်း ကျော်သောင်းကို ရယ်ချင်သလိုလိုဖြစ်နေ၏။ ဦးမိုး၏ ဝါသနာမှာ တစ်ယောက်ယောက်လောလျှင် ကိုးလို့ကန့်လန့်လုပ်ရလျှင် ပျော်တတ်သောဝါသနာရှိ၏။ ထိုစဉ်ပင် စားပွဲပေါ်၌ မေ့ကျန်ရစ်ခဲ့သော ပိုက်ဆံအိတ်ကိုမြင်သောအခါ စိတ်ကူးတစ်မျိုး ပေါက်လာပြီး ဖက်ကနဲကောက်ယူကာ ကျော်သောင်းနောက်သို့ ကပျာကရာ ထွက်လာခဲ့လေ၏။

ကျော်သောင်းကို ဆူးလေဘုရားလမ်း မကူးမီ မှီလာသဖြင့်–

"ဟေ့ ကျော်သောင်း၊ ဒီမှာကြည့်စမ်း မင်းပိုက်ဆံအိတ်"

ဟုပြောလိုက်ရာ ကျော်သောင်းမှာ ငုံ့ကြည့်ပြီး ပိုက်ဆံအိတ်ထဲတွင် ရုပ်ရှင်လက်မှတ်ပါနေကြောင်း တွေးမိသည်တွင် မျက်လုံးပြူးသွား၏။

"ဟာ ဦးလေးမိုး လာပေးတာ ကျေးဇူးတင်ပါတယ်"

"အံမယ် ဘာရမလဲ၊ မငိုပိုက်ဆံအိတ်လိုချင်ရင် ငါမေး



www.burmeseclassic.com

www.burmeseclassic.com



တဲ့ပုစ္ဆာလေးငါးခုကို ဖြေရမယ်''

''ဟာ လုပ်မနေပါနဲ့ ဦးလေးမိုးရယ်''

''ဘာရမလဲ စောစောက မင်းငါ့ကို မဝယ်နိုင်နင့်ပါးငါချ တွေ ဘာတွေလုပ်သွားတယ်၊ ဖြေမှပေးမယ်၊ မများပါဘူးကွာ၊ ပုစ္ဆာက ငါးခုပါ''

ငကျော်သောင်မှာ ရီရီမြင့်ထံသို့လည်း စိတ်စောလှ၏။ မဖြေ လျှင်လဲည်း ပိုက်ဆံအိတ်ရမည်ဖြစ်သောကြောင့် နောက်ဆုံးတွင် စိတ်ကိုလျှော့လိုက်ပြီး. . .

''ကဲ မေးရင်လည်း မြန်မြန် မေးစမ်းပါ ဦးလေးမိုးရာ''

ဟု လေပျော့ကလေးနှင့် ပြောလိုက်ရာ ဦးလေးမိုးမှာ ရယ်၍

''၁၄ပိုင်း ၄ပိုင်းနဲ့ ၁၈ပိုင်း ၅ပိုင်းဟာ ဘယ်ဒင်းကကြီးသလဲ''

ကျော်သောင်းမှာ ကျောင်းကထွက်ခဲ့သောစိတ်မှန်းနှင့် ကမန်း ကတန်း ထွက်ရလေ၏။

''၁၄ပိုင်း ၄ပိုင်းက ကြီးတာပေါ့''

''မှန်ပြီ နောက်တစ်ခုမေးမယ်၊ ငါ့အခုပြောမှာက ဗမာစကားပုံ တစ်ခုကို ကမောက်ကမစီထားတဲ့ ဝါကျပဲ၊ အဲဒီကနေပြီး မင်း စကားပုံတစ်ခုကို ပြန်ထုတ်ရမယ်။ လူဆွဲလို့နွားတွင် ကျားပါသည်''

ကျော်သောင်းမှာ ဤပုစ္ဆာကို ခဏချင်းနှင့်ဖြေလိုက်နိုင်၏။

''လူတွင်ပါလို့ နွားကျားဆွဲသည်''

''တော်သားပဲ၊ ကဲ ဒီမှာနောက်တစ်ခု၊ လူတစ်ယောက်ဟာ



www.burmeseclassic.com

www.burmeseclassic.com



အရက်တစ်ခါသောက်ရင် ၂ခွက်သောက်တယ်။ အဲဒီလူဟာ ၆ခါ သောက်ရင်မူးရော၊ နောက်လူတစ်ယောက်ကတော့ တစ်ခါ သောက်ရင် အရက်တစ်ခွက်မှာ ရေတဝက်ရောသောက်တယ်။ အဲဒီလူကတော့ ၁၀ခါသောက်မှ မူးတယ်။ ပထမလူမှာ အရက် ၁၄ခွက်၊ နောက်လူမှာ အရက်သုံးခွက်ရှိရင် ဘယ်လိုလုပ်ပြီး မူးအောင်သောက်ကြမလဲ''

ပထမလူက ၆ခါသောက်ရင် မူးတယ်ဆိုတော့ တစ်နည်းအား ဖြင့် ၁၂ခွက်သောက်ရင် မူးတာပေါ့၊ ဒီတော့ သူ့မှာ အရက် ၁၄ခွက်ရှိတဲ့အနက်မှာ ၁၂ခွက်သောက်ပြီးကတည်းက သူလည်း မူးနေပြီ။ နောက်လူကတော့ တစ်ခါသောက်ရင် အရက်တဝက် ပဲပါတယ်၊ ဒီတော့ သူ ၁၀ခါသောက်ရင် ၅ခွက်သောက်တယ် ဆိုလိုတာဘဲ။ ဒီတော့ သူ့မှာရှိတဲ့အရက် ၃ခွက်ကိုသောက်တဲ့ အပြင် အခုနလူဆီကပိုတဲ့ ၂ခွက်ပါထပ်သောက်မှ သူမူးပြီးလဲနေ ရော''

''အလို့ တယ်တော်ပါလားကွ၊ ကဲ ဒီမှာ စတုတ္ထပုစ္ဆာ၊ ငါအခုရွတ်တဲ့ ဝါကျထဲမှာ အားလုံးတစ်မျိုးတစ်စားတည်းဖြစ်ရ မဲ့အစား တစ်ခုခုဟာ အစီအစဉ်ပျက်နေတယ်။ အဲဒါဘာလဲဆို တာ ပြောရမယ်။ သုံးပန်လှ၊ ဆောင်တော်ကူး၊ လှနှင်းကြင်၊ တာတိုင်းမွှေး၊ စကားဝါ''



www.burmeseclassic.com

www.burmeseclassic.com



ကျော်သောင်း ခေါင်းရှုပ်သွားလေသည်။

"ပြန်ရွတ်ပါဦး ဦးရဲ့"

"သုံးပန်လှ၊ ဆောင်တော်ကူး၊ လွန်းကြင်၊ တဝိုင်းမွှေး၊ စကားဝါ"

"လွန်းကြင်က ထူးခြားတယ်"

"ဘာဖြစ်လို့လဲ"

"ပန်းတွေကြားထဲမှာ ငှက်နာမယ်မို့လို့"

"မှန်တယ်၊ ကဲ နောက်ဆုံးတစ်ခုမေးတော့မယ်၊ ဦးလေး အဘိုးရဲ့သားနဲ့ အဒေါ်ဦးလေးရဲ့အဖေဟာ ဘာတော်သလဲ"

"ဟာ. . . ရှုပ်လိုက်တာ၊ ဘာဖြစ်တယ် ဦးလေးရဲ့သားရဲ့ အဘိုးနဲ့"

"ဘယ်က ဟုတ်ရမှာလဲ၊ ဦးလေးရဲ့အဘိုးရဲ့သားနဲ့ အဒေါ်ရဲ့ ဦးလေးရဲ့ အဖေဟာ ဘာတော်လဲ"

"ဘာတော်တော်ဗျာ၊ ကျွန်တော့်အပူမပါဘူး"

"ဘယ့်နှယ့်မပါရမှာလဲ၊ ဖြေမှ ပိုက်ဆံအိတ်ရမှာပဲ"

"ကဲ မယားညီအစ်ကိုတော်တယ်ဗျာ"

ကျော်သောင်းမှာ ထင်ရာစွတ်ဖြေလိုက်ခြင်းဖြစ်၏။

"မဟုတ်ဘူး ဦးလေးနဲ့၊ အဒေါ်နဲ့ဟာ မောင်နှမမို့ ဦးလေး အဖိုးရဲ့သားဟာ အဒေါ်ရဲ့ဦးလေးရဲ့အဖေနဲ့သားအဖတော်တယ်၊ မင်း မယုံရင် သေသေချာချာစဉ်းစားကြည့်လေ၊ ဦးလေးနဲ့ အဖေ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ အခေါ်ရဲ့ ဦးလေးဟာ ညီအစ်ကိုကွ''

''ဟာ ကျွန်တော်ရှုံးတော့မယ်၊ ပိုက်ဆံအိတ်ပေးပါတော့''

''မင်းမှ မဖြေနိုင်ဘဲ''

''ဟင် ဦးလေးမိုးပြောတုန်းက ပုစ္ဆာငါးခုဖြေရင်ပြန်ပေးဆို၊ ကျွန်တော်ဖြေတော့ ဖြေသားပဲ၊ မှားတယ်မှန်တယ်က ဦးလေးမိုး ပြောတုန်းက မပါဘူး''

ဦးမိုးလည်း ခေါင်းကို တဆတ်ဆတ်ညိတ်လိုက်ပြီးပြုံး၍

''အေး မပါပေဘူးကိုးကွ၊ ယူတော့ပေါ့''

ဟုဆို၍ ပိုက်ဆံအိတ်ကို ပြန်ပေးလိုက်၏။ ကျော်သောင်း လည်း ပိုက်ဆံအိတ်ကိုပြန်ရလျှင်ရခြင်း လမ်းကိုဖြတ်ကူး၍ သွင်ရုံ အောက်ဖက်သို့ ထွက်လာခဲ့လေ၏။

၃ နာရီနှင့် ၅ မိနစ်ရှိပြီ။

သွင်ရုံအောက်တွင် လူတွေကြပ်နေလေပြီ။ ဤမျှလောက် လူအုပ်ထဲတွင် ကျော်သောင်းခမျာ ရီရီမြင့်ကို ရှာမတွေ့နိုင်ပါ။ သို့ထက် ပိုက်ဆံအိတ်ထဲက လက်မှတ်ကို သေချာအောင်လိုက် ကြည့်လိုက်မှ မျက်လုံးပြူးသွားမိတော့၏။

သည် ကာလ်တန် သီ ယေးတား။

လက်မှတ်ပေါ်က စာကြောင်းကလေးသည် သူ့ကိုခနဲ့ရော် နေတော့၏။

စောလွန်းလှသဖြင့် ရုံလွဲကာ လက်မှတ်ယူမိချေပြီ။ ချက်ခြင်း



www.burmeseclassic.com

www.burmeseclassic.com



ပင် ကာလ်တန်ရုံသို့လာ၍ လက်မှတ်ရောင်းသူနှင့် စကားဆို တော့၏။

"ခင်ဗျား စောင့်နေလေ၊ ဝယ်တဲ့သူလာရင် ကျွန်တော်ရောင်း ပေးမယ်" ကျော်သောင်းက ခေါင်းကိုသာ အတွင်ခါနေ၏။

"ဟာ မစောင့်နိုင်ဘူးဗျာ၊ ပိုက်ဆံလျှော့လဲနိုင်လဲပေးပါ"

"ကဲလေ. . . ကျွန်တော်ပဲ ဝယ်ထားလိုက်မယ်၊ ခင်ဗျား ဘယ်လောက်လျှော့နိုင်မလဲ"

"တစ်စောင်ကို တစ်ကျပ်စီ လျှော့ဗျာ"

ပိုက်ဆံပြန်လျှော့အမ်းလိုက်ပြီးနောက်၊ ကျော်သောင်းလည်း သွင်ရုံဘက်ကူးခဲ့လေ၏။ သွင်ရုံတွင်ကား သုံးရာကျပ်တန်းပြည့် သွားလေပြီ။ "ဟယ် မထူးတော့ပါဘူး"ဟုတွေးကာ လေးရာကျပ် တန်းမှ လက်မှတ်ယူရလေတော့၏။ ယူပြီးရုံရှေ့တွင် ရီရီမြင့်ကို ရှာသည်။ ရှာမတွေ့သဖြင့် မော်တော်ကားလမ်းစပ် ပိုစတာ မကပ် ထားသော တိုင်ဘေးတွင် ရပ်နေမိတော့သည်။

ကျော်သောင်း၏ လည်တိုင်ကား မီးသတ်မျှော်စင်ကြီးနှင့် ပြိုင်နေတော့၏။

"ဒီကောင်မလေးတော့ ငါ့ကို အရူးလုပ်သွားပြီထင်တယ်။ ကောလိပ်ကျောင်းသူဆိုတော့ ဟိုကရုပ်ရှင်ခေါ်၊ သည်ကပျော်ပွဲ စားခေါ်နဲ့ ငါ့ကိုမေ့နေရောပေါ့၊ ငါ သက်သက်အရူးလုပ်ခံရတာပဲ"

ကျော်သောင်းမှာတွေးရင်း ဒေါပွလာလေ၏။ ရီရီမြင့်ကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



စိတ်နာသလိုလိုဖြစ်လာလေ၏။ ထို့ကြောင့်ပင် ဟိုဟိုသည်သည် ကြည့်ရာ ဟိုဘက်တိုင်နားတွင် မိန်းကလေးတစ်ယောက်နှင့်တွေ့လေသည်။ အဝတ်အစားကိုးရိုကားယားနှင့် ယဉ်သူဏာလေးပင်တည်း။ ကျော်သောင်း၏စိတ်၌ ရီရီမြင့်လောက်မလှသော်လည်း ပိုးပျော်ပန်းပျော်ရှိသည်ဟု တွေးမိကာ စိုက်ကြည့်နေရာ ကောင်မလေးသည် မျက်နှာစူ၍ လှည့်သွား၏။ ကျော်သောင်းသွားချော့ချင်လှသည်။ သို့သော် ရီရီမြင့်ကိုကား လုံးဝလက်မလွှတ်နိုင်သေး။

သုံးနာရီနှင့် မိနစ် (၂၀) ရှိပြီ။

"ရီရီမြင့် လာတော့မှာမဟုတ်ပါဘူး။ ဟို ယဉ်စစကလေးကို သွားချော့ပြီး ရုပ်ရှင်ကြည့်ရတာကမှ ဟန်ကျအုံးမယ်။ နောက်တို ရီရီမြင့်နဲ့တွေ့ရင်လည်း ငါ့အပြစ်မှမဟုတ်ဘဲ၊ ဘာအရေးလဲ၊ ငါဟာ ချိန်းထားတဲ့အချိန်ထက် မိနစ် ၂၀ကျော်အောင် စောင့်နေသေးတာပဲ"

ကျော်သောင်း အမျိုးမျိုးစိတ်ယောက်ယက်ခတ်နေ၏။ ရုံရှေ့တွင် လူများရှင်းသွားပေပြီ။ ရုံထဲသို့ဝင်သွားကြပေပြီ။ ကျော်သောင်းသည် နောက်ဆုံး၌ အချိန်မဖြုန်းလိုတော့ဟု ကြံစည်ကာ ဆုံးဖြတ်ပြီးသား ခြေလှမ်းများဖြင့် ယဉ်စစ မလေးနားသို့ [illegible] ချဉ်းကပ်သွားလေတော့သည်။

မိန်းကလေးသည် သူ့ကိုကြည့်၍ အားရပါးရပြုံးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကျော်ခေသာင်းဟာ တော်တော်ကြောင်တာပဲ၊ အစောကြီး ထဲကရောက်နေတာကို၊ ဘာလုပ်နေမှန်းမသိဘူး၊ မျက်စိမှုန်နေ နေသလား"

ဤတွင်မှ ကျော်သောင်းသည် အံ့အားသင့်၍ နုတ်မှနာမည် ကလေးကို လွှတ်ဆိုလိုက်မိတော့၏။

"ဟင် ရီရီမြင့်"

အော် . . . ဖြစ်မျှကို လှစ်ဟကာ မဆိုချင်ဘူး၊ သတိပျက်တာ နဲ့ တူပါရဲ့ဗျာ။

(အထက်ပါဝတ္ထုတိုကလေးကို "လန်ဒန်အိုပီညွန့်"မဂ္ဂဇင်းမှ နာမည်မမှတ်မိတော့သော ဝတ္ထုတစ်ပုဒ်ကိုမှီး၍ ရေးပါသည်။)

www.burmeseclassic.com

www.burmeseclassic.com

# ယှရီကျော်ခင်

(ဤဝတ္ထုတိုကလေးသည် မည်သူနှင့်မျှ မသက်ဆိုင်ပါ)

ဂျပ်(၁)ဆင်ကောလိပ်အလယ်ထပ်တွင် အိမ်သာဘက်သို့ လျှောက်ရင်း ကျော်ခင်သည် ဆရာပြောသမျှကိုနက်နဲစွာ စဉ်းစားလာ၏။ နဂိုကပုဂံခေတ်(ဝါ)ကျောက်ခေတ်ကို အလွန်အထင်သေး ခဲ့၏။ သို့သော် ဝိဇ္ဇာတန်းရောက်ခါမှ ကျောက်စာကို သင်ရသည် တွင် ကျော်ခင်မှာများစွာ ကျေနပ်သွားလေတော့သည်။ ကျောက်စာ ကိုအနှစ်သက်ကြီး နှစ်သက်မိ၏။ ရေးကထိုးခဲ့သော ကျောက်စာ များကို ဖတ်ရုံနှင့် မတင်းတိမ်နိုင်တော့ဘဲ ကိုယ်တိုင်ရေးခေတ် ကျောက်စာထိုးနည်းအတိုင်း ကျောက်စာထိုးချင်လာလေသည်။

ဆရာသင်ကြားသည်မှာ တစ်ချက်ရှိသေး၏။

ပုဂံခေတ်ကျောက်စာအစများတွင်ရှိသော "ယှရီ"မှာ တစ်လုံး ထဲနှင့် အဓိပ္ပါယ်များစွာ ရောက်သောဟူ၏။



www.burmeseclassic.com

www.burmeseclassic.com



"ယုရီ"ကိုရေးသောအခါ ဂ-ငယ်တွင် အလယ်က အစက်ကလေးထည့်၍ ရရစ်ကာလုံးကြီးတင် ဆန်ခတ်နှင့် ရုတ်တရက်ဖက်လိုက်သော "ဂြိ"ဟု ဖတ်မိဘွယ်ရာရှိသည်။ "ယုရီ"မှာ သင်္ချိုင်းစကားဖြစ်၍ ကျက်သရေမင်္ဂလာအပေါင်းနှင့်ပြည့်စုံအောင် မြင်ပါစေသတည်း"ဟူ၏။ ထို့ကြောင့်ပင် ဆရာက ကျောင်းသားများအား အချင်းချင်းနှုတ်ဆက်လျှင် "ယုရီ"နှုတ်ဆက်သင့်ကြောင်းနှင့် ဩဝါဒပေးလိုက်၏။ ကျော်ခင်ကလည်း လှိုင်လှိုက်လှဲလှဲနှင့် စိတ်ထဲက ထောက်ခံမိသည်။ ယဉ်ကျေးမှုကို အဆင့်အတန်းမြင့်စေရန် အချင်းချင်း"ယုရီ"ဟု နှုတ်ဆက်သင့်သည်ဟု မှတ်ချက်ချ၏။

ဤသို့တွေးရင်း ကျော်ခင်မှာ အိမ်သာဝသို့ ရောက်သဖြင့် ကွေ့ဝင်လိုက်လေသည်။ သို့သော် သူဝင်လိုက်သောအိမ်သာမှာ ယောကျ်ားလေးအိမ်သာမဟုတ်ဘဲ မိန်းကလေးများအတွက်ဖြစ်သဖြင့် အတွင်းမှ အဖေါ်များကို ရပ်စောင့်နေသော အပြင်မှ မိန်းကလေးတစ်ဦးမှာ ရုတ်တရက်ယောကျ်ားလေးနှင့် ရင်ဆိုင်လိုက်ရသည်ဖြစ်ရကား လန့်၍လက်ထဲမှ စာအုပ်များလွတ်ကျသွားလေတော့သည်။

"ဖုတ်. . . ဖုံး. . . ဖျန်း" စသော စာအုပ်လွတ်ကျသံများကြား၍ ကျော်ခင်မှာလည်း မိမိရှေ့မှော့ကြည့်လိုက်ရာ ပြူးကြောင်ကြောင်ဖြစ်နေသော မိန်းကလေးတစ်ယောက်ကိုမြင်ရသောအခါ



www.burmeseclassic.com

www.burmeseclassic.com



ပထမမျက်လုံးပြန်ပြူးပြလိုက်ပြီးမှ ယဉ်ကျေးစွာနှုတ်ဆက်ရန် သတိရလာကာ "ယှရီ"ဟု စူးစူးရှရှအော်လိုက်သည်တွင် မိန်းကလေးမှာ အရှုးနှင့်လာတွေ့နေရပြီဟု မှတ်သွားလေရော လားမသိ၊ "အမယ်လေး"ဟု စူးစူးဝါးဝါးပင် ပြန်အော်လိုက် လေသည်။

သူတို့နှစ်ယောက်တည်း တစ်ယောက်တစ်လှည့်စီ အော် နေကြပြီးနောက် အတွင်းမှ မိန်းကလေးများလည်း ဒရောသောပါး ပြေးထွက်လာကြကာ ကျော်ခင်တစ်ယောက်တည်းကို မိန်းကလေး များဝိုင်း၍ မျောက်ပွဲကြည့်နေသလို ကြည့်နေကြ၏။ ထို့နောက် မိန်းကလေးတစ်ယောက်က

"နု ဘာဖြစ်လို့လဲ၊ မြွေတွေ့သလား။ စောစောက မြွေတွန် သံကြားတယ်"

ဟု မေးလိုက်ရာ နုဆိုသော မိန်းကလေးက ပြန်မဖြေနိုင် ခင် ကျော်ခင်မှာ အောင့်သက်သက်ညှောင်နာနာ အသံကလေးနှင့်

"မြွေတွန်တာမဟုတ်ပါဘူးဗျာ၊ ကျွန်တော်နှုတ်ဆက်တာပါ"

ဟု ပြန်ဖြေလိုက်ရာလေ၏။ ထိုအခါမှ ယခင်မိန်းကလေးမှာ ပို၍ အံ့ဩသွားဟန်နှင့် ပြန်မေးလိုက်ပြန်လေ၏။

"နေပါဦး နှုတ်ဆက်တာကလဲ အိမ်သာထဲလိုက်ပြီး နှုတ်ဆက် ရသလားလို့"

"ဟာ. . . အိမ်သာထဲဝင်လာတုန်းကတော့ နှုတ်ဆက်မလို့



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပါဘူး"

ကျော်ခင်၏အဖြေကို ကြားလိုက်သည်တွင် မိန်းကလေးများအားလုံး မျက်လုံးပြူးကုန်ကြပြီး–

"ဒါဖြင့် ဘာလုပ်မလို့ ဝင်လာတာလဲ"

"ရှူးရှူးပေါက်မလို့ပေါ့ဗျ"

"ဟာ ဒါမိန်းကလေးတွေ အိမ်သာပဲ"

"အို အခုမှတော့ ခင်ဗျားတို့မပြောလည်း သိပါပြီဗျာ"

ပြောပြောဆိုဆို ကျော်ခင်မှာ ဆောင့်ဆောင့်အောင့်အောင့်နှင့် ပြန်လှည့်၍ထွက်လာခဲ့ပြီး တစ်ဖက်ယောကျ်ားလေးအိမ်သာဘက်သို့ လာခဲ့သည်တွင် မိန်းမပျိုကလေးများမှာ ဝိုင်းရယ်ပြီးကျန်ရစ်ခဲ့ကြလေ၏။

❀

ကျော်ခင်အဖို့ ထူးခြားလာခဲ့ချေပြီ။

တခဏတာမျှ စေ့စေ့ကြည့်လိုက်ရသောကျောင်းသူကလေးနှကို စွဲမိသလိုဖြစ်လာ၏။ ပထမအတွေ့၌ ချစ်ခြင်းပြင်းထန်ပုံကိုလည်း သိနားလည်လာပေ၏။

အိမ်ပြန်ရောက်လျှင်ရောက်ခြင်း အမျိုးမျိုးတွေးတော၏။ နောက်ဆုံးတွင်ကား ...

"ဘာပဲဖြစ်ဖြစ် ချစ်လွှာတစ်စောင်တော့ သူ့ရေးလိုက်မည်"ဟု ဆုံးဖြတ်ကာ စာတစ်စောင် ကောက်ရေးလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



စာရေးပြီးသောအခါ အခက်အခဲတစ်ခုကို ရင်ဆိုင်မိတော့၏။ ထိုအခက်အခဲကား နုကို စာမပေးဝံ့ခြင်းပင်ဖြစ်၏။ နည်းလမ်းအမျိုးမျိုးကို စဉ်းစားနေမိသည်။ လူများသည် မူးသောအခါရဲတင်းလာ၏ဟုပြောသံကြားဖူး၏။ သို့ရာတွင် စာကြိုးစားသော ကျောင်းသားပီပီ ကျော်ခင်မှာ အရက်ဆိုသည်မှာ ဆိတ်ချေးကဲ့သို့ လုံးလုံးကလေးများလား၊ နှပ်ကဲ့သို့ ချွဲပျစ်ပျစ်လား၊ နားဖာချေးကဲ့သို့ စီးစီးထန်းထန်းလား၊ မလိုင်ကဲ့သို့ အတုံးအခဲအလားကို မသိခဲ့ပေ။ ထို့ကြောင့် အရက်သောက်ရန် မစဉ်းစားတော့ဘဲ မူးနိုင်သော နည်းလမ်းကိုရှာလေ၏။

ဘာမပြော ညာမပြောနှင့် ရုတ်တရက်ထကာ အခန်းထဲတွင် လက်နှစ်ဖက်ဘေးသို့ ဆန့်တန်း၍ ငယ်စဉ်ကလုပ်သလို လေးငါးဆယ်ပတ်မျှ အားရပါးရ ပတ်ချာလည်လိုက်သည်တွင် နောက်ဆုံး၌ ကြမ်းပေါ်သို့ ဖင်ထိုင်လျက် "ဗုံး"ကနဲ ကျသွားလေတော့သည်။

အပြင်မှာ ထိုင်နေသော ကျော်ခင်၏ မိဘများမှာ ကျော်ခင်၏အခန်းထဲသို့ ပြေးဝင်လာကြကာ ဖင်ထိုင်လျက်ကြီးဖြစ်နေသော ကျော်ခင်ကို ဝိုင်းထူကြလေသည်။

မတ်တပ်ကောင်းကောင်း မရပ်နိုင်သေးသော ကျော်ခင်ကို ဖေးကူထားရင်း အဖိုးကြီးသည် ဩဝါဒပေးနေလေသည်။

"ငါ့သား စာကိုတော်ရုံဖတ်မှပေါ့၊ မင်းက အလွန်အကျွံကြီးကွ၊ အခု စာကျက်ရုံနဲ့ ဖင်ထိုင်ရက်လဲရင်တော့ စာမေးပွဲဖြေရင်



www.burmeseclassic.com

www.burmeseclassic.com



ထမ်းချရတော့မှာပဲ၊ ခုခေတ် ကျောင်းသားတွေဟာ အာစရိယ ဂုဏော အနန္တောဆိုတာကို မသိကြဘူး၊ တော်တော်ကြာ စာကျက် လို့သေ၊ စာမေးပွဲဖြေရင်း သေကြ၊ စာမေးပွဲအောင်စာရင်းထဲမပါ ရင် သေကြနဲ့''

ပြောပြောဆိုဆိုနှင့်ပင် ကုလားထိုင်ပေါ်သို့ တွဲတင်ပေးခဲ့ကြ ပြီး ထွက်သွားကြလေ၏။ တစ်ယောက်တည်း ကျန်ရစ်ခဲ့သည် တွင်မှ ကျော်ခင်မှာ အခြားနည်းလမ်းတစ်လမ်း စဉ်းစားမိလေ၏။ ထိုနည်းလမ်းကား ကောင်မလေးနှင့် ရင်ဆိုင်တွေ့ခါနီး ကွမ်းသီး စိမ်းစားရန်ပင် ဖြစ်၏။ ကွမ်းသီးစိမ်းမှာ ယဉ်ယဉ်ကလေးနှင့် မူးတတ်၏။ ထို့ကြောင့် ထိုအကြံကို ရွေးလိုက်လေတော့သည်။

နောက်နေ့ရောက်သောအခါ ကျော်ခင်သည် ကွမ်းသီးစိမ်း နှစ်လုံးမျှ အိမ်အပင်မှ ခူးခဲ့ပြီး ကျောင်းတက်လေသည်။ ကံကောင်း ချင်းလားမသိ။ ထိုနေ့ နေ့ခင်း၌ပင် နုကိုတွေ့ရသည်။

နုမှာ ပါဠိယူသဖြင့် ကျောင်းချိန်အား နေ့လည်ခင်းများတွင် သူငယ်ချင်းနှစ်ယောက် သုံးယောက်ခန့်နှင့် ဂျပ်ဒ်ဆင်ကောလိပ် အောက်ထပ်၌ အခန်းလွတ်များထဲတွင် ထိုင်နေတတ်သည်။ ထို့ ကြောင့်ဖြင့် ယနေ့၌ ကျော်ခင် နုကိုတွေ့ခြင်းဖြစ်၏။

ကဗျာကယာ ကွမ်းသီးစိမ်းကလေး ကောက်ဝါးလိုက်ကာ အခန်းဝမှနေ၍ ''နု ခဏလာပါအုံး''ဟု ပြောလိုက်ရာ နုမှာ သူငယ်ချင်းများနှင့် စကားပြောနေရာမှထလာခဲ့လေ၏။ နုအနား



www.burmeseclassic.com

www.burmeseclassic.com



ရောက်သည်နှင့်တပြိုက်နက် လန့်၍တုန်သည်ကလည်းတစ်ချက်၊ ကွမ်းသီးမှူး၍ ချွေးများပျံလာသည်ကလည်းတစ်ချက်ကြောင့် ကျော်ခင်မှာ ဘာမှမပြောနိုင်ဘဲ မျက်လုံးကလေး ပေကလပ်ပေကလပ်နှင့် ကြည့်နေမိလေသည်။

နုက "ဘာလုပ်မလို့လဲ"ဟု ထပ်မေးလိုက်မှ သတိရလာကာ အိတ်ထဲမှစာကို ထုတ်၍ တုန်ရီနေသောလက်များဖြင့် ပေးလိုက်ရာ နုမှာ နားမလည်သလိုကြည့်ကာ "ဘာလဲ ဒါဘာလုပ်တာလဲ"ဟု ဆိုနေသည်တွင် ကျော်ခင်မှာ "ယူ ယူ ယူပါဗျ ဗျ ဗျာ"ဟု အတော်ကြိုးစားပြောနေရလေတော့သည်။

ထိုခဏ၌ အပေါ်ထပ်မှ ဆင်းလာသော ခြေသံများကို ကြားရသည်တွင် "မူ"နေသောနုသည် ကျော်ခင်လက်မှစာကို ရုတ်တရက် လှမ်းအယူလိုက်တွင် စာကလေးမှာ တုန်ရီနေသော ကျော်ခင်၏လက်မှ လွတ်ကျသွားသည်ဖြစ်ရကား နုမှာ လေကို လက်နှင့် ဆုတ်ဖျစ်နေသကဲ့သို့လည်းကောင်း၊ "ချည်မိုင်မိုင်"ကနေသကဲ့သို့လည်းကောင်း ဖြစ်နေလေ၏။

ကျော်ခင်မှာလည်း ကျသွားသောစာကို ကမန်းကတန်းကောက်ယူလိုက်လေရာ စာကိုမကောက်မိဘဲ နု၏ ကြိုးသိုင်းခုံမြင့်ဖိနပ်ကို ဆွဲမိလေရာ နု၏ခြေထောက်တစ်ဖက်မှာ ကြွတက်လာလေသည်။ နုမှာ လဲမကျသွားစေရန် လက်ဖြင့်ဆွဲမိသွားရာလှမ်းဆွဲလိုက်လေသည်။ သူဆွဲမိသည်မှာ ကျော်ခင်၏ဂုတ်ဖြစ်သဖြင့်

www.burmeseclassic.com



နှစ်ယောက်သားပတ်ချာလည်သွားကြလေ၏။ ကျော်ခင်နှင့်နုတို့ကို ကြည့်နေကြသော နု၏သူငယ်ချင်းများလည်း ပြေးလာကြကာ နှစ်ယောက်စလုံး လဲမကျသွားစေရန် ဝိုင်း၍ ဖေးဖေးမမ လုပ်ကြရလေတော့သည်။

နောက်ဆုံးတွင် ကျော်ခင်မှာ သေသေချာချာကြည့်လိုက်ရာ သူတစ်ယောက်တည်းကို မိန်းကလေးများဝိုင်းနေသည်ကို တွေ့ရပြီး ချွေးနံ့နှင့် ပေါင်ဒါရေမွှေးနံ့ရောနေသော အောက်သိုးသိုးအနံ့ကြီးကို ရှူရှိုက်မိသည်တွင် မိန်းကလေးနှစ်ယောက်ကို လက်နှင့် တွန်းဖယ်၍ ထွက်ပြေးလေတော့၏။

ကျော်ခင်မရှိတော့ နုသည် ဝတ်မံသလင်းပေါ်က စာခေါက်ကလေးကို ကောက်ယူလိုက်ရာ သူငယ်ချင်းများက "ဟော့ ဒို့ပါကြည့်မယ်"ဟု ဝိုင်းယူသည်တွင် အများရှေ့တွင်ပင် ဖွင့်၍ပြရလေတော့သည်။

ကျော်ခင်၏ စာကား သူတို့ရှေ့တွင် ခပ်ဆန်းဆန်းကလေးပေါ်လာလေတော့သည်။

"ဂျီ နမောဗုဒ္ဓဿ၊ ပုရှာသခင် သာသနာအနှစ်နှစ်ထောင်လေးဂျာကိုးဆယ်လယ်နှစ်လောက် [illegible]ရကား ဤယ် ရန်ကုန်မည် သုပြည်နှိုက်အာ ငါစရိယအော။

ငါအမည်ကားကျော်ခင်၊ ဗျာအတန်ကာ ဘိဖွေ့က်သူတော၊ စာရ်ဝက်ဖိုဝ်မဏ္ဍိုပ်၊ ဤမှူအကုန်ခံ ရွယ်နုမည်သူမှာ အာပိယ်သတေ၊



www.burmeseclassic.com

www.burmeseclassic.com



နှာနိုစ် အဆင်နှင့်ထုထပ် နကိုင် ငါချုပ်ဒေ်၊ ငါကို နမချောက် လျှပ်ကြယ် ကြိဟောတ် ခုနှိုက်လေကျက်ပြီ၊ ရယ်အရိမတွိရိုသာ ပုဇာသခင်အဖူရစိယ်၊ ငါကို ချက်မူကာ မွှတ်စွာ ခေါတ်နိုရမာန် ကိုယ်ရပိယ်သဝော။

(ဤစာရှင်းလင်းချက်။ ယှရီ နမောဗုဒ္ဓသာ ဘုရားသခင် သာသနာအနှစ် ၂၄၀၄ နှစ်၊ လွန်လေပြီးရကား ဤရန်ကုန်မည့် သော ပြည်၌ ငါစာရေး၏။ ငါ့အမည်ကား ကျော်ခင်၊ စာရွက်ဘိုး (၁)ကျပ်၊ မင်ဘိုး (၃)ကျပ်၊ ဤမျှ အကုန်ခံ၍ နမည်သောမိန်းမ အားပေးသတည်း။ နှားနို့အဆင်းနှင့်တူသော နကို ငါချစ်၏။ ငါ့ကို န မချစ်လျှင် ရေခဲကြီးရှစ်ထပ်လည်း ကျက်ပြီး၍ အရိမတ္တယ၍ ဘုရားသခင် မဖူးရသည့်ဖြစ်ပါစေ၊ ငါ့ကိုချစ်မူကားမြတ်စွာသော နိဗ္ဗာန်ကိုရစေသတည်း။ စာရေးသူ)

ဤစာကိုဖတ်ပြီးသောအခါ နမှာ ချာလပတ်သုံးပတ်တိတိ လည်၍ ပစ်လဲသွားလေတော့၏။

ဖတ်ရှုသူများကိုထားဦး၊ ရေးသူ ကျွန်တော်ပင် သူတို့ "စေ့ စပ်ကြောင်းလမ်းခြင်း" ကြော်ငြာကို တွေ့ရသောအခါ အံ့ဩမိ၍ ထို့ထက်အံ့ဩမိရကား ထိုကြော်ငြာကို ကျောက်စာရေးပုံနှင့် မရေး ဘဲ ယခုခေတ်ကဲ့သို့ပင် ရေးသားခြင်းပင်ဖြစ်သတည်း။

"ယှရီ – ကိုကျော်ခင်"



www.burmeseclassic.com

www.burmeseclassic.com

## ပုစိရှင်

အားရပါးရကြီး ရေးလိုက်ပေတော့မည်။

သိန်းတန်သည် အသက်သုံးဆယ်ကျော်၍ သုံးဆယ့်တစ်နှစ်အတွင်းသို့ပင် ရောက်နေပေပြီ။ ကောင်လေးတွေ လက်မြန်လှသော ယခုလိုခေတ်မျိုးတွင် သိန်းတန်မှာ လူပျိုသိုးရတော့သည်။ "ဟိုင်း" ရတော့သည်။

ရုပ်ဆိုးလှ၍မဟုတ်ပါ။ ဝတာတစ်ခုကလွဲရင် အသားဖြူဖြူနှင့် သိန်းတန်မှာ အကျည်းမတန်လှပါ။ ရေပေါ်အိပ်ပြသော လူဝကြီးကို လူတွေဝိုင်းကြည့်နေရသည့် ဤအချိန်မျိုးဝယ် ကုန်းပေါ်တွင် အသက်ဝင်စွာ လမ်းလျှောက်နေသောသိန်းတန်မှာ ကြည့်ပျော်ရှုပျော်တော့ ဖြစ်ပါသေးသည်။ ပညာမှာလည်း ဘီအေအောင်ပါသည်။

ကျောင်းကထွက်ပြီးနောက် သူ၏တစ်ဦးတည်းသောဦးလေးက



www.burmeseclassic.com

www.burmeseclassic.com



အစိုးရအံလုပ်မလုပ်စေဘဲ သူ့ကုမ္ပဏီတွင် မန်နေဂျာလုပ်စေသည်။ ဦးမြသိန်းနှင့်အတူ ကုမ္ပဏီသည် ရန်ကုန်မြို့တွင် ထယ်ဝါခန့်ငြားကြီးကျယ်သော ကုမ္ပဏီကြီးတစ်ခုပင်ဖြစ်၏။ 'မှာသွင်းသော ကုန်များကိုအကြီးအကျယ် ရောင်းစားနေလေသည်'ဟု မဆိုလိုပါ။

ယနေ့ညနေ (၆)နာရီတွင် ဦးသာမြတ်နှင့် သမီးများကုမ္ပဏီမှ ဦးသာမြတ်မွေးနေ့အတွက် ညစာစားပွဲလာရောက်ရန် ဖိတ်ကြားထားသည်ကို ဦးမြသိန်းသည် အလိုက်သိစွာ "ငါမအားဘူး သိန်းတန်မင်းတစ်ယောက်တည်းသွားတော့"ဟု သိန်းတန်ကို သူ့ကိုယ်စားလွှတ်သည်။

အားရပါးရ တဝကြီး ဂေါ်လိုက်ပေတော့မည်။

သိန်းတန်ကား များစွာအူရွှင်လျက်ရှိ၏။ ကုန်သည်ကြီးများ၏ သမီးများ၊ တူမများ ဝတ်ဆင်လာသော စိန်ရောင်၊ ရွှေရောင်၊ နီဥင်လွန်ရောင်များသည် ပြိုးပြိုးပြက်ပြက်နှင့် သူ့မျက်စိထဲတွင် လျှပ်စီးလက်နေလေသည်။ သူတို့၏ကိုယ်မှ မပုပ်ခင်က မွှေးကြိုင်နေသော အနံ့ကလေးများသည် သူ့နှာခေါင်းသို့ပင် တိုးဝှေ့လာသည်ဟု ထင်မြင်မိလေတော့သည်။ စစ်စစ်မှာကား 'သူ့အဝတ်အစားလဲရန် ဖွင့်လိုက်သော သေတ္တာထဲမှ ပရုပ်လုံးနံ့စူးစူးရှရှပင်ဖြစ်ပါ၏။ ဒသိန်းတန်မှာ လေတဝီဝီချွန်နေမိရင်း အဝတ်အစားလဲနေလေသည်။

အားရပါးရ တဝကြီးဂေါ်လိုက်ပေတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



ဂျစ်ကားကလေးကိုမောင်း၍ ဦးသာမြတ်နှင့်သမီးများကုမ္ပဏီသို့ ရောက်လာခဲ့လေပြီ။ သူထင်သည့်အတိုင်းပင် ညှော်ခန်းမကြီးတစ်ခုလုံးမှာ ပြိုးပြိုးပြောင်ပြောင်နှင့် ရွှေဂျိုးဖြူမှုလခဲ့သိုက်နန်းကြီးတစ်ဆောင်နှင့် တူနေလေတော့၏။

အပေါက်ဝမှ လူတစ်ယောက်သည် သူ့နားခပ်ရှိရှိကလေးကပ်လာကာ–

"ဘယ်ကုမ္ပဏီကပါလဲ ခင်ဗျာ"

"ဦးမြသိန်းနှင့်တူ ကုမ္ပဏီက"

"အော် တူလုပ်တဲ့ကုမ္ပဏီကလား"

"ဘယ်ကဟုတ်ရမှာလဲဗျ၊ တူလုပ်တဲ့ကုမ္ပဏီက ပန်းဘဲဖိုပဲ၊ ကျွန်တော်က ဦးမြသိန်းနဲ့ တူကုမ္ပဏီဗျ"

သိန်းတန်သည် ခပ်ဆတ်ဆတ်ကလေးပြောလိုက်မှ ထိုလူသည် ပြုံးရွှင်သွားကာ –

"စိတ်မရှိပါနဲ့ ခင်ဗျာ၊ ကျွန်တော်က နားနည်းနည်းလေးနေလို့ပါ"

ဟု ပြောပြောဆိုဆိုနှင့် သိန်းတန်ကိုခေါ်သွားကာ ကုလားထိုင်တစ်ခုတွင် ထိုင်စေလေသည်။ ကုလားထိုင်နောက်မှီတွင် "ဦးမြသိန်းနှင့်တူကုမ္ပဏီ"ဟု ရေးသားသောစာရွက်ကလေးကပ်ထားသည်ကို သတိပြုမိချေသေးသည်။

ဤတွင် ဆက်မရေးသေးဘဲ အခန်းကိုအနည်းငယ်ဖော်ပြလိုပါ



www.burmeseclassic.com

www.burmeseclassic.com



သေးသည်။ သို့မှသာ ကျွန်တော်နှင့် တစ်ခါမျှမတွေ့ဘူးဘဲ ချစ်လှစွာသော စာရှုသူအဆွေ၏ မျက်စိထဲတွင် ကွင်းကွင်းကွက်ကွက်ကြောင်ချေးပုံများကဲ့သို့ အဝိုင်းကလေးများ ပေါ်လာပါလိမ့်မည်။

အခန်းအလယ်နားတွင် စားပွဲများကို အရှည်လိုက်ဆက်ထားသည်ဖြစ်ရကား စားပွဲအရှည်ကြီးတစ်ခုဖြစ်နေလေသည်။ စားပွဲခင်းကြောင့် အောက်က စားပွဲများဆက်ထားသည်ကို ရုတ်တရက်မသိနိုင်ပေ။ ကုလားထိုင်များကား စားပွဲကို ပတ်ပတ်လည်ချထားပြီး စားပွဲထိပ်တွင်ကား ဦးသာမြတ်ကိုယ်တိုင် တစ်ယောက်တည်းထိုင်နေလေသည်။ သူ့နောက်မလှမ်းမကမ်းတွင် ပိတ်ဖြူကားတစ်ခုထားသည်ကို တွေ့ရခြင်းအားဖြင့် ရုပ်ရှင်ပြမည်ဟု ခန့်မှန်းနိုင်ပေ၏။

သိန်းတန်ကား ကုသိုလ်ကံကောင်းလျှင် မိန်းကလေးများနှင့်ယှဉ်တွဲထိုင်ရပေလိမ့်မည်ဟုတွေး၍ နံဘေးလှည့်ကြည့်မိရာ လက်ျာဘက်တွင် ကုလားထိုင်ငါးလုံးခန့်လွတ်နေသည်ကို တွေ့ရသဖြင့် လက်ျာဘက်ကပ်လျက် ကုလားထိုင်မှ ကပ်ထားသောစာကိုကြည့်လိုက်သောအခါ "ဗမာ့အာဇာနည်ကုမ္ပဏီ" ဟု ရေးသားသည်ကို တွေ့ရခြင်းဖြင့် ဤနေရာတွင် ယောက်ျားလေးလာမည်ကို ခန့်မှန်းမိလေသည်။ ထို့ကြောင့် နောက်ဆုံးရှုစားခြင်းအားဖြင့် လက်ဝဲဘက်ကပ်လျက်ကို ကြည့်လိုက်ရာ "တင်တင်သန်းကုမ္ပဏီ" ဟု တွေ့လိုက်သည်ဖြစ်ရကား ထခုန်မိမတတ် ဝမ်းသာသွားမိပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနောက် တစ်ခုံတစ်ခုကို တွေးမိပြန်၍ လက်ဝဲဘက်တစ်ခု ဆောင်ကို လှမ်းကြည့်လိုက်ရာ "နီနီလေးကုမ္ပဏီ"ဟု တွေ့ရ သဖြင့် မျက်နှာညှိုးငယ်သွားလေသည်။

တင်တင်သန်းသည် အပျိုဖြစ်ခဲ့သော် တစ်ယောက်တည်း လာမည်မဟုတ်၊ အဖော်ပါရမည်ဖြစ်၏။ ယခုကား ကုလားထိုင် တစ်လုံးထဲတွင်သာ နံမည်တပ်ထား၍ တစ်ယောက်တည်းလာမည် ဟု ပြောထားခြင်းဖြစ်ရမည်ကို သိန်းတန်သိသောကြောင့် အပျို မဟုတ်တန်ရာဟု တွေးမိပြီး မျက်နှာညှိုးငယ်သွားခြင်းဖြစ်လေ သည်။ "နီနီလေးကုမ္ပဏီ"ကား ကုလားထိုင်လေးလုံးကို ယူထား လေသည်။

"ဟယ် ခုခေတ်ယောကျ်ားလေးတွေနဲ့ ရင်ဘောင်တန်းနေတဲ့ ခေတ်မို့ တစ်ယောက်တည်းလာပေမယ့် အပျိုလေးဖြစ်နိုင်ပါတယ်"

သိန်းတန်သည် ဤသို့ ကိုယ်လိုရာကိုယ်ဆွဲ၍ မှတ်ချက်ချ နေစဉ် အပေါက်ဝမှ ညည်းသည့်များနောက်ထပ်ရောက်လာ၍ သူ့လက်ဝဲဘက်တွင်ထိုင်ရာ နီနီလေးကုမ္ပဏီမှဖြစ်နေသည်ကိုတွေ့ ရ၏။ သူနှင့်အဝေးဆုံးပထမနေရာတွင် အဖိုးကြီးဝင်ထိုင်ပြီး ဒုတိယ နေရာတွင် အဖွားကြီးဝင်ထိုင်၏။ တတိယနေရာတွင် ကလေးငယ် ကိုချီထားသော မိန်းမရွယ်တစ်ယောက်ဝင်ထိုင်၍ စတုတ္ထနေရာတွင် အသက်ဆယ့်ခြောက်နှစ်ခန့်ရှိ မိန်းမပျိုချောချောကလေးဝင်ထိုင်ပြီး သူ့ဘေးနားက နေရာကား ခုံလွတ်သာလျှင် ဖြစ်နေပေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သိန်းတန်ကား ယူကြုံးမရဖြစ်သွားရှာသည်။ ဤကလေးမ နားသာနေရလျှင် တင်တင်သန်းမှာ အပျိုဖြစ်ဖြစ်၊ မုဆိုးမဖြစ်ဖြစ် အရေးမကြီးတော့ပါ။ သူ့အာရုံသည် သေချာသောမိန်းကလေးကို တွေ့နေရပြီဖြစ်သဖြင့် မသေချာသော တင်တင်သန်းကို မျှော်မနေချင်တော့ပေ။

ထို့နောက် မကြာမီပင် ညာဘက်ကနေရာများလည်းပြည့်သွားတော့သည်။ သူထင်ထားသည့်အတိုင်းပင် ယောကျ်ားများသာဖြစ်ကြ၏။ သိန်းတန်မှာ လက်ဝဲဘက်ကို ငဲ့ငဲ့ကြည့်ရင်းက မိန်းကလေးကလည်း သူ့ကိုမသိမသာ ပြန်ပြန်ငဲ့ကြည့်နေသည်ကို တွေ့ရသောအခါ ပီတိဖြစ်၍ သူတို့နှစ်ယောက်ကို ဘယ်သူကများ အကဲခတ်နေသလဲဟု စားပွဲတစ်ဖက် မျက်နှာချင်းဆိုင်နေရာများကို လျှောက်ကြည့်လိုက်ရာ မည်သူမျှ ဂရုမထားကြသည်ကို တွေ့ရလေ၏။ မျက်နှာချင်းဆိုင်ခုံများတွင်လည်း အသက် (၁၈)နှစ်၊ (၁၉)နှစ်များက အစပြု၍ အသက်(၃၀)နီးပါးရှိ အပျိုဟုထင်မြင်ရသော မိန်းကလေးများကိုတွေ့ရပါ၏။ သို့သော် သိန်းတန်၏စိတ်ထဲတွင် သူ့ဘေးနားမှ "၁၆ နှစ်မေ" ကလေးလောက် သဘောမကျမိပေ။

ထိုခဏ၌ သူ့ဘေးနားက ကုလားထိုင်လှုပ်ရှားသံကြားလိုက်ရ၏။ သိန်းတန်ခေါင်းကြီးသွားသည်။ သူနှင့် ၁၆နှစ်မေလေးကို ကြားမှဝင်၍ ကာကွယ်ထားရန် တင်တင်သန်းရောက်လာပေပြီ။ သိန်းတန်၏ အာရုံကား တင်တင်သန်းပေါ်၌ မရှိတော့ချေ။ သို့သော်



www.burmeseclassic.com

www.burmeseclassic.com



အကြဲတစ်ခု ရလာလေသည်။ သူ့ဘေးနားက တင်တင်သန်း ကို ဂရုစိုက်သလို မကြာခဏကြည့်လိုက်လျှင် ဒဇ်နှစ်မေလေး၏ မျက်နှာထားမှာ ပြောင်းလဲမည်လေ။ တင်တင်သန်းကိုသာ ဂရုစိုက်ပြီး သူ့ကို ဂရုမစိုက်လျှင် ကလေးမ၏မျက်နှာတွင် ဝန်တိုခြင်း၊ စိတ်ကောက်ခြင်း၊ အရိပ်အရောင်များ ပေါ်လာမည်လော၊ ဤသို့သောအတွေးမျိုးကို တွေးမိပြီးနောက် တင်တင်သန်းဘက်လှည့်လိုက်ရာ မျက်လုံးများ ပြာလဲ့သွား၍ "ဟင်"ဟု ပါးစပ်မှ မြည်သွားပါသည်။

အသားမဲနက်၍ ဆံပင်လိမ်ကောက်နေသော ဘောင်းဘီရှည်နှင့် ကုလားကြီးသည် သိန်းတန်၏ညည်းသံလိုလိုအသံကိုကြားရသောအခါ ဆတ်ကနဲလှည့်လိုက်ပြီး "အိုယက်စ်"ဟုသာ ကြားသွားသည်မသိ ပြန်ဖြေနေလေသည်။

ကုလားကြီးထိုင်နေသော ကုလားထိုင်မှာ ကြိမ်များအနည်းငယ်ပေါက်နေသည်ဖြစ်ရာ ကုလားကြီးလှုပ်ရှားသည်နှင့်တပြိုင်နက်ဖျစ်ဖျစ်ဖျစ်ဖျစ်နှင့်မြည်ကာ ကုလားကြီးမှာ ရှိုးတိုးရှူတ ဖြစ်သွားလေ၏။ သူ့ဆီက ဖျစ်ဖျစ်သံကြားတိုင်း သိန်းတန်ကလည်း လှည့်ကြည့်သည်နှင့်အတူ ဒဇ်နှစ်မေလေးကလည်း လှည့်ကြည့်လိုက်ပြီး သူတို့နှစ်ယောက် မျက်နှာချင်းဆိုင်ဆုံမိသည်နှင့်တပြိုင်နက် လှည့်ကြည့်သွားကြရာ ကုလားကြီးမှာ လူတွေကို လိုက်ကြည့်ပြီး ရှိုးတိုးရှူတဖြစ်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖျစ် . . . ဖျစ် . . .

သိန်းတန်ကြည့် . . .

မေက ကြည့် . . .

လှည့်သွားကြ . . .

ကုလားကြီး ရိုးတိုးရွတ်ဖြစ် . . .။

ဟူသောသဘောတရားများသည် အစဉ်အတိုင်း ဖြစ်ပေါ်လျက်ရှိတော့သည်။

ထိုခဏ၌ စားပွဲထိပ်မှ ဦးသာမြတ်သည် မတ်တပ်ရပ်လိုက်ပြီး . . .

"သကြံန်တုန်းက ကျွန်တော်ကိုယ်တိုင်လိုက်ပြီး ရိုက်ကူးထားတဲ့ ရုပ်ရှင်ကားကိုပြသပြီး ထမင်းစားပွဲကို ပြုလုပ်ပါ့မယ်"

ဟုပြောပြီး နောက်မီးများကို မှိတ်လိုက်လေ၏။ ထိုနောက်တွင်ကား ဖြူဖွေးသော ပိတ်ကားပေါ်တွင် တရိပ်ရိပ်နှင့် ရုပ်ရှင်ကလေးများသည် ပြေးလွှားနေပေတော့သည်။

သိန်းတန်မှာ ရုပ်ရှင်ကိုစိတ်မဝင်စားတော့ဘဲ ၁၆နှစ်မေလေးနှင့် နီးရနီးအရေးကို တွေးတောနေသည်ဖြစ်သောကြောင့် "လိုလျှင်ကြံဆ နည်းလမ်းရ"ဟူသောစကားအတိုင်း နည်းလမ်းရလာလေ၏။

အခန်းမှာ တော်တော်လုံခြုံသည်ဖြစ်ရကား ဤကဲ့သို့မီးများမှိတ်လိုက်သောအခါ မှောင်ပိန်းနေလေတော့သည်။ ဤကဲ့သို့မှောင်နေချိန်ဝယ် သိန်းတန်၏လုပ်ငန်း စတင်ရတော့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သောနားက ကုလားကြီးမသိအောင် သူနောက်က စာရွက်လေးကို ခွာလိုက်သည်။ ထို့နောက် ထိုစာရွက်လေးကို ပေါ်ပေါင်တင်ထားကာ သူနောက် စာရွက်သူပြန်ခွာပြန်သည်။ ထို့နောက် အိတ်ထဲမှ မှတ်တမ်းစာအုပ်ငယ်ကို ထုတ်လိုက်ပြန်ကာ စာအုပ်ကြားထဲမှ စာအိတ်ခေါင်းလေးနှစ်ခုရှိကြသည်ကို ထုတ်ယူလိုက်သည်။ စာအိတ်ခေါင်းတစ်ခုကို ကော်သုတ်ထားသည့် အပြင်ဒ်နေအောင် ခေါက်ချိုးချိုးထားလိုက်ပြီး ခေါက်ချိုးတစ်ဖက်ကို သူနောက်ကျောဒ်ကပ်၊ ကျန်တစ်ဖက်ကို တံတွေးသုတ်၍ ကုလားကြီးနောက်မှီတွင် ကပ်လိုက်ရာ သူစာရွက်ဖြစ်သော "ဦးမြသိန်းနှင့်သူကုမ္ပဏီ" မှာ ကုလားကြီးထိုင်ခုံတွင် ရောက်သွားလေ၏။ ဤနည်းဖြင့် ကုလားကြီး၏ "တင်တင်သန်းကုမ္ပဏီ"မှာ သူထိုင်ခုံသို့ရောက်လာလေ၏။

မကြာမီပင် ရုပ်ရှင်ပြီးသွား၍ မီးများပြန်ဖွင့်လိုက်လေသည်။ မီးများပြန်လင်းလာသည်နှင့်ပင် သိန်းတန်သည် ဟိုဟိုသည်သည်ကြည့်ရာမှ ကုလားကြီးကို လက်တို့လက်ဖ်လသည်။

"ဘာများပါလိမ့် (အင်္ဂလိပ်လိုပြော)"

"ကျွန်တော်တို့ ခုံမှားထိုင်ကြပြီ၊ ဒီဟာက ခင်ဗျားကုလားထိုင်၊ ခင်ဗျားထိုင်နေတာ ကျွန်တော့်နေရာ"

သူပြောပြီးလျှင် ပြောပြီးချင်း ကုလားလည်း သူခုံကိုပြန်ကြည့်ပြီး သိန်းတန်၏ ကုလားထိုင်နောက်ကိုပြန်ကြည့်ကာ –



www.burmeseclassic.com

www.burmeseclassic.com



"ဝမ်းနည်းပါတယ်၊ ကျွန်တော်လည်း သူတို့နေရာပေးတဲ့ အတိုင်း ထိုင်မိတာပါ"

သိန်းတန်၏ ဆင်ကွက်ကား ဖြောင့်ဖြူးသွားတော့သည်။ ကုလားကြီးမှာ အားနာစွာနှင့် နေရာချင်း "ပြန်"လဲရန်သဘော တူလေတော့၏။

ထိုခဏ၌ ထမင်းဝိုင်းထဲရှိ တစ်နေရာမှ ဖော်လံဖားဝါသနာ ပါသည့် လူကြီးတစ်ဦးသည် ရုတ်တရက်ထ၍ –

"ထမင်းမစားကြခင် ဦးဘထွန်းက ဦးသာမြတ်ရဲ့တိုင်းကျိုး ပြည်ကျိုးလုပ်ဆောင်ရွက်တွေကို ပြောပြပါလိမ့်မယ်"

ဟု ပြောလိုက်ရာ ပရိသတ်များမှာ ထမင်းဆာလှုပြီဖြစ်သဖြင့် အချို့စိတ်ထဲတွင် ဒေါပွသွားကြလေ၏။ အချို့ကမူ ဦးသာမြတ် သည် အရွေးခံလိုသောကြောင့် ဤထမင်းစားပွဲကို ပြုလုပ်သည် ဟု မှတ်ထင်သွားကြ၏။ မည်သို့ပင်ဖြစ်စေ ယခု ထမင်းစားပွဲတွင် ထ၍ ဖော်လံဖားသည့် ဦးဘထွန်းဆိုသူမှာ မည်သူများနည်းဟု စိတ်ထဲမှကြိတ်၍ ဆဲရန်မျှော်မှန်းကြည့်နေလေ၏။ ဦးဘထွန်းကား ပြုံးဖြဲဖြဲနှင့် ဦးသာမြတ်ကို တစ်ချက်ကြည့်လိုက်ပြီး မတ်တပ်ရပ် မည်ပြုစဉ် ကျွန်ုပ်တို့၏မိတ်ဆွေကြီး ကိုသိန်းတန်သည် ရုတ်တရက် မတ်တပ်ရပ်လိုက်လေရာ ဦးဘထွန်းမှာ "ဒါနံမည်က ဦးဘထွန်း လား၊ သူ့နံမည်က ဦးဘထွန်းလား"ဟု အနုပဋိပက္ခဝေဘာကရုပ်ပိုင်း ဝါဒဖြင့် သူ့ပညတ်ပေါ်သူပြန်၍ သုံးသပ်နေမိနှလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဤတွင် လူကြီးလူကောင်းများဖြစ်သဖြင့် ဝမ်းထဲမပါသော်လည်း ဟန်ဆောင်မှုကို ကျွမ်းကျင်ထားသော ပရိသတ်သည် သိန်းတန်ကို ဦးဘထွန်းအမှတ်ဖြင့် လက်ခုပ်တီး၍ ဩဘာပေးလေတော့သည်။

သိန်းတန်မှာ ဦးဘထွန်းစကားပြောမည်ဟူသောအသံကို ကြားမိသလိုလိုရှိသော်လည်း နေရာလဲဖို့ကိစ္စတွင် စိတ်ဝင်စားနေမိ၍ ယခုကဲ့သို့ လက်ခုပ်တီးကြတော့မှ ဦးဘထွန်းစကားပြောမည်ဟူသော စကားကိုပြန်လည်သတိရမိကာ –

"ဟဲ. . .ဟဲ နေရာလဲမလို့ပါ"

ဟူသောစကားကို ပြောလိုက်သည်တွင် ဦးဘထွန်းဘာက စပြောမည်လဲဟု အာသာပြင်းစွာ စောင့်ဆိုင်းနေကြသော ပရိသတ်မှာ ခဏမျှကြောင်သွားပြီးမှ "ဝေါ"ကနဲ ရယ်ကြလေ၏။

"ဝါး"မှ ကေဝုစ်ဖြစ်၍ "ဝေါ"မှာ ဗဟုဝုစ်ဖြစ်သည် (ဤကား စကားချပ်)

သိန်းတန်မှာလည်း ရောနှောရယ်လိုက်ပြီးမှ ကုလားကြီးလည်း မတ်တပ်ရပ်လိုက်ကာ နေရာချင်းလဲလိုက်လေ၏။

ဦးဘထွန်းလည်း ဤတွင်မှ အသက်ရှူချောင်သွားကာ မတ်တပ်ရပ်လိုက်သည်တွင် သိန်းတန်မှာလည်း အားရပါးရ ထိုင်ချလိုက်ရာ နဂိုက ကုလားကြီးထိုင်ချထား၍ ပေါက်လုလျှားလုဖြစ်နေသော ကုလားထိုင်သည် ဝလှသောသိန်းတန်၏ဖင်ကို မသယ်



www.burmeseclassic.com

www.burmeseclassic.com



ပိုးနိုင်သဖြင့် ဗျစ်ဟုသံရှည်ဆွဲထားပြီးမှ ဗျစ် ဗျစ်ဟူသော အသံတို့ ကလေးများ မည်ကြွေးကာ သိန်းတန်မှာ ဖင်ကြီးနစ်ကျသွား လေ၏။ ပရိသတ်မှာလည်း ဦးဘထွန်းဆီ 'အာရုံမှရောက်ကြဘဲ အသံကြားရာ လှည့်ကြည့်လိုက်ကြစဉ် ဦးဘထွန်းကိုယ်တိုင်ပင် ဗျစ်ဗျစ်သံကြောင့် လန့်၍ပြန်ထိုင်သွားလေ၏။

သိန်းတန်မှာ ဖင်တစ်ခုလုံးကျွံသွားသည်ဖြစ်သောကြောင့် ဘာမှုမတတ်နိုင်ဘဲ လက်နှစ်ဖက်မှာ မိုးမျှော်၍ ယက်ကန်ယက် ကန် လုပ်မိနေရာ သူ့ဘေးနားမှ ၁၆နှစ်မေလေးမှာ ရှုတ်တရက် မနေတတ်သလို သူ့လက်တစ်ဖက်ကို ဆွဲတင်လိုက်မိပေ၏။

မယ်ဒဂုံပြိုင်ပွဲဝင်ရန် အားခဲထားသူဖြစ်၍လည်းကောင်း၊ သိန်းတန်ကိုယ်တိုင်က ကျန်တစ်ဖက်ဖြင့် စားပွဲစွန်းကိုကိုင်၍ အရန်အားပြုထား၍လည်းကောင်း၊ သူ့ကိုယ်မှာ တော်တော်မြင့်မြင့် အထိ မြောက်တက်လာသော်လည်း ထိုအခါတွင်မှ (၁၆)နှစ်မေမှာ ယောက်ျားပျိုတစ်ယောက်လက်ကို ဆုပ်ကိုင်မိလျက်သားဖြစ်သော ကြောင့် ရှက်သလိုလိုဖြစ်မိကာ ပြန်လွှတ်ချလိုက်ရာ သိန်းတန်မှာ အားရပါးရကြီးပြန်ကျသွားပြီး ကုလားထိုင်တစ်ခုလုံးပင် နောက်ပြန် လဲ၍ ကြမ်းပေါ်တွင် လိမ့်သွားလေ၏။

ပရိတ်သတ်အားလုံးမှာ ဟန်ဆောင်မှု၍ ကျွမ်းကျင်ကြသော် လည်း ရယ်ချင်ခြင်းမှာမူ ဟန်ဆောင်ရခက်သည်ဖြစ်သောကြောင့် ပရိတ်သတ်မှာ နှုတ်ခမ်းစူပြီး "အင်း အင်း" နှင့်မြည်သူမြည်၊



www.burmeseclassic.com

www.burmeseclassic.com



သွားကြီးစေ့၍ "ကွိ ကွိ"နှင့် အော်သူတွေကအော်နှင့်ဖြစ်နေကြစဉ် စကားပြောမည့် ဦးဘထွန်းမှာ "ဖွတ် ဘူး ဘူး "နှင့် ဘူးမှုတ်နေလေ၏။

သို့ရာဝယ် သိန်းတန်မှာ မနာပါ။ အဘယ်ကြောင့်ဆိုသော် ဤသို့အကျလိုက်ဝယ် ၁၆နှစ်မေလေး၏ ကုလားထိုင်နောက်ဖက်ကြမ်းပေါ်တွင် လက်ကိုင်ပုဝါအပြာကလေးကို တွေ့ရသောကြောင့်ပင်ဖြစ်၏။ ကြမ်းပေါ်တွင် လိမ့်ကျနေရာက လျင်မြန်စွာ လက်ကိုင်ပုဝါလေးကိုကောက်ပြီး အပေါ်အင်္ကျီအိတ်ထဲသို့ ထိုးထည့်လိုက်ရာ ဣန္ဒြေရစွာ မတ်တပ်ရပ်လိုက်မှ ပရိသတ်သည် သဘောကျစွာ "ဝေါ"ကနဲရယ်လိုက်ပြန်လေ၏။

ဦးသာမြတ်လည်း အားနာစွာဖြင့် ကုလားထိုင်တစ်လုံးကို လဲလှယ်ပေးပြီးနောက် ဦးဘထွန်းစကားပြောပြီး ထမင်းစားကြသည်အထိ သိန်းတန်သည် ၁၆–နှစ်မေလေးကို စောင့်မကြည့်တော့ပေ။

"အမ်ယူ"တဲ့

နံမယ်ကတော့ နှစ်လုံးတောင်ဖြစ်သည်။

စွဲသည်။ စွဲသည်။ သိပ်စွဲသည်။ အများကြီးစွဲသည်။ တော်တော့ကိုစွဲသည်။ စောက်ရမ်းစွဲသည်။

"အမ်ယူ"တဲ့ နံမည်ကတော့ နှစ်လုံးတောင်ဖြစ်ပါသည်။

လက်ကိုင်ပုဝါလေးတွင် ဒေါင့်၌အင်္ဂလိပ်စာလုံး အမ်နှင့်ယူနှစ်ခုကို နံမည်အတိုကောက်အဖြစ် ထိုးထားသည်။



www.burmeseclassic.com

www.burmeseclassic.com



"အမ်ယူ"တဲ့။

နံမယ်ကတော့ နှစ်လုံးတောင်ဖြစ်ပါသည်။

အမ်ယူဆိုလျှင် မဦးလည်းဖြစ်နိုင်သည်။ မဥလည်းဖြစ်နိုင်သည်။ မြဦးလည်းဖြစ်နိုင်သည်။ အို-အများကြီးဖြစ်နိုင်သည်။ အင်္ဂလိပ်နံမယ်ဆိုလျှင်လည်း မေရီဦး(သို့မဟုတ်) မေရီဥ-မေဘဲလ်ဦး (သို့မဟုတ်)မေဘဲလ်ဥမှစ၍ များစွာဖြစ်နိုင်သည်။ မေဘဲလ်အွတ်ဟူ၍ကားဖြစ်နိုင်လိမ့်မည်မဟုတ်ပါ။ သိန်းတန်ကဖြစ်လည်းမဖြစ်ချင်ပါ။

သိန်းတန်မှာ လက်ကိုင်ပုဝါကလေးကို နမ်းကာနမ်းကာနှင့် စိတ်ကူးယဉ်နေတော့သည်။ ပြန်လာခဲ့သည့်အချိန်မှစ၍ ၁၆နှစ်မေလေးကို တွေ့နိုင်သော ကုမ္ပဏီနံမယ်ကို မေ့သွားပြီးဖြစ်သဖြင့် မေ့ကိုတွေ့ဘို့ရန်မှာ မောင့်အတွက် ခဲယဉ်းနေလေသည်။

ထိုအတွင်း တစ်နေ့တွင် သတင်းစာထဲ၌ ကြော်ငြာတစ်ခုပါလေ၏။

လက်ကိုင်ပုဝါတစ်ထည်။

ညစာစားပွဲတစ်ခု၌ လက်ကိုင်ပုဝါအပြာကလေးတစ်ထည် ပျောက်သွားပါသည်။ တွေ့ရှိသူသည် အောက်ပါလိပ်စာအတိုင်း အမြန်လာရောက်ပေးပို့ပါက ထိုက်သင့်သောဆုငွေကိုပေးပါမည်။

မေဦး

နှင်းဆီကုမ္ပဏီ

မဟာဗန္ဓုလပန်းခြံလမ်း



www.burmeseclassic.com

www.burmeseclassic.com



ဤကြော်ငြာကိုတွေ့ရသောအခါ သိန်းတန်မှာ ထခုန်မိမတက် ဝမ်းမြောက်သွားမိလေသည်။ သူ့လက်ကိုင်ပုဝါမှ အမွှေးယူဟူသော စာလုံးနှစ်လုံးမှာ မေဦးဟူသောနာမည်၏ အတိုကောက်သာလျှင် ဖြစ်ချေတော့သည်။

လိုက်ကိုင်းကြဲဆဇာတ်သော သိန်းတန်အဖို့ ယခုလည်းနည်းလမ်း ရလာပြန်လေသည်။ ခဏာမျှကြာအောင်တွေးလိုက်၊ ဝတ္ထုစာအုပ် အချို့ကိုလှန်လိုက်နှင့် ရည်းစားစာတစ်စောင် ရေးလေရာ ခိုးချ သော စာတစ်ဝက်၊ သူ့ပင်ရင်းစာတစ်ဝက် ထွက်လာလေ၏။

မောင်ချစ်တဲ့ မေ. . .

မေ. . . သို့မဟုတ် ညည့်သန်းခေါင်၏ သက်တန့်တစ်ခုဖြစ်သော

မေ့ကိုလေ ရတနာရောင်တွေနဲ့ တောက်ပြောင်နေတဲ့ ညဦး ရဲ့ ခန်းမကြီးထဲမှာ တွေ့ခဲ့ရတာပေါ့။ ညည့်သန်းခေါင်ရဲ့ သက်တန့် လေးဟာ ရေအိုင်ကလေးထဲမှာ ရေဆင်းသောက်နေသလို မေရဲ့ လက်ကလေးဟာ ဟင်းချိုခွက်ထဲကို နှိုက်လိုက်တော့ ကြိုက်မိပြီ ကွယ်။

ဓါတ်မီးကြိုးပြတ်သွားသလို မှောင်နေတဲ့ဘဝထဲက မောင့်ကို မေသနားတတ်တယ်ဆိုရင် မောင်ကသိုလ်ကောင်းတာပေါ့လေ။

ညရဲ့ လှုပ်ရှားနေတဲ့ လေနုအေးလေးထဲမှာ ပရစ်ဘလေးတွေ



www.burmeseclassic.com

www.burmeseclassic.com



ခံအော်နေကြတယ်လေ။ ဒါ့ကြောင့်မောင့်ကို ပြန်ကြိုက်ပါ။

မေရဲ့ ရုပ်ပါရုံကွန်ယက်မှာ မီနေတဲ့

ငါးခုံးမ

သိန်းတန်

ဤမျှလောက်ပင် ကဗျာဆန်သော စာတစ်စောင်ကို ကောက်ရေးလိုက်ကာ ပုဝါဖြင့် စာကိုဆေးထုပ်ထုတ်သလို တင်းကျပ်စွာထုတ်၍ ဘားလမ်းသို့ကားစီးလာခဲ့လေ၏။ ဂျစ်ကားမှာမူ သူ့ဦးလေးယူသွားသည်ဖြစ်သောကြောင့် ဘက်စ်ကားနှင့်ပင် လာခဲ့ရသည်။

သူတွေ့လိုသော နှင်းဦးကုမ္ပဏီကို လမ်းထဲတွင် အလွယ်တကူ တွေ့ရသည်နှင့် ဝင်ရောက်၍ မေးမြန်းရာ ဆိုင်အနောက်ဘက်အတွင်းသို့ ညွှန်ပြသဖြင့် ဝင်ရောက်သွားလေသည်။ ဧည့်ခန်းကို ရင်ဆိုင်တွေ့သော်လည်း မည်သူတစ်ဦးတစ်ယောက်မှ မတွေ့ရသဖြင့် ကုလားထိုင်တွင် ဝင်ထိုင်ပြီး ဟိုကြည့်သည်ကြည့် ကြည့်နေမိလေ၏။

ခဏမျှကြာသောအခါ ကလေးမလေးတစ်ယောက်ထွက်လာ၍ သိန်းတန်ကို မြင်သောအခါ–

"ဘယ်သူ့ကို တွေ့ချင်လို့ပါလဲ"

"မမေဦးကို"

"ဘာကိစ္စနဲ့လာတယ်လို့ ပြောရမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"လက်ကိုင်ပုဝါကိစ္စလို့ ပြောလေ"

ကလေးမလေး ပြန်ဝင်သွားလေ၏။ သိန်းတန်၏ အာရုံထဲတွင် ထိုနေ့ညက ၁၆–နှစ်မေလေး၏ ရုပ်ပါရုံသည်အနောက်နိုင်ငံ ရုပ်ရှင်ကားများထဲက ကောင်းဘွိုင်များပစ်လိုက်သော ကြိုးကွင်းကဲ့သို့ ရစ်၍ပေါ်လာလေတော့သည်။

ထိုနေ့ညကလို ပြိုးပြိုးပြောင်ပြောင် ဝတ်ထားသည်မဟုတ်သော်လည်း တစ်မျိုးအားဖြင့် ကြည့်ကောင်းသောအိမ်တွင်း အဝတ်အစားများဖြင့် ဖြစ်ပေလိမ့်မည်ဟု တွေးနေ့ထားလေသည်။

ရှပ် ရှပ် ရှပ် ရှပ်။

လာနေလေပြီ။

သိန်းတန်သည် မျှော်လင့်ကြီးစွာဖြင့် အခန်းဝသို့မျှော်ကြည့်နေမိလေသည်။ အခန်းဆီးသည် ရှုတ်တရက် လှုပ်ရှားသွားကာ ထွက်လာခဲ့လေပြီ။

"ဩအောင်မယ်လေးဗျ"

သိန်းတန်၏ ခေါင်းသည် ဆင်အကောင်ဘစ်ရာတိုက်လောက်ကြီးသွားသည်ဟု ထင်ရသည်။ အဘယ်ကြောင့်ဆိုသော် ထွက်လာသော မိန်းမမှ အသက်(၃၅)နှစ်လောက်ရှိ၍ အသားမဲမဲ နဖူးမောက်မောက်၊ သွားခေါခေါနှင့်ဖြစ်လျက် သိန်းတန်ကို မြင်လျှင်မြင်ခြင်း ရယ်ပြလိုက်ရာဖြစ်သည်ကား သိန်းတန်မှာ ဤသို့ခံနိုင်၍အော်မိခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ၏ အော်သံကိုကြားသည်နှင့် တပြိုင်နက်မိန်းမမှာ ပြုံး ပြုံးပြာပြာနှင့်ဖြစ်သွား၍ နံဘေးတပိုက်ဆီသို့ ဟိုကြည့်သည်ကြည့် ကြည့်လိုက်ပြီးမှ သိန်းတန်ကို စူးရှစွာပြန်ကြည့်လိုက်ရာ သိန်းတန် မှာ ကုလားထိုင်လက်တန်းများကို ဆုပ်ကိုင် မိလေတော့သည်။

"ဘာဖြစ်တာလဲရှင့်"

သိန်းတန်၏စိတ်ထဲတွင် မေဦးဆိုသည်မှာ ဤမိန်းမမဟုတ်ပါ စေနှင့်ဟု ဆုတောင်းနေစဉ်ဖြစ်၍ –

"ဘာဖြစ်တာလဲရှင့်" ဟု မေးလိုက်သောအခါ ကြမ်းပိုးကိုက် ၍ဟု ရိုးမယ်ရှာ၍ ပြန်ဖြေရန်ကလည်း စိတ်ကူးပေါက်လာသည် ဖြစ်ရကား–

"ခင်ဗျား ကြမ်းပိုးမဟုတ်ဘူး၊ မဟုတ်လား"

"အို ကြဲကြဲဖန်ဖန် ကျွန်မက ဘာဖြစ်လို့ ကြမ်းပိုးဖြစ်ရမှာလဲ ရှင့်"

"အား စကားမှားသွားတယ်၊ ဒီကုလားထိုင်က သိပ်ပြီး မေဦးကိုက်တယ်လို့ ပြောချင်တာ"

သိန်းတန်မှာ ပြောရင်းစကားတွေ ထပ်မှားကုန်သဖြင့် ထို မိန်းမကို ရှိုရိုးချင်လာလေ၏။ အကြောင်းကား အလကားနေရင်းပင် ဤမျှလောက် ရုပ်ဆိုးနေလျှင် စိတ်ဆိုးခဲ့ပါမူ ဤမိန်းမ၏မျက်ခွက် သည် သိန်းတန်ကို တစ်မိနစ်အတွင်း အသက်ထွက်သွားစေလိမ့် မည်ဖြစ်သောကြောင့်တည်း။



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ဘာတွေလျှောက်ပြောနေတာလဲ၊ နေမကောင်းဘူးလား။ ဒါဆေးရုံမဟုတ်ဘူးရှင့်"

"ဟုတ်ပါတယ်"

"မဟုတ်ပါဘူးဆိုမှ ဘာမဟုတ်တာလဲ"

"မဟုတ်ဘူးဆိုတာ ဟုတ်တယ်ကိုပြောတာပါ"

ဤတွင် မိန်းမသည် ပြုံးလိုက်ရာ သိန်းတန်မှာ မျက်လုံးပြူး သွားပြန်၏။

"ရှင်က ဘာဖြစ်လို့ ကျွန်မကို မျက်လုံးပြူးပြတာလဲ"

"ခင်ဗျားက ခေါ်ခေါ်ပြတာကိုး"

"ဘာခေါ်ပြတာလဲ"

"အာ မဟုတ်ပါဘူးလေ"

"ဘယ်နှယ့် မဟုတ်တာတွေ ပြောနေတာလဲ"

"အား အင်း ရှိုး‌ပါရဲ့"

"ဘာဖြစ်နေတာလဲရှင့် လက်ကိုင်ပုဝါလာပေးတာဆို"

ထိုမိန်းမက အစဖော်ပေးမှ သိန်းတန်လာရင်းကိစ္စကို သတိရ မိလေသည်။

"ခင်ဗျားက ဖေအီအား"

"ဘာရှင့်"

"အော် ခင်ဗျားက မွေ့ဦးလား"

"ဘာမွေ့တွေများ ဦးနေတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"မေဦး မေဦး အဲဒါခင်ဗျားလား"

"ဟုတ်တယ်လေ"

"အောင်မယ်လေးဗျ"

သိန်းတန်ဇါရင်ထဲ ဆို့သွားလေတော့၏။ သူ့ဆုတောင်း တက်တက်စင်လွဲလိုက်သည့်တွင် ဝမ်းနည်းစရာရှိက ဖြူးကုန်၊ ဝမ်းသာစရာရှိက ဖြူးကာနဲ့ဝမ်းသာတတ်သော သိန်းတန်မှာ ဟန် မဆောင်နိုင်တော့ဘဲ ဒုတိယအကြိမ် အော်မိပြန်လေသည်။

"ဘာဖြစ်ရပြန်တာလဲရှင့်၊ ဘယ်မလဲ ကျွန်မလက်ကိုင်ပုဝါ။ ဒီလက်ကိုင်ပုဝါက ကျွန်မယောက်ျားဆုံးကာနီး နှစ်ဆယ့်ငါးနှစ် မြောက် လက်ထပ်ခြင်းအထိမ်းအမှတ်နဲ့ပေးခဲ့တဲ့ လက်ဆောင်ထဲ မှာ တစ်ခုအပါအဝင်မို့ ကျွန်မမြတ်နိုးတာ၊ လက်ကိုင်ပုဝါရထား ရင် ပြန်ပေးလေ"

"ဟုတ်ကဲ့ ရော့"

သိန်းတန်သည် အိပ်ထဲနှိုက်လိုက်ပြီး လက်ကိုင်ပုဝါနှင့်တကွ ပါလာသောစာကိုပါ ကိုင်မိပြီး မျက်လုံးပြူးသွားလေရာ မေဦး သည် ရှတ်တရက် ...

"အောင်မယ်လေးရှင့်"

www.burmeseclassic.com

www.burmeseclassic.com



ဟု အော်လိုက်သဖြင့် သိန်းတန်သည် မတ်တပ်ရပ်လိုက်မိလေ၏။

"ဘာဖြစ်လို့လဲဗျ"

"ရှင် မအော်ခင်က အော်တာလေ၊ လက်ကိုင်ပုဝါလေးပေးဖို့အရေးကို ရှင်ဘာဖြစ်လို့ အော်အော်နေရတာလဲရှင့်"

သိန်းတန်မှာ မတ်တပ်ရပ်လျက်ကြီးပင် အကြံရကြပ်နေစဉ် အဝင်အပေါက်ဝမှာ မိန်းကလေးတစ်ယောက်ဝင်လာသည်တွင် မေဦးမှာ ပြုံး၍-

"ဟယ် နီနီ တစ်ယောက်တည်းလား"

ဟု မေးလိုက်ရာ သိန်းတန်ကလည်း လှည့်ကြည့်လိုက်မိလေ၏။

"အလို"

သူ မျှော်လင့်နေသော ၁၆-နှစ်မေလေးကို မမျှော်လင့်ဘဲ (အမှန်မှာ မျှော်လင့်နေသည်။ သို့သော် မမျှော်လင့်ပါ)တွေ့လိုက်ရသဖြင့် လွှတ်ကနဲထွက်သွားရာ မေဦးသည် သူ့ဘက်လှည့်၍

"အော် ရှင်က သူနဲ့သိသလား"

"ဟင့်အင်း မသိပါဘူး"

နီနီမှာ သိန်းတန်ကို တွေ့သောအခါ ဟိုနေ့ညကအဖြစ်ကို



www.burmeseclassic.com

www.burmeseclassic.com



ပြန်လည်သတိရမိပြီး ပြုံးလိုက်လေ၏။ သိန်းတန်မှာလည်း နီနီဘာကိုပြုံးသည်ကို သတိရသဖြင့်ပြန်လည်၍ ရက်ပြုံးပြုံးလိုက်လေသည်။ မေဦးသည် နီနီကိုကြည့်၍ -

"နီနီ သူ့ကိုသိလား"

"ဟင့်အင်း"

"နို့ ဘာဖြစ်လို့ ပြုံးတာလဲ"

"ရယ်ချင်လို့ပေါ့ မမရဲ့"

"အို ရယ်ချင်လို့ ပြုံးမှန်တော့ သိတာပေါ့၊ ရှင်ကကော ဘာဖြစ်လို့ ပြုံးသလဲ"

"ဈေးနားလို့ ပြုံးတယ်"

သိန်းတန်မှာ အရူးရှင်လာပြီဖြစ်သဖြင့် ရယ်စရာလေးတစ်လုံးလောက် ပြောလိုက်ပြီး သူ့အမှားကို ပြန်လည်သတိရမိလေ၏။ အဘယ်ကြောင့်ဆိုသော် သူဤသို့ပြောလိုက်သည်နှင့် မေဦးသည် သွားကြီးတစ်တောင်လောက်ပေါ်လာအောင် "ဟိုး ဟိုး ဟိုး ဟိုး" နှင့် ရယ်လိုက်လေရာ သိန်းတန်မှာ အရယ်မှ ရပ်ပါစေတော့ဟူသောသဘောဖြင့် "ဟိုမှာ ဟိုမှာ" ဟုအော်၍ အခန်းထောင့်သို့ လက်ညှိုးထိုးပြလေ၏။ ဤသို့ လုပ်လိုက်မှမေဦးအရယ် ရပ်သွားသဖြင့် သိန်းတန်၏ဆန္ဒပြည့်ဝသွားသည်ဟု ဆိုနိုင်စေကာမူ သိန်းတန်လက်ညှိုးထိုးလိုက်သောအပေါက်နားမှ အဖိုးကြီးတစ်ယောက်ထွက်လာလေ၏။ အဖိုးကြီးမှာ သိန်းတန်ကသူ့ကို

www.burmeseclassic.com

www.burmeseclassic.com



လက်ညှိုးထိုးထားသည်မှတ်၍ သူ့ကိုယ်သူပြာပြာသလဲငုံ့ကြည့်ပြီး မေဦးနှင့်ရှေ့ဆင့်နောက်ဆင့် မေးလိုက်၏။

"ဘာလဲရှင့်"

"ဘာလဲကွ"

သိန်းတန်သည် ခေါင်းကိုတစ်ချက်ကုတ်လိုက်ကာ

"ခြေဘ် ဦး အဟ္ဟ အဲ အို"

သိန်းတန်မှာ ဘာပြောရမှန်းမသိသောကြောင့် ထစ်နေလေရာ အဖိုးကြီးက–

"ဘာလဲကွ မင်းကသရတွေလျှောက်ရွတ်နေသလား"

"မဟုတ်ပါဘူး ဦးက မထွက်လာခင် အခန်းဆီးအောက်က ဦးခြေထောက်က အရင်ထွက်လာတယ်"

"ဟ ကောင်ရဲ့၊ ငါ့ခြေထောက်ကထွက်လာရင် ငါပါပါလာရမှာပေါ့၊ ငါ မပါဘဲနဲ့ ငါ့ခြေထောက်က ဘယ်နှစ်ချောင်းထဲ အဲလေတစ်ချောင်းထဲ အရင်ထွက်လာရမှာလဲ"

"မဟုတ်ပါဘူးလေ ဦးတော့ပါတာပေါ့၊ ဒါပေမယ့် ဦးကိုမမြင်ရသေးဘူး၊ ဦးခြေထောက်ကြီးကို အရင်မြင်လို့ ကျွန်တော်ကလန့်ပြီး ဟိုမှာဟိုမှာလို့ ပြောမိတာပါ"

"မင်းက ခြေထောက်မြင်ရင် လန့်တတ်သလား၊ ဒါဖြင့် ဘာလို့ခြေထောက်မရှိတဲ့ ရဲဘော်ပေါင်းတွေနဲ့ သွားမနေသလဲ"

"ကျွန်တော်က ခြေထောက်တွေတိုင်း လန့်တာမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ညြ ယောက်ျားခြေထောက်တွေ့မှ လန့်တယ်ဆိုပါတော့"

"မဟုတ်ပါဘူး၊ လူကိုမတွေ့ရသေးဘူး၊ ခြေထောက်ချည်းပဲတွေ့ရမှ လန့်တာပါ"

အဘိုးကြီးလည်း ဘာမျှမပြောတော့ဘဲ အရှေ့အပေါက်မှထွက်သွားလေ၏။ နီနီနှင့်မေဦးမှာ အဘိုးကြီးဝင်လာပြီးကတည်းက သူတို့ကို ဂရုမစိုက်တော့ဘဲ အချင်းချင်းသာ စကားပြောနေရာမှ နီနီက –

"လာဖြစ်အောင်လာနော် နီပြန်တော့မယ်"ဟု ပြောလိုက်လေ၏။

မေဦးက "ပြန်တော့မလား နေပါဦးအုံး"

"သွားစရာရှိနေသေးတယ်"

ပြောပြောဆိုဆို နီနီမှာထမီကိုအနည်းငယ်ပြင်ဆင်ဝတ်လိုက်၍ ထွက်သွားရာ မေဦးမှာလည်း လိုက်ထွက်သွားလေ၏။

သိန်းတန်မှာ တစ်ယောက်တည်း ထိုင်ကျန်ရစ်ခဲ့ရာမှ နီနီထမီပြင်ဝတ်သည်ကို တွေးမိသောအခါ မိန်းမမာယာထဲမှာ ကြိုက်လျှင် ထမီပြင်ဝတ်သည်ဟူသောစကားကို ကိုးကားနေမိလေတော့သည်။ ထို့ကြောင့်ပင် နီနီထမီပြင်ဝတ်သွားသောနေရာကို မျက်စိရောက်သွားသည်တွင် ဒိတ်ကနဲဖြစ်သွားသည်။

လက်ကိုင်ပုဝါအစိမ်းနုကလေး –

နီနီခါးကြားမှ ညှပ်ထားသော လက်ကိုင်ပုဝါလေးမှာ ထမီ



www.burmeseclassic.com

www.burmeseclassic.com



ဖြင့်ဝတ်သဖြင့် ကျကျန်ခဲ့နေခဲ့ပြန်ပြီ၊ ဤလက်ကိုင်ပုဝါကား နီနီဝင်လာခါစကတည်းက သတိထားမိသဖြင့် ဤတစ်ကြိမ်တွင်မူ မယ်ယက္ခ(သူ့စိတ်ထဲမှ ပေးသောအမည်)၏ လက်ကိုင်ပုဝါ မဟုတ်နိုင်တော့ပေ။ နီနီနှင့် သိန်းတန် နီးစပ်စေခြင်းငှာ မြှားနတ်မောင်သည် သူ၏တောင်ပံတစ်ဖက်ကို ချွတ်ထားခဲ့သည်ဟု သိန်းတန် အင်္ဂလိပ် ကဗျာဆန်ဆန် တွေးမိလေ၏။ သို့တွေးမိသည်နှင့် တစ်ပြိုင်နက်ပင် အချိန်ဖြုန်း မနေတော့ဘဲ ကဗျာကရာထ၍ လက်ကိုင်ပုဝါကို နှပြေးကောက်လေ၏။

သူ့လက်ကိုင်ပုဝါဆီသို့ မရောက်မီပင် အရှေ့ဘက်အပေါက်ဝ ကန့်လန့်ကာကြားမှ အဘိုးကြီးခြေထောက်တစ်ဖက်သည် အတွင်းသို့လှမ်းအတင်တွင် လက်ကိုင်ပုဝါပေါ်သို့ ကျလုဆဲဆဲ ဖြစ်လာသဖြင့်သိန်းတန်သည် အဖိုးကြီး၏ ခြေထောက်ကို ဆွဲလိုက်ရာအဖိုးကြီးမှာ ကော့လန်လန်ဖြစ်သွားရကား အပေါက်ဝဘေးရှိ ဘောင်နှစ်ဖက်ကို လှမ်းကိုင်ထားရလေသည်။ ဤခဏ၌ပင် သိန်းတန်သည် ညာဘက်လက်ဖြင့်ကိုင်ထားသော အဖိုးကြီး၏ ခြေထောက်ကို မလွှတ်သေးဘဲ ဘယ်လက်ဖြင့် လက်ကိုင်ပုဝါလေးကို ကောက်ယူပြီး အိတ်ထဲထည့်လိုက်ပြီးမှ အဖိုးကြီး၏ ခြေထောက်ကို လွှတ်လိုက်လေ၏။

ခြေထောက်လွှတ်လိုက်သည်နှင့်တစ်ပြိုက်နက် အဘိုးကြီးလည်း အခန်းထဲသို့ လျှင်မြန်စွာဝင်လာရာ တောင်းပန်ရှုပ်ပါးစပ်ပြင်

www.burmeseclassic.com



နေသော သိန်းတန်ကိုမြင်သည်နှင့်ပင် လက်ဝါးကာလိုက်ရင်း–

"မင်း မပြောနဲ့တော့ ငါသိပြီ၊ ငါ့ခြေထောက်မြင်ရင် မင်းလန့်သွားတယ်မဟုတ်လား"

"အစစ်ပေါ့ ဦးလေးရ"

အမှန်မှာ သိန်းတန်သည် စိတ်မဆိုးရန် တောင်းပန်မည်ဟု စိတ်ထဲထားသော်လည်း အဘိုးကြီးက ကြိုပြောလိုက်သဖြင့် သူပြောထားမည့်သောစကားကို ပြန်စဉ်းစားမိကာ လျှောချလိုက်ခြင်းဖြစ်လေသည်။ အဘိုးကြီးလည်း လေရှည်မတော့ဘဲ အခန်းကိုဖြတ်၍ နောက်ဖက်အပေါက်မှ ထွက်သွားလေ၏။

သိန်းတန်မှာ ခပ်တည်တည်နှင့် ပြန်ထိုင်လိုက်စဉ်

"ဟောတော့. . . လက်ကိုင်ပုဝါ ကျန်ရစ်ခဲ့ပြီ"

ဟူသော နီနီ၏အသံသာသာလေးကို ကြားလိုက်ရသည်တွင် သိန်းတန်မှာ ပြုံးတူးပြုံတဲဖြစ်သွားမိလေတော့သည်။ ပြန်ဝင်လာပြီးလာရှာလျှင် လက်ကိုင်ပုဝါပြန်ပေးရမည်ကား မိမိထိုင်နေသောနေရာနှင့် တော်တော်လှမ်းသောနေရာမှ လက်ကိုင်ပုဝါကို ထကောက်ထားသည်ကိုတွေ့သွားက သိမ်းထားသည်ဟု တွေးရမည်ကလည်း မိမိမှာ အိမ်ရှင်မဟုတ်သောကြောင့် ကစ်ထေးသည်ဟုပင် ထင်ချေတော့မည်။

မတွေ့သလိုလို ဟန်ဆောင်နေရမည်ကလည်း ဤအခန်းတွင် မိမိတစ်ယောက်တည်းရှိသည်မဟုတ်သောကြောင့် ယုံနိုင်ဖွယ်မရှိ။



www.burmeseclassic.com

www.burmeseclassic.com



ထို့ထက် မေဦးကလည်း သူ့လက်ကိုင်ပုဝါကိုယူထားသည်ဟုပြော လျှင် မိမိမှာ လက်ကိုင်ပုဝါအဟောင်းတွေ လျှော်ခိုးနေသော သူခိုးထူးဆန်းတစ်ယောက်ဖြစ်နေချေတော့မည်။ ပြန်ထားရမည်က လည်း နေရာမှာ တော်တော်လှမ်းသဖြင့်လည်းကောင်း၊ ခြေသံ များကိုလည်း ကြားရပြီဖြစ်သောကြောင့်လည်းကောင်း၊ ဘာမျှ မတတ်နိုင်တော့ဘဲ သိန်းတန်သည် နီးရာပြတင်းပေါက်မှကျော်ကာ ကမန်းကတန်းပြေးလေတော့၏။ နောက်ကို လှည့်မကြည့်ဘဲ သုတ် သုတ်လာလိုက်၊ ဘေးလူတွေ နဲနဲလစ်လျှင် တစ်လှမ်းနှစ်လှမ်း ပြေးလိုက်၊ ဘေးလူလမ်းသွားလမ်းလာများ တစ်ချက်လှည့်ကြည့် လိုက်လျှင် အပြေးရပ်၍ ခပ်သုတ်သုတ်ပြန်လျှောက်လိုက်နှင့် လစ် လာခဲ့ရာ မော်တော်ဘတ်စ်ကားပေါ်ရောက်မှ အသက်ရှူချောင် သွားလေတော့သည်။

❀

"ဟေ့ သိန်းတန် ဦးစံမတူတို့ အိမ်က ဘုရားကိုးဆူလာဖိတ် တယ် မင်းသွားလိုက်"

"ဒီနေ့လား"

"မနက်ဖန်ကာ ညနေခြောက်နာရီက ရှစ်နာရီအတွင်းတဲ့"

"ဘယ်က ဦးစံမတူလဲ"

"နီနီလေး ကုမ္ပဏီကွာ"

ဤနံမည်သည် သိန်းတန်အတွက် ရင်ဖိုသွားစေသောနံမည်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တော့သည်။ မုချပင် နီနီတို့တိုက်မှဖြစ်ရမည်ကို သိန်းတန်တွေးမိကာ ဝမ်းမြောက်ဝမ်းသာဖြစ်သွားလေ၏။ ဘုရားကိုးဆူသွားလူတွေလစ်တဲ့တစ်နေရာမှာ နီနီနဲ့နှစ်ယောက်ချင်းတွေ့၊ လက်ကိုင်ပုဝါပြန်ပေး တောင်းပန် စသောအရာများမှာ သိန်းတန်၏စိတ်ကူးရုပ်ရှင်ခန်းထဲမှ အခန်းများဖြစ်လေတော့သည်။ သိန်းတန်သည် မိမိအခန်းထဲတန်းဝင်သွားပြီး လက်ကိုင်ပုဝါလေးကို တစ်ချက်ကြည့်လိုက်ကာ စိတ်ကူးထုတ်နေလေ၏။

နည်းလမ်းကား ရပြန်လေပြီ။

ချက်ချင်းပင် သူ့အဒေါ်ဆီမှ ပိုးချည်နှင့်အပ်ကိုတောင်း၍ နီနီ၏ လက်ကိုင်ပုဝါလေးဝယ်"ချစ်ပါ"ဟူသောစကားလုံးနှစ်လုံးကို ထိုးလေတော့သည်။ မေဦး၏ လက်ကိုင်ပုဝါဖြင့် ထုပ်ထားသော စာကိုမူကား နိမိတ်မကောင်းဟု ယူဆကာ ဆုတ်ပစ်လိုက်ရန် စိတ်ပိုင်းဖြတ်ထားလိုက်ပြီးဖြစ်၏။

ဤသို့ဖြင့် ဘုရားကိုးဆူကပ်မည့် ညသို့ရောက်လာလေတော့သည်။

သိန်းတန်လည်း လက်ကိုင်ပုဝါကိုထည့်၍ ဂျစ်ကားလေးဖြင့် ထွက်လာခဲ့လေ၏။ သူ့တစ်ကိုယ်လုံးကိုလည်း ရှင်လောင်းကဲ့သို့ ကြွကြွရွရွလှပစွာ ပြင်ဆင်ထားလေသည်။

အိမ်မှာအပေါ်ထပ်ဖြစ်၍ ဂျစ်ကားကိုသော့ခတ်ပြီး အပေါ်ထပ်သို့ တက်ခဲ့ကာ လူတွေကြားထဲတွင် ဝင်ထိုင်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ညည်ခံနေသော အဘိုးကြီး အဘွားကြီးနှင့် မိန်းမတစ်ယောက်ကို မြင်သောအခါ ညစာစားပွဲညှိတွေ့မြင်ရသောနီနီနှင့်ပါလာကြသူများဖြစ်သည်ကို သတိရမိသဖြင့် နီနီ၏အဖေအမေနှင့် အစ်မဟု မှန်းယူဆလိုက်လေသည်။

မကြာမီပင် သူ့အတွက်လာချသော ကြာဇံပုန်းကန်ကိုကိုင်၍ ကုန်းစားနေစဉ် လှေကားမှ နီနီ၏ အသံကိုကြားလိုက်ရသဖြင့် နားစွင့်လိုက်မိ၏။

"မမက ဘာဖြစ်လို့ နောက်ကျတာလဲ၊ နီကဖြင့် မျှော်လိုက်ရတာ"

"ဟိုး ဟိုး နဲနဲနောက်ကျသွားတယ်ကွယ်"

သိန်းတန် ကောင်းကောင်းမှတ်မိ၍ ကောင်းကောင်းလန့်သော အသံဖြစ်လေ၏။ သူ့လက်ကိုင်ပုဝါကို လှူကြားထဲမှာ ပြန်တောင်းမည့်အချက်ကို သူ့မျက်ခွက်ကြီးမြင်ရမည့်အရေးက စွတ်လိုက်သည်တွင် သိန်းတန်မှာ ဟိုဟိုသည်သည်ကြည့်မိ၏။ သူ့ဘေးနားက လူနှစ်ယောက်မှာ ဘုရားကိုးဆူဆရာ ပြင်ထားသော ၄က်မျော ဘုရားပွဲစင်ဘက်သို့ ငေးကြည့်နေကြသည်ကို လည်းကောင်း၊ သူ့နောက်တွင် အခန်းဆီးကာထားသော် အခန်းရှိသည်ကို လည်းကောင်း မြင်ရသောအခါ ကြာဇံပန်းကန်ကြီးကို ကိုင်လျက်ပင် လစ်ကနဲ အခန်းဆီးဖြဲ၍ နောက်ဖက်အခန်းထဲသို့ ဝင်လိုက်လေ ၏။ လူတွေမှာ လှေကားမှတက်လာသော နီနီနှင့်မေမြိုးတို့ကို



www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေကြသည်ဖြစ်၍ သိန်းတန်ကို မည်သူကမျှ ဂရုမထား ကြပေ။

သိန်းတန်အခန်းထဲရောက်လျှင်ရောက်ခြင်းပင် အပြင်မှနီနီ၏ မေးခွန်းတစ်ခုမှာ လေထဲတွင်ဝေ့၍ ပါလာလေသည်။

"မမ ဒီညဒီမှာအိပ်နော် မပြန်ရဘူး"

သိန်းတန်ကား သေချင်စော်ဟုခေါ်ကြသော အနံ့တစ်မျိုး ရှူရှိုက်မိလေတော့သည်။ သရဲမကြီးပြန်ပါစေ၊ ဘီလူးမကြီးသွား ပါစေဟူ၍ နတ်သမီးပုံပြင်ကလေးများထဲမှ ကလေးငယ်ကဲ့သို့ ဆုတောင်းနေမိရှာသည်။ မေဦး၏ ပြန်ဖြေသံကို ဘာမျှမကြားရ သေး။ သို့ရာတွင် နီနီ၏အသံမှာ သိန်းတန်အဖို့ အော်င့်သက်သက် ဖြစ်သွားစေသည်သာ။

"ဒါမှပေါ့. . . မမက လိမ္မာသားပဲ"

ဤစကားကိုကြားရသောအခါ သိန်းတန်သည် မေဦးခေါင်း ညိတ်ပြလိုက်သည်ကိုတွေးမိပြီးဖြစ်ပါ၏။ ဤသို့တွေးမိသောအခါ အခန်းကိုဂရုတစိုက် ကြည့်ရှုမိလေတော့သည်။ အခန်းမှာ နဂိုက ဘာ့အခန်းဟုမပြောနိုင်သော်လည်း ယခုအခါ ညှော်ခန်းမှာ ကုလား ထိုင်များကိုပြည့်နှက်စွာ သွတ်သွင်းထား၍ မတ်တပ်တံခါးပေါက် တစ်ခုမှာ ဖွင့်၍မဖြစ်နိုင်၊ စားပွဲပေါ်ကုလားထိုင်ခုံငယ်များဆင့်ထား သည်ဖြစ်၍လည်း ပြတင်းပေါက်ကို ဖွင့်၍မရ၊ သိန်းတန်ထွက်ပြေး ရန် လမ်းစမှာ မရှိနိုင်ပေ။



www.burmeseclassic.com

www.burmeseclassic.com



သိန်းတန်မှာ မတတ်နိုင်တော့ဘဲ ကြာဖံကြီးကိုသာ အဝစား တော့မည်ဟု ကုလားထိုင်တစ်လုံးပေါ်ထိုင်၍ စားလက်စကြာဖံကြီး ပန်းကန်ထဲမှဖွန်းကို ကောက်ကိုင်လိုက်ရာ "တောက်"ကနဲမြည် သွားသဖြင့် မျက်လုံးပြူးသွားပြီး ဖွန်းကိုအသာမ၍ စားပွဲပေါ်သို့ အသံမမြည်အောင် တင်ထားလိုက်ရလေ၏။ ပြီးမှ ဆာကလည်း ဆာလှသဖြင့် ကြာဖံကြီးများကို တစ်ဖက်စီစုပ်ယူလေရာ အစပိုင်း မှာ ရှော့ကနဲ ဝင်သွားသော်လည်း အဆုံးပိုင်းက ဖက်ကနဲ နှာခေါင်းဖျားကို ပိတ်ရိုက်သည့်တွင် ဟင်းရည်စများမှာလည်း မျက် ခန်းစပ်သို့ စင်ကုန်သဖြင့် လက်ကိုင်ပုဝါဖြင့် သုတ်ရပြန်လေသည်။

ဤသို့ ရှော့–ဖတ်–သုတ်နှင့် ကြိုးစားပမ်းစားနေလေရာ ရှစ်နာရီထိုးခါနီးသောအခါ ကြာဖံကြီးများကုန်သွားလေတော့သည်။

ဤတွင်မှ ဟင်းရည်များကို ပန်းကန်စောင်းမော့ချလိုက်လေ တော့၏။ အလှူအိမ်များကို သွားရပေါင်းများလှခဲ့ပါပြီ။ အလှူ မှ အကျွေးအမွေးကို ခိုး၍လည်းစားရပြီး အပင်ပန်းလည်း များစွာ ခံရသောအခါမှာ ဤတစ်ခါတည်းသာဖြစ်တော့၏။

အချိန်နှောင်းလာပြီဖြစ်ရကား ဧည့်သည်များစဲကုန်ကြသော် လည်း စောစောကသိန်းတန်ဘေးပိုင်းက ထိုင်နေကြသော လူနှစ် ယောက်မှာ မပြန်ကြသေးပေ။ အိမ်သားများနှင့် ဘုရားကိုးဆူ ဆရာကြီးသာ ကျန်ရှိသောအခါတွင် လူနှစ်ယောက်သည် ရုတ် တရက်မတ်တပ်ရပ်လိုက်၍ တစ်ယောက်က ခြေခက်လုံးပြူး



www.burmeseclassic.com

www.burmeseclassic.com



သေနတ်ကိုထုတ်လိုက်ကာ ခပ်လှမ်းလှမ်းမှ ဦးစံဝသီသို့ ချိန်လိုက်ရင်း –

"ဦး တဆိတ်လောက် လက်မြှောက်ပါ၊ ခုခံမယ်မကြံပါနဲ့၊ ဒီဥစ္စာ တကယ့်သေနတ်ခင်ဗျ"

ဟု ယဉ်ကျေးစွာ ဓားပြတိုက်လေသည်။ ကျွန်လူတစ်ယောက်ကား နီနီတို့နှင့် အဘွားကြီးနားသွား၍ လက်ဝတ်လက်စားများကို လက်ကိုင်ပုဝါဖြင့် ထုပ်နိုင်းနေလေရာ အဘွားကြီးမျက်ရည်ကျသည်နှင့်အမျှ နီနီလေးမှာ နှုတ်ခမ်းလေးကိုကိုက်ကာ အတော်စိတ်တင်းထားရဟန်ရှိလေသည်။

လူဆိုးများကား ပိုင်လှဘိ။ အလှူသို့လာသော ညှိသည်ဟန်ဆောင်၍ ကျွေးမွေးသော အစားအစာများကို စားပြီးမှ ဓားပြတိုက်လိုက်လေတော့သည်။ နီနီကား ကယ်မည့်သူကို မမြင်ရှာတော့ပေ။ လှချင်ပချင်သော အရွယ်ရောက်စ သူ့အဖို့မှာ ဆင်းရဲရချေတော့မည်။ နီနီ၏ နှုတ်ခမ်းကလေးများကား တဆတ်ဆတ်တုန်၍ ကယ်မည့်သူကိုကြိုးစားပြီး ဆုတောင်းနေပါသော်လည်း မဖြစ်နိုင်ဟု နီနီယူဆထားသည်။

နီနီ၏ အယူအဆမှားခဲ့လေပြီ။

ကျွန်ုပ်တို့ဇာတ်လိုက်ကြီးသိန်းတန်ကား အခန်းစီးပေါ်တွင် မဲနက်စွာ ထင်ပေါ်လျက်ရှိသော သေနတ်ကိုင်လူဆိုး၏အရိပ်နှင့် စကားသံများကို ကြားရကတည်းက ကယ်ရန်အချက်များကို စဉ်း



www.burmeseclassic.com

www.burmeseclassic.com



စားနေလေသည်။

ကယ်လိုဏ်။ကြံဆဏ်။ထို့ကြောင့် နည်းလမ်းရလာပြန်လေသည်။

ချက်ချင်းပင် ကုလားထိုင်ပေါ်မှ ထလာ၍ ဘာမပြော ညာမပြောနှင့် အခန်းဆီးကလေးကို အောက်ခြေမှ မလိုက်ကာ သေနတ်ကိုင်လူဆိုး၏ ခြေသလုံးကို ဖက်ကိုက်လိုက်သည်တွင် လူဆိုးမှာ "အောင်မယ်လေးဗျ" ဟုအော်ပြီး သေနတ်ကိုပင် ပစ်ချလိုက်လေသည်။ ထို့နောက် ခြေသလုံးကို လက်နှစ်ဖက်နှင့် ကုန်းကိုင်လိုက်ရာ သိန်းတန်သည် မတ်တပ်ရပ်လိုက်ပြီး လူဆိုး၏ဖင်ကို ခြေဖြင့်ဆောင့်ကန်လိုက်သည်တွင် လူဆိုးမှာ ရှေ့သို့ဟပ်ထိုးပြီး ကျသွားလေ၏။ ဤတွင်မှ သေနတ်ကို ကောက်ယူပြီး လူဆိုးများအား ချိန်ထားလိုက်စဉ်ပင် လူဆိုး၏အော်သံကြောင့် စက်ဘီးပတ်တရောင် ပုလိပ်များ တက်လာကြလေ၏။

ကြက်သေတစ်ပိုင်း၊ ဘဲသေတစ်ပိုင်းသေနေသော ဦးစံဝကြီးမှာ ဤတွင်မှ ပုလိပ်များကို ရှင်းပြနေလေ၏။ သိန်းတန်သည် နီနီတို့ဘက်သို့ အသားယူစွာ လှမ်းကြည့်လိုက်ရာတွင် မေဦး၏ မျက်ခွက်ကြီးကိုပါ အဆစ်မြင်လိုက်ရသဖြင့် ချက်ချင်းပြန်လှည့်လိုက်စဉ် နီနီနှင့်မေဦး၏ အသံနှစ်ခု ကိုတစ်လုံးထဲ ကြားလိုက်ရ၏။

"လက်ကိုင်ပုဝါသူခိုး"

ဦးစံဝကြီးမှာ ပုလိပ်များကို ပြောပြနေရာမှ နီနီဘက်သို့ လှည့်၍ –



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်က လက်ကိုင်ပုဝါသူခိုးရမှာလဲ သမီးရဲ့၊ ဒမြ–ဒမြ လက်ကိုင်ပုဝါသူခိုးက ခြောက်လုံးပြူး ကိုင်မလာဘူး၊ ဘိန်းပြောင်း ကိုင်လာမှာ"

ဟု ဝင်ပြောလိုက်ရာ နီနီမှာ ချစ်စဖွယ် ပြုံးပြလိုက်လေသည်။

"မောင်သိန်းတန် ဒီမှာအိပ်ကွယ်၊ မနက်ဆွမ်းကပ်ပြီးမှ ပြန်တာပေါ့"

ပုလိပ်များနှင့် လူဆိုးများ ရှင်းသွားသည်တွင် ဦးစံဝကြီးက တောင်းပန်လိုက်ရာ ဖိုးအိပ်ချင်ဖြစ်နေသော သိန်းတန်မှာ ဟန်ပင် မလုပ်နိုင်တော့ဘဲ –

"ဟဲ ဟဲ ဟုတ်ကဲ့၊ ကျွန်တော်ကားကို ခြံထဲသွားသွင်းလိုက် ဦးမယ်"

ပြောပြောဆိုဆိုပင် သိန်းတန်လှေကားမှဆင်းသွားပြီး ကားကို ခြံထဲသွင်းထားလိုက်လေ၏။ လှေကားမှပြန်တက်လာသောအခါ လှေကားအလယ်တွင် ရပ်စောင့်နေသော နီနီမျက်နှာတစ်ခုထဲကို သာ စိုက်ကြည့်နေရလေသည်။

"လက်ကိုင်ပုဝါပြန်ပေး"

သိန်းတန်လည်း ပြုံးလိုက်ကာ လက်ကိုင်ပုဝါများကို တစ်ခုစီ ထုတ်လိုက်ပြီး နီနီ၏မျက်နှာကိုမော့ကြည့်၍ နီနီလက်ကိုင်ပုဝါ ပေးလိုက်၏။ တဖန် နီနီ၏မျက်နှာကိုပင်ကြည့်၍ပင် မေဦး၏ လက်ကိုင်ပုဝါကို မေဦးလက်ထဲထည့်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



အားလုံး အပေါ်ပြန်တက်လာကြသည်။

ဦးစံဝ၏တောင်းပန်ချက်ကြောင့် သိန်းတန်မှာ စိတ်မဝင်စားနိုင်ဘဲ ဖဲဝင်ကစားရတော့သည်။ ဦးစံဝ၏မိန်းမ ဒေါ်ကြီးကြီး၊ နီနီ့ခဲအို ကိုစံဝေ၊ နီနီ့အစ်မသီသီ၊ မေဦးတို့နှင့် ဖဲရိုက်နေရသော်လည်း စိတ်ကနီနီဆီကိုသာ ရောက်နေလေသည်။

"ငါ့စာကို မြင်မှမြင်ပါ့မလား၊ မြင်လို့စိတ်ပဲဆိုးနေမလား" စသည့်ဖြင့် တွေးတောကာ ကာဖိဖျော်ပြီး ဖဲဝိုင်းကို လာချပေးသောနီနီကို ဂရုစိုက်ကြည့်မိရာ အမူအရာများစွာမထူးခြားသဖြင့် "ငါ့စာကို မမြင်ဘူးထင်ပါရဲ့"ဟုတွေးကာ စိတ်ပျက်သွားရှာလေတော့သည်။ သို့ဖြင့် –

ဘုရားကိုးဆူဆရာသည် ဂြိုလ်များကို နှင်လေပြီ–

သိန်းတန်လည်း ပြန်ရပေတော့မည်။

ဂြိုလ်များကား အားရပါးရ အဝတွတ်၍ဆန္ဒပြည့်စုံပြီးမှ ပြန်ကြရသည်။ သူ့မှာ ဆန္ဒမပြည့်ဝဘဲ ပြန်ရချေအုံးမည်။

သို့သော် ဦးစံဝတို့နှင့် ရင်းနှီးသွားပြီဖြစ်၍ နောက်နောင်မှ ဆက်သက်၍ ကြံဆတော့မည်ဟု ဖြေရတော့မည်။

ဤသို့ဖြင့် ဖဲဝိုင်းများပြီးသွားသောအခါ ညောင်းသည်က



www.burmeseclassic.com

www.burmeseclassic.com



တစ်ကြောင်းကြောင့် ဦးစံဝတားသည့်ကိုပင် မရတော့ဘဲ အောက်ဆင်းလာခဲ့ပြီး ကားနားရောက်လာခဲ့လေ၏။

"ဟာ"

သိန်းတန်အံ့အားသင့်သွားလေသည်။ မိမိ၏ ကားလက်ကိုင်ဘီးတွင် ညကပြန်ပေးလိုက်သော နီနီ၏ လက်ကိုင်ပုဝါလေးချည်ထားလေသည်။ ဖဲပိုင်းတွင် ကာဖီလာထည့်ပေးသည့်နောက်တွင် လုံးဝမတွေ့လိုက်ရသော နီနီကို လက်ကိုင်ပုဝါလေးက ကိုယ်စားပြုလာရပ်ပြနေသည်ဟု သိန်းတန် ဝမ်းနည်းစွာ ယူဆလိုက်မိသည်။

"သူများလက်ကိုင်ပုဝါထင်ပါရဲ့"ဟု တွေးတောကာ လက်ကိုင်ပုဝါလေးကိုဖြေ၍ သေချာအောင် သူကိုယ်တိုင် တပင်တပန်းထိုးထားသောစာလေးကို ကြည့်မိသည်။ သူထိုးခဲ့စဉ်က "ချစ်ပါ" ဖြစ်၏။ ယခုကား "ချစ်ပါသည်"ဟူ၍ "သည်"တစ်လုံးပိုလာသည် ကိုတွေ့ရသောအခါ သိန်းတန်မှာ ထခုန်မိလေတော့သည်။

အပြင်လူများအဖို့ကား အညာလွယ်သည်ဟုဆိုကောင်းဆိုမည်ဖြစ်သော်လည်း သိန်းတန်အဖို့မှာမူ ဤ"သည်"ကလေးတစ်လုံးကိုပင် အလွန်တန်ဖိုးထားမိလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



လက်ကိုင်ပုဝါရှင်နီနီကား ဇာတ်ရည်လည်၍ နားလည်မှု ရှိသွားသော်လည်း မေဦးမှာမူ သိန်းတန်၏အပြုအမူများသည် ဤစာရေးနေသည့်အချိန်အထိ မရှင်းမရှင်းပင် ဖြစ်နေချေသေး တော့သည်ကား။

သိန်းတန်စွံသွားပါပြီ။ သို့သော် ကောင်မလေးမှာ ငယ်သေး၍ နောက်ထပ်လေးငါးနှစ်လောက် စောင့်ရဦးမယ်တဲ့။

ဇွန်လ၊ ၁၉၅၁ (ကလောင်စုံမဂ္ဂဇင်း)

www.burmeseclassic.com

www.burmeseclassic.com

## ဒီလိုဖြစ်ရမှာပေါ့

မနုရီတို့ အလယ်ထပ်ပြောင်းလာသည်မှာ ငါးရက်လောက်ပင် ကြာသေးသည်။

အပေါ်ထပ်မှ ညိမ်းမောင်မှာ လှေကားအဆင်းအတက်တွင် မကြာခဏ ဆုံမိကြသည်ဖြစ်၍ မနုရီ၏နံမည်ကလေးမှအပ အခြား ချောပုံလှပုံ ကိုယ်လုံးကိုယ်ပေါက် ကျနပုံကို အလွတ်ရနေပြီဖြစ် ၏။

ညိမ်းမောင်မှာ ဘီအေအထက်တန်းကျောင်းသားတစ်ယောက် ဖြစ်၍ ရေနံချောင်းမှလာရောက်ကာ ငယ်သူငယ်ချင်း စိန်ဦး၏ အိမ်ခန်းတွင် လာရောက်နေထိုင်သူဖြစ်လေသည်။

စိန်ဦးတို့ လင်မယားနှစ်ယောက်စလုံးမှာ ကလေးမရှိသူများ ဖြစ်သည့်အပြင် နှစ်ယောက်လုံး ရုံးအလုပ်သမားများဖြစ်ကြ၍ ယခုကဲ့သို့ ကြာသပတေးနေ့မျိုးတွင် ညိမ်းမောင်တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



တည်းအခန်းထဲတွင် ရှိနေသည်မှာ မဆန်းပေ။

မနုရီ မက်ထရစ်ဖြေရန်အတွက် ပညာသင်ကျောင်းတစ်ကျောင်း၌နေသည်ကိုလည်း ညိမ်းမောင်သိ၏။ ညနေသုံးနာရီခန့် ကျောင်းဆင်း၍ လေးနာရီမထိုးမီ ဆယ့်ငါးမိနစ်ခန့်တွင် လှေကား၌ တွေ့ဆုံနိုင်သည်ကိုလည်းသိ၏။ ထို့ကြောင့်ပင် ညနေပိုင်း တက်စရာရှိသောပါဠိကိုပင် မတက်တော့ဘဲ စာတစ်စောင်ရေးကာ မနုရီ၏အပြန်ကို စောင့်လျက်ရှိသည်။

သူ့အကြံကား တော်တော်ပိုင်သည်ဟု ဆိုရပေမည်။ လမ်းမ၌ စာပေးလျှင် လူများမြင်ကြမည်။ ကျောင်း၌စာပေးလျှင် ကျောင်းသား အဖော်များမြင်ကြမည်။ အိမ်ထဲ၌စာပေးလျှင် အိမ်သူအိမ်သားတွေ သိကုန်မည်။ ထို့ကြောင့် လမ်းမကျ အိမ်မကျ လှေကားအတက်အဆင်းကား အနည်းငယ်လည်း မှောင်၏။ မနုရီတို့၏ အခန်းသည်လည်းကောင်း၊ မျက်နှာချင်းဆိုင်အခန်းသည်လည်းကောင်း အမြဲတမ်း တံခါးပိတ်ထားလေ့ရှိကြလေသည်။ သို့ဖြစ်၍ မှောင်နိုရည်းစားစာသည် အကျိုးဖြစ်ထွန်းမည်ဟု သူမျှော်လင့်ထားလေသည်။

သုံးနာရီခွဲသည်နှင့်တပြိုင်နက် ကြမ်းပိုးများသော ကုလားထိုင်ကို ထိုင်မိသူသကဲ့သို့ ဖင်တကြွကြွဖြစ်လာသည်။ တံခါးပေါက်မှ လှေကားသို့ ချောင်းကြည့်ရသည်မှာလည်း လိပ်ခေါင်းကဲ့သို့ ထွက်ချည်ဝင်ချည် ဖြစ်လှုပြီ။

www.burmeseclassic.com



မျှော်ရဖန်များသဖြင့် မောသွားဟန်ဖြင့် ပြန်ထိုင်ပြန်ကာ တိုင်ကပ်နာရီကို မော့ကြည့်နေပြန်သည်။

ဤသို့ဖြင့် လေးနာရီထိုးရန် ဆယ့်နှစ်မိနစ်လောက်တွင် တဖန် ထချောင်းပြန်ရာ လှေကားမှ တက်လာသော မနုရီကိုတွေ့လိုက်ရသည်တွင် ကမန်းတတန်းတံခါးချပ်ကိုဆက်ဆွဲလိုက်ပြီး အပြင်ထွက်လိုက်ကာ လှေကားထစ်နှစ်ထစ် ဆင်းလိုက်ပြီးမှ စာကျန်ခဲ့သည်ကို သတိရကာ ကပျာကရာပင် ပြန်တက်ပြီး အခန်းထဲကို ပြန်ဝင်လိုက်သည်တွင် သူထွက်စဉ်က ပြန်စေ့ထားမိသော တံခါးရွက်နှင့် နဖူးတို့ပစ်ဆောင့်လိုက်ကြလေ၏။

နာသည်ကိုပင် အရေးမထားနိုင်တော့ဘဲ တွန်းဝင်သွားကာ စားပွဲပေါ်မှ စာခေါက်ကိုယူပြီး ပြန်ထွက်မည်ပြု၏။

"ဟ မနိပ်သေးဘူး၊ အသားလွတ်ဖြစ်နေတယ်"

ဟု ကြုပြန်ကာ စားပွဲပေါ်တွင် တွေ့ရာသင်္ဂဇာဆရာတော်ဘုရားနိဿယပြန်သော ဓမ္မပဒစာအုပ်ကြားထဲသို့ ညှပ်လိုက်ပြီး စာအုပ်ပါယူ၍ ဒရောသောပါးပြေးဆင်းလာခဲ့လေ၏။

ထိုအချိန်တွင် မနုရီမှာ သူ့အခန်း၌ပိတ်ထားသော တံခါးရှေ့တွင် ရပ်နေပြီဖြစ်ရာ အနားရောက်လာသော ညိမ်းမောင်မှာ နှလုံးကလေးတုန်၊ မောကလည်းမောနှင့် မျက်လုံးပြူးလျက် ရှုံ့မဲ့ရှုံ့ရှုံ့နှင့် ဖြစ်နေရကား မနုရီက ကြောက်ကြောက်နှင့်ကြည့်သည်ကို ညိမ်းမောင်သည် သူ့အားမနုရီပြုံးပြုံပြသည် အမှတ်နှင့်သာ၍


www.burmeseclassic.com

www.burmeseclassic.com



လန့်သွားကာ နှာခေါင်းကြီးများပင် ပွထလာမိလေ၏။

တဖန် မနုရီမှာ ညိမ်းမောင်၏မျက်နှာထားကြောင့် ရင်များဖို သွားပြန်ကာ ကဗျာကရာ တံခါးထုခေါက်လိုက်လေ၏။

"ဒေါက် ဒေါက် ဒေါက်"

တံခါးခေါက်သံကြားမှ ညိမ်းမောင်မှာသူ့ကိုစွမပြီးမြောက်သေး သည်ကို ပြန်လည်သတိရမိပြီး ကမန်းကတန်းပင်-

"ရော့ ရော့"

နှင့် ဓမ္မပဒစာအုပ်ကြီးကို မနုရီအား ထိုးပေးနေလေသည်။

ဤတွင်မှ မနုရီမှာညိမ်းမောင်အကြံကို ရိပ်မိလာလေသည်။ မနုရီမှာလည်း ညိမ်းမောင်ကို ဂရုထားသည်ဖြစ်ရကား ညိမ်းမောင် အား မျက်စိစပါးမွေးစူး မထားစေကာမူ ဤသို့စာပေးကြောင်း သိရသောအခါ အကြောက်တစ်မျိုးဖြစ်ပေါ်လာပြန်လေ၏။

မနုရီတွေဝေနေစဉ် "ဂျောက်"ခနဲ တံခါးဖွင့်သံထွက်ပေါ်လာ ရာ မနုရီမှာ ဘာမျှမစဉ်းစားနိုင်တော့ဘဲ ညိမ်းမောင်အား သနား သလိုလို စိတ်ရင်းခံကြောင့် စာအုပ်ဆွဲယူလိုက်ကာ လက်ထဲတွင် ပိုက်ထားသော ကျောင်းစာအုပ်များနှင့် ထပ်ကိုင်လိုက်ပြီးသည်နှင့် တပြိုက်နက် တံခါးချပ်လည်း ပွင့်လာပြီဖြစ်သဖြင့် အထဲဝင်သွား လေ၏။

တံခါးဖွင့်ပေးသော မနုရီ၏မိခင်မှာ မနုရီဝင်လာပြီးဖြစ်သော် လည်း တံခါးကို ပြန်မပိတ်သေးဘဲ ညိမ်းမောင်ကို မနုရီ၏

www.burmeseclassic.com



ညှိသည့်ကျောင်းသားတစ်ယောက်မှတ်၍ –

"လာလေ. . . မောင်ရင်၊ ဘယ့်နှယ်ပြန်ဆင်းသွားမလို့လဲ"

ဟု မေးလိုက်ရာ လစ်တော့မည်ပြုနေသော ညိမ်းမောင်မှာ လန့်ဖျပ်သွားပြီး –

"တခြား ဘယ်နှယ့်မှတော့ မလုပ်ရသေးပါဘူးခင်ဗျာ"ဟု ဖြေလိုက်လေ၏။

ဤသို့သော ဖြေသံကို အပေါက်နားရှိ ကုလားထိုင်တွင် စာထိုင်ဖတ်နေသော မနုရီ၏ဖခင် ဦးလုမောင်ကြားမိသည့်တွင် ခေါင်းပြောင်ကလေးကို ထောင်ထလိုက်ငေးရင်း –

"ဘယ့်နှယ့်အဖြေလဲ့ဟေ့" ဟု မေးလိုက်၏။

ညိမ်းမောင်မှာ မိမိအဖြေမှားသွားပြီးမှန်း သိသော်လည်း အဒေါ်ကြီးနားထဲတွင် ဗလုံးဗထွေးကြီးဝင်သွားမှန်းကို အကဲခတ်မိသဖြင့် ဟန်မပျက်ဝင်လာပြီး ဦးလုမောင်အနား၌ ဝင်ထိုင်လိုက်၏။

ဦးလုမောင်မှာ သူ့အမေးကို ဖြေမည်လားဟု ညိမ်းမောင်ကို လိုက်ကြည့်နေရာ သူ့အနားတွင် ဝင်ထိုင်ပြီး အေးအေးဆေးဆေးပင် နောက်မှီနေသော ညိမ်းမောင်ကိုတွေ့ရသောအခါ မအောင့်နိုင်တော့ဘဲ . . .

"ဟင်"

ဟု ထပ်မေးလိုက်ရာ စောစောကမေးခွန်းကို မကြားလိုက်



www.burmeseclassic.com

www.burmeseclassic.com



သော ညိမ်းမောင်မှာ မျက်လုံးပြူးသွားပြီး –

"အို"

ဟု မေးခွန်းအဆန်းဖြင့် ပြန်မေးလိုက်မိလေတော့သည်။

ဦးလှမောင်မှာ ဘယ်လိုသတ္တဝါပါလိမ့်ဟူသော အတွေးဖြင့် ကြည့်ရင်း–

"မင်း အခုန အပေါက်ဝမှာဖြေတဲ့အဖြေဟာ မေးခွန်းနဲ့ မဆိုင်ပါလားကွ"

ဟု ခပ်ဆတ်ဆတ်ပြောလိုက်ရာ ညိမ်းမောင်မှာ သူ၏လွတ်သွားသောအဖြေကို အဘိုးကြီးရိပ်မိသွားပြီဟုသိကာ တိတ်သွားပြန်၏။

"ခင်ဗျာ"

ဟု ပြန်မေးလိုက်မိပြန်လေ၏။

အဘိုးကြီးမှာ မျက်လုံးကျယ်ကြီးဖြင့် ကြည့်လိုက်ရင်း –

"မင်းအခုနက အပေါက်ဝမှာ ဖြေတဲ့အဖြေဟာ မေးခွန်းနဲ့ မဆိုင်ပါလား"

ဟု ခပ်ငေါက်ငေါက်မေးလိုက်မှ ညိမ်းမောင်မှာ အကြံရလာပြီဖြစ်သဖြင့်. . .

"ကျွန်တော် နားလေးနေတယ်ခင်ဗျ"

ဟုပြောလိုက်မှ အဘိုးကြီးမှာ ကျေနပ်သွားဟန်နှင့်. . .

"ဒီလိုဖြစ်ရမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလိုက်ပြီး ရွှေမျက်မှန်ကလေးနှင့် ညိမ်းမောင်ကို ကြည့်လိုက်မိပြန်ကာ–

"အင်း မျက်စိကလည်းမကောင်း၊ နားကလည်းပျက်ဆိုတော့ တော်တော်ဝဋ်ကြီးတဲ့ကောင်လေးပဲ"

ဟု တိုးတိုးကလေးညည်းလိုက်ရာ ညိမ်းမောင်မှာ အဘိုးကြီး သနားအောင် မျက်နှာငယ်ကလေးနှင့် "ဟုတ်ကဲ့"ဟု ဖြေလိုက်မှ အဘိုးကြီး မျက်လုံးပြူးသွားလေ၏။

"ဟင် မင်း တိုးတိုးပြောတာ ကြားတယ်လား"

ဤတွင်မှ ညိမ်းမောင်မှာ သူ့ဒုတိယမွဲ လွတ်သွားပြန်ပြီဟု ရိပ်မိတော့၏။ သို့သော် ဟန်မပျက်ပင် –

"ဟုတ်ကဲ့ တခါတခါတော့ ကြားပါတယ်၊ အခုဟာ ကျွန်တော် ကျောင်းသားလားလို့မေးတာမဟုတ်လား"

ဟုအဘိုးကြီးကိုပြန်မေးမှ အဘိုးကြီးသည် သက်ကကင်းသွားကာ စကားနည်းစေရန် ခေါင်းညိတ်လိုက်ပြီး "ဒီလိုဖြစ်ရမှာပေါ့" ဟု သူ့အနှစ်သက်ဆုံးဝါကျကလေးကို ညည်းလိုက်လေသည်။

ဤအချိန်တွင် မနုရီသည် သူ့အမေနှင့်အိမ်နောက်ဖေးလိုက်သွားပြီဖြစ်၏။ ကျောင်းစာအုပ်များကိုမူ အိခြေမပျက်စေရန် နောက်ဖေးမယူသွားဘဲ အနီးမှ စားပွဲပေါ်တွင်ပင် တင်ထားခဲ့ရာ ညိမ်းမောင်မှာ တထိတ်ထိတ်နှင့် မမွပဒစာအုပ်ကိုပင် မျက်ခြေမပျက်ကြည့်နေမိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



မနုရီ၏မိခင်မှာ မနုရီအား သူသိလိုသမျှကို မေးမြန်းနေလေရာ မနုရီလည်း ညိမ်းမောင်အကြောင်းကို ရေရေလယ်လယ် သိသည်မဟုတ်ရကား ရမ်းဝါးနေလေ၏။

"သူက ကျောင်းသားပဲလား"

"ဟုတ်တယ်လေ မနုရီရဲ့ သူငယ်ချင်းပေါ့"

"လူနံမည်က ဘာတဲ့တုန်း"

"ရစ်ချာ့ဒ်–တဲ့"

မနုရီမှာ အဘွားကြီးမှတ်ရခက်အောင် အင်္ဂလိပ်နာမည်ကြီး ပြောလိုက်ခြင်းဖြစ်လေသည်။

မကြာမီပင် မနုရီအဘွားကြီးနှင့် လက်ဖက်ရည်ပန်းကန်များပါ ဧည့်ခန်းသို့ ရောက်လာကြလေ၏။

ညိမ်းမောင်နှင့် ဦးလှမောင်တို့၏အကြားရှိ စားပွဲကလေးပေါ်တွင် လက်ဖက်ရည်အငွေ့တထောင်းထောင်းနှင့် ပန်းကန်နှစ်ခုလည်း ရောက်ရှိနေလေ၏။

ဦးလှမောင်မှာ လောကဝတ်ကျေပြွန်စွာနှင့်–

"ကဲ သောက်လိုက်အုန်း။ ဒါထက် မောင်ရင်ဘယ်မှာနေလဲ"

"အပေါ်ထပ်"

ညိမ်းမောင်က အဖြေမဆုံးမီ အဘွားကြီးက –

"ဟင် ကျောင်းသားဆို"



www.burmeseclassic.com

www.burmeseclassic.com



ဟုမေးလိုက်ရာ ဦးလှမောင်က အဘွားကြီးအား မတိုးမကျယ်ဖြင့် "သူနားလေးနေတယ်"ဟု ပြောလိုက်ပြီး ညိမ်းမောင်အား ခပ်ကျယ်ကျယ်မေးပြန်၏။

"ဘယ်မှာနေလဲ"

"အော် စောစောက မေးတာလား။ ကျွန်တော်က ပညာဘယ်မှာသင်လဲ မေးတယ်မှတ်လို့၊ ကျွန်တော်ပညာသင်တဲ့နေရာမှာ ကျောင်းအပေါ်ထပ်မှာပါ။ ကျွန်တော်နေတော့ ဟို ဟို ငါးဆယ့်နှစ်လမ်းမှာပါ"

အဘိုးကြီးနှင့် အဘွားကြီးကား အိမ်ပြင်ထွက်ကြသူများမဟုတ်၍ ဖြီးသမျှယုံနေကြလေသည်။ ညိမ်းမောင်မှာလည်း စောစောက ဆင်းသွားတော့ ဟန်မျိုးဖြစ်ခဲ့သည်မှအစ မနုရီနှင့် တစ်ခါတလေမှတွေ့ရသော သူငယ်ချင်းဟန်မျိုးကိုဆောင်လို၍ ဤသို့ဖြေလိုက်ရခြင်းဖြစ်လေသည်။

အဘိုးကြီးကား ဤမျှမရပ်သေးဘဲ. . .

"နံမယ်ကကောကွ"

"ညိမ်းမောင်ပါခင်ဗျာ"

ဤနေရာတွင်လည်း အဘွားကြီးကဝင်၍. . .

"ဟ မနုရီပြောတော့ ဘာတဲ့ လချက်–ဆို"

"အို ရစ်ချာဒ်ပါမေမေရဲ့"

ဤသို့ မနုရီက ဝင်ထောက်ပေးသလိုလိုနှင့် လမ်းခင်းပေး



www.burmeseclassic.com

www.burmeseclassic.com



လိုက်မှ ညိမ်းမောင်မှာ အကြံရလာကာ –

"ဟုတ်ကဲ့ အင်္ဂလိပ်ကျောင်းမှာ ငယ်ငယ်က နေခဲ့ရတော့ ငယ်နံမည်က ရစ်ချာ့လေ"

ဟုဆက်ဖြီးလိုက်လေ၏။

"အဲ ဒီလိုဖြစ်ရမှာပေါ့"

ဟုပြောပြီး ဦးလှမောင်မှာ စကားစပြတ်သွားရကား စားပွဲပေါ်ရှိ မနုရီ၏ စာအုပ်ကိုမြင်လိုက်သည်တွင်. . .

"အော် စောစောက သမီးပိုက်လာတဲ့အထဲမှာ ဓမ္မပဒမြင်လိုက်ပါတယ်"

ဟု ပြောလိုက်ရာ မနုရီမှာ မနေသာတော့ဘဲ ပြန်ဖြေရလေ၏။

"ဟုတ်ကဲ့ ဖတ်ကြည့်မလို့၊ သူငယ်ချင်းတစ်ယောက်ဆီက ငှားခဲ့တယ်လေ"

"ပေးစမ်းကွယ်၊ ဖေဖေ ဖတ်ကြည့်စမ်းမယ်"

အဖိုးကြီး၏ စကားအဆုံးတွင် မနုရီရော ညိမ်းမောင်ပါ မျက်လုံးပြူးသွားကြလေ၏။

မနုရီမှာ ညိမ်းမောင်အားမျက်လုံးဖြင့် အကူအညီတောင်းလိုက်ရာ ညိမ်းမောင်မှာ အဖိုးကြီးအာရုံပြောင်းသွားစေရန် စကား ရှာ၍မရသဖြင့် ကြံမိကြံရာ သူ့ဖို့ထားသော လက်ဖက်ရည်ခွက်ကို မတော်တဆလိုလိုဖြင့် တမင်တိုက်ချလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ပန်းကန်ကွဲသံကြားလျှင် အဖိုးကြီးအာရုံပြောင်းသွားရမည်ဟု ကြံကာ လုပ်လိုက်လေရာ ပန်းကန်မှာ အဖိုးကြီး၏ခြေထောက်ပေါ် စွတ်စွတ်ရွှတ်ရွှတ်ကျသွားလေသည်။

အဘိုးကြီးမှာ သူ့လက်ဖက်ရည် ပူပူဒဏ်ကြောင့် -

"အား ပူး ပူး "

ဟု ပါးစပ်ထဲမှ လက်ဖက်ရည်များကို စွတ်မှုတ်ထုတ်လိုက်ရာ လက်ဖက်ရည်နှင့် တံထွေးများမှာ ညီမ်းမောင်မျက်ခွက်ပေါ်သို့ ဒါရိုက်တစ်ကျရောက်ကုန်သဖြင့် ညီမ်းမောင်မှာယောင်ပြီး လက်ဖက်ရည်စက်များကို လက်ဖြင့်ပုတ်ချမိလေ၏။ ဤသို့ ပုတ်ချလိုက်ရာတွင် သူ့မျက်မှန်သူပုတ်ချလိုက်မိသဖြင့် မျက်မှန်ကလေးမှာ လွင့်စင်ပြီး အဘွားကြီး၏ မျက်ခွက်ကို မှန်ပြန်လေ၏။

ဤသို့သော လျှင်မြန်လှသည့် ဗရုတ်ဗရက်အဆုံးတွင် ညီမ်းမောင်မှာ အဘိုးကြီး အဘွားကြီးတို့၏ မျက်နှာကိုမကြည့်ရဲတော့ဘဲ ကဗျာကရာထ၍ လစ်ထွက်လာခဲ့လေ၏။

အပေါ်ထပ်တက်သွားလျှင် နောက်ဇာ လိုက်လာက ပြေးပေါက်ရှိမည်မဟုတ်သဖြင့် လှေကားမှ ဆင်းပြေးခဲ့ရလေ၏။ သို့ရာတွင် မျက်မှန်မပါတော့သည် ဖြစ်ရကား နှစ်ထစ်မျှဆင်းပြီး နောက်တစ်ထစ်ကို ကျော်ဆင်းမိသဖြင့် ဖင်ထိုင်ရက်ကြီး ဒုန်း ဒုန်း ဒုန်း ဒုန်းနှင့် စက်အမြှောက်ပစ်သွားလေတော့သည်။

ဤအချိန်တွင် မနုရီ၏ ကြီးတော်ရသေ့မကြီးမှာ မနုရီတို့ဆီ



www.burmeseclassic.com

www.burmeseclassic.com



လာလည်ရန် တက်လာသဖြင့် ညိမ်းမောင်၏ တစ်တီတူးငှက်ကဲ့သို့ မိုးမျှော်နေသော ခြေထောက်အစုံမှာ ရသေ့မကြီး၏ ရင်ဘတ်ကို ပြေးဆောင့်လိုက်မိပြီး နှစ်ယောက်စလုံး ဗလုံးဗထွေးနှင့် ပလက်ဖောင်းပေါ်သို့ ကျလာကြလေ၏။

ညိမ်းမောင်မှာ အခွင့်သာလျှင်သာခြင်း မတ်တပ်ရပ်လိုက်ရာ ဘေးက ကုလားဆိုင်တစ်ဆိုင်ရှေ့တွင် ရပ်မိလျက်ဖြစ်နေလေ၏။ စောစောက ဗလုံး ဗထွေးဖြစ်စဉ် ရသေ့မကြီး၏တစ်ဘက်မှာ သူ့လည်ပင်းတွင် ပတ်လျက်ရှိသဖြင့် ဆိုင်ရှင်ကုလားမှာ ဘုရားတည်ကျောင်းဆောက်ရန်လာသော အလှူခံမှတ်၍ "ကျောင်းကျောင်း"နှင့် စွတ်မောင်းထုတ်နေလေတော့သည်။

ကုလား၏ "ကျောင်း" သံကြားတော့မှ ညိမ်းမောင်လည်း "ကျောင်း"ရန်ဟန်ပြင်လိုက်သည်နှင့် တပြိုင်နက် ရသေ့မကြီးသည် သူ့တစ်ဘက်ပါသွားသဖြင့်

"ပါသွားပြီ ပါသွားပြီတော့"

ဟု အော်လိုက်သဖြင့် ပတ်ဝန်းကျင်မှ လူများမှာ လုယက်မှုဟု အထင်ရောက်သွားကြကာ ဝိုင်းလာလေ၏။

လူတွေဝိုင်းလာသည်နှင့်တစ်ပြိုက်နက်ပင် ငြိမ်းမောင်မှာ တစ်လှမ်းနှစ်လှမ်းပြေးလိုက်ရာတွင် လူအုပ်ထဲမှ ခပ်ဖျတ်ဖျတ်လတ်လတ်လူတစ်ယောက်က လေလွင့်နေသော တဘက်စကို ဖမ်းဆွဲလိုက်လေရာ ငြိမ်းမောင်မှာ ကော့လန်လန်ကြီးဖြစ်သွားပြီး



www.burmeseclassic.com

www.burmeseclassic.com



"အစ် အစ် အစ်"နှင့် မျက်လုံးပြူးလျှာထွက်လာလေ၏။

ဦးလှမောင်တို့လည်း ဆင်းလိုက်လာကာ ရသေ့မကြီးအား အကျိုးအကြောင်း မေးကြလေ၏။

"ဘာပါသွားတာလဲ"

"တဘက် တဘက်"

ရသေ့မကြီး၏အဖြေကို ကြားရသောအခါ ဖမ်းထားသူလည်း ညိမ်းမောင်ကို သေသေချာချာကြည့်ကာ. . .

"ဘာသဘက်လဲ၊ ဒီလူ့ကို သဘက်ပူးတာလား"

ဟုမေးကာ အူကြောင်ကြောင်ဖြစ်နေလေ၏။

ဤကဲ့သို့ အကုန်လုံးရှုပ်ထွေးစဉ် မနုရီသည် သူနိုင်သည့် ဓာတ်ကွက်ကိုဝင်ရောက် ကပြလေတော့သည်။

"ဒီလိုပါ. . . ဒီ ကိုညိမ်းမောင်က အရိုးနဲ့ခင်လို့အရိုက သူ့ အကြောင်း ကောင်းကောင်းသိပါတယ်၊ သူ စာသိပ်ကြိုးစားတာမို့ ဦးနှောက်ပျက်ပြီး ဒီလိုပဲ တစ်ခါတစ်ခါ အရူးထတတ်တယ်လေ"

မနုရီစကားအဆုံးတွင် ညိမ်းမောင်ရှို့မဲ့မဲ့ကြီးဖြစ်သွားသော်လည်း ဦးလှမောင်မှာ ကျေနပ်သွားသလိုမျက်ခုံးနှစ်ဖက်ကို ပင့်လိုက်၍–

"အေး. . . ဒီလိုဖြစ်ရမှာပေါ့"

ဟု ပြောလိုက်လေသည်။

ရသေ့မကြီးလည်း သူ့သဘက်ပြန်ရ၍ ယူငင်လာအပေါ်ထပ်



www.burmeseclassic.com

www.burmeseclassic.com



သို့ တက်သွားသည့်တွင် မနုရီ၏ မိခင်လည်း ညိမ်းမောင်ဘက်သို့ လှည့်၍–

"မောင်ရင် မျက်မှန်လာယူဦးလေ၊ မကွဲဘူးကွဲ့၊ အဒေါ်ပေါင် ပေါ်ကျလို့"

ဟုပြောလိုက်ရာ ညိမ်းမောင်လည်း လိုက်တက်ခဲ့ရပေတော့ သည်။

အပေါ်ထပ်သို့ ရောက်သောအခါ အားလုံးကြေကြေအေးအေး ဖြစ်သွားသော်လည်း ရသေ့မကြီးမှာ ညိမ်းမောင်နှင့်မနုရီတို့ ဆက်ဆံပုံကို သဘောမကျသလို မှုန်ကုတ်ကုတ် ရှုသိုးသိုးကြီး လုပ်နေရာ ညိမ်းမောင်မှာ ရသေ့မကြီးကို သူ့ဘက်ပါရန် အကြံ ထုတ်ရပြန်လေ၏။

"အော်. . . မိုးညှင်းဆရာတော်ကြီးရဲ့ တရားဟော တယ်ပြီး နားထောင် ကောင်းတယ်နော်"

"မိုးညှင်းဆရာတော်လည်း ကောင်းတာပဲ၊ မင်းကွန်းဇေတဝန် ဆရာတော်လည်း ကောင်းတာပဲ"

ညိမ်းမောင် အစ်အောက်ထုတ်လိုက်ရာတွင် ရသေ့မကြီး၏ စကားထွက်လာရတော့၏။ ညိမ်းမောင်လည်း ရသေ့မကြီး၏ စကားစကိုရသည်နှင့်တစ်ပြိုက်နက် –

"ဟာ ကောင်းပါပြီလား၊ ဒီဆရာတော်ကြီးဟာ ကျွန်တော့် ဘကြီးတော်တယ်လေ၊ အင်မတန် သိက္ခာသမာဓိနဲ့ပြည့်စုံတဲ့ ဆရာ



www.burmeseclassic.com

www.burmeseclassic.com



တော်ကြီးပေါ့၊ တရားဟောလိုက်ရင်လည်း ရှင်းသွားတာပဲ"

ဟု လှိမ့်လိုက်လေရာ ရသေ့မကြီး မျက်နှာမှာ ကြည်လင်သွားကာ–

"ဟင်. . . မင်းက ဆရာတော်ကြီး တူလားကွဲ့"

"ဟုတ်တာပေါ့ခင်ဗျား၊ တလောက မြေလှူတုန်းကတောင် ကျွန်တော်နေမကောင်းလို့ မလာဖြစ်တာပေါ့"

ညီမိမ်းမောင်၏ အဖြီးအလှိမ့် ရေယဉ်ကြောဝယ် မျောသွားပြီးဖြစ်ရကား ရသေ့မကြီးလည်း မနုရီ၏မိခင်ကို မျက်စပစ်၍ အိမ်ရှေ့ဘက်သို့ ထွက်သွားလေ၏။

မိန်းမသားနှစ်ယောက်သည် လူငယ်ချင်းလွတ်လပ်စွာ စကားပြောနိုင်ဖို့ ရှောင်ပေးကြသည်ဟု သိရှိသော်လည်း ဦးလှမောင်မှာ အိခြွေမပျက် ရှောင်ပေးနိုင်ရန်ခွင့်တောင်းမရသဖြင့် အူကြောင်ကြောင်ဖြစ်နေစဉ် အလိုက်သိသော မနုရီက –

"ရော့ ဖေဖေ၊ ဓမ္မပဒဖတ်မယ်ဆို"

ဟု မေးလိုက်ရာ အဘိုးကြီးမှာ ကျေနပ်သွားကာ "အေး" ဒီလိုဖြစ်ရမှာပေါ့"ဟု ဆို၍ စာအုပ်ယူပြီး ထွက်သွားလေသည်။

အဘိုးကြီးမရှိမှ ငြိမ်းမောင်က –

"အထဲက စာရော"

"ဘာစာလဲ"

ညီမိမ်းမောင်မှာ ဒိတ်ခနဲဖြစ်သွားကာ မနုရီ၏မျက်နှာကို



www.burmeseclassic.com

www.burmeseclassic.com



မကြည့်ဘဲ ငုံ့လိုက်ရာမှ မနုရီ၏ နိုင်လွန်ပိုးအင်္ကျီအိတ်ထဲတွင် စာခေါက်ကလေးကို တစ်ရိပ်ရိပ်မြင်ပြီးမှ –

"အင်း ဒီလိုဖြစ်ရမှာပေါ့"

ဟု ဦးလှမောင် ဂိုက်ဖမ်းလိုက်လေ၏။

"ဘာ ဒီလိုဖြစ်ရမှာလဲ လူကြီးတွေ မရှိတော့ဘူး"

"မရှိတော့ဘူး ဘာဖြစ်လဲ"

"မရှိတော့ မိကောင်းဖခင် သားသမီးပီပီ ပြန်ရင်ကောင်း လိမ့်မယ်ထင်တယ်"

"အင်း ဒီလိုဖြစ်ရမှာပေါ့၊ ဒါထက် အကြောင်းလေးတွေရော မသိရဘူးလား"

"ပြန်ပါ"

"မသိရရင် မပြန်ဘူး"

မနုရီမှာ စိတ်ညစ်သလို ခေါင်းကုတ်ရင်းက–

"မနက်ဖြန်ညနေ စောင့်နေ"

"စာပြန်မှာလား"

မနုရီမှာ နှုတ်ကမပြောဘဲ ခေါင်းငြိမ့်လိုက်လေသည်။

"စာက ဘယ်လိုပြန်မှာလဲ"

ညိမ်းမောင်မှာ ထပ်ကဲနေပြန်ရာ မနုရီသည် မျက်စောင်း ကလေး တစ်ချက်ထိုးရင်း –

"မှတ်ထား၊ မိန်းကလေးမှန်ရင် မှန်းလို့တော့စာပြန်ထဲက



www.burmeseclassic.com

www.burmeseclassic.com



ချည်း ရှင့်''

''အဲဒီလိုဖြစ်ရမှာပေါ့''

ပြောပြောဆိုဆို ငြိမ်းမောင်မှာ မိကောင်းဖခင်သားသမီးပီပီ ထွက်လာခဲ့ရာတွင် သူ့နောက်မှ တံခါးချောက်ခနဲ ပိတ်သံနှင့် မဒရှုးမနှောင်း ဓမ္မပဒကိုကိုင်၍ ရသေ့မကြီးနှင့် တရားဆွေးနွေးနေသော ဦးလှမောင်ထံမှ စကားသံကျယ်လောင်စွာ ထွက်ပေါ်လာလေ၏။

''ဒီလိုဖြစ်ရမှာပေါ့''

*အောက်တိုဘာလ (၁၉၅၀) (ကလောင်စုံမဂ္ဂဇင်းမှ)*

ပိုးရေထာစာအုပ်

www.burmeseclassic.com

www.burmeseclassic.com

## ပန်းကျောရှင်

"အခု ငါပြောတဲ့အိမ်ရဲ့တစ်ခြမ်းကို ငှားမယ်တဲ့ကွ"

စိန်မင်းပြောခဲ့သော အထက်ပါစကားကလေးများသည် ကျော်ခေါင်အတွက် အဖိုးတစ်သိန်းဆုပေါက်သည့်တိုင်အောင် ဤမျှဝမ်းမြောက်မည်မဟုတ်။ အဘယ်ကြောင့်ဆိုသော် သူထိမထိုးထားပါ။ ယခုအခါ ကျော်ခေါင်သည် တက္ကသိုလ်ကျောင်းဝယ် ညာတာပါတေးနှင့် ကပ်ရပ်နေထိုင်ရသည်။ အမိတက္ကသိုလ်ကြီးကား၊ သူ့အတွက် နို့မထွက်တော့။ အခြားစကားလုံးနှင့်ဆိုရသော် ကျောင်းဆက်မနေတော့ပါ။ အလုပ်အကိုင်နှင့် ဖြစ်နေပါပြီ။ သူ့နောက်ကလေးများကို ဆက်လက်နို့တက်နိုင်ရန် သူသည်အမိတက္ကသိုလ်၏ ပေါင်ပေါ်မှ ဖယ်ပေးရမည်ဖြစ်လေသည်။ (ဤနေရာ၌ အမိတက္ကသိုလ်နှင့် တက္ကသိုလ်အမိကို မရောစေလိုပါ)



www.burmeseclassic.com

www.burmeseclassic.com



သို့နှင့် အိမ်ပေါ်သလောက် ရှားလှသော ရန်ကုန်ဝယ် အိမ်ငှားရန် ရှာဖွေရတော့၏။ ရတာမလို လိုတာမရနှင့် နောက်ဆုံးတွင် စိတ်ပျက်နေစဉ်ဝယ် အထက်ဖော်ပြပါအတိုင်း စိန်မင်းထံမှ ရေကျော်ထဲတွင် အိမ်တစ်လုံး၏ ထက်ဝက်သော အစိတ်အပိုင်းကို ငှားမည်ဟူသော သတင်းကောင်းကို ကြားရလေတော့သည်။

အချိန်ကား နံနက် ခုနစ်နာရီခွဲပင်ဖြစ်၏။

ကျော်ခေါင်သည် စိန်မင်းပြောပြသည့်လိပ်စာအတိုင်းလာခဲ့ရာ တစ်ခြမ်းတံခါး ပိတ်ထားသော အိမ်တွင်ကပ်ထားသော ဆိုင်းဘုတ်ကိုမြင်မှ "ဒန့်"ခနဲ ခြေလှမ်းတန့်သွားလေ၏။

<u>အိမ်ငှားရန်ရှိသည်</u>

<u>ငှားသူသည် အစစ်အဆေးအမေးမြန်းခံရလိမ့်မည်</u>

"အလဲ့ကွဲ့"

ကျော်ခေါင်မှာ အာမေဋိတ်သံပြုရင်း ခဏမျှငေးကြောင်ကြည့်လိုက်သေးသည်။ အဘယ်ကဲ့သို့ အစစ်ဆေးခံရမည်ကို သူစဉ်းစားနေမိသည်။ ဆေးလက်မှတ်ကိုပင် ယူရခြေဦးမည်လားမသိ။ ဤသို့ဖြင့် ကျော်ခေါင်မှာ အဆုတ်နာ ဆေးရုံသွားရမလို၊ လက်နှိပ်စက်ဆရာပုထံ ပြေးရမလိုနှင့် စိတ်ထွေသွားပြီး "ဂေါ်လီမှာဝိုင်ရင်း နေရပြီး၊ လူမှာ ကြံရင်းသေရမည်"ဟူသော စကားပုံကို နှလုံးပိုက်ကာ တစ်ချီတော့ ကြံလိုက်ဦးမည်ဟု အံခဲ့ရင်း လှေကားထစ် သုံးထစ်ခန့် တက်မိစဉ် အိမ်ထဲမှ "လူကြီးတွေမရှိလို့



www.burmeseclassic.com

www.burmeseclassic.com



ကန်တော့ပါသေးရဲ့''ဟူသော အသံကိုကြားရသောအခါ လန့်ဖြန့်ပြီး ပြန်လှည့်ဆင်းသွားမိတော့မလိုဖြစ်ပြီးမှ ''အို ငါနဲ့ဘာဆိုင်သလဲ''ဟု တွေးကာ ဆက်တက်လာခဲ့သည်။

''ကျွန်တော် မယ်သီလရှင်လည်း မဟုတ်ဘူး။ ဘုရားတည်လဲ မဟုတ်ဘူး။ ဒုက္ခိတလည်း မဟုတ်ဘူး။ ခရီးစရိတ် လည်း အလှူမခံဘူး၊ ခွက်လည်းမပါဘူး၊ အိမ်ငှားမလို့ပါခင်ဗျာ''

ကျော်ခေါင်သည် အသံကို ကျယ်ကျယ်နှင့် ''မ''တစ်လုံးကို သတင်းသုံးလိုက်မှအတွင်းမှအသံမှာ ''အဟိ''မြည်လာပြီး အိမ်ပေါက်ဝမှ လမင်းကြီးထွက်လာလေ၏။ (မှားလို့ပါခင်ဗျာ)၊ ဆယ့်ရှစ်နှစ်ခန့် အသားဖြူဖြူခပ်ချောချော မိန်းကလေးတစ်ယောက် ထွက်လာပါသည်။

''အော် အိမ်ငှားမလို့ကိုး''

''ဟုတ်ကဲ့''

''တက်ပါ တက်ပါ''

''ဘယ်တက်ရမှာလည်းဗျ၊ လှေကားထိပ်ရောက်နေပြီ ဥစ္စာ''

မိန်းမပျိုသည် ဤတွင်မှ ကျော်ခေါင်ရပ်နေရာသို့ကြည့်လိုက်ပြီး ပြုံးရယ်လိုက်တော့သည်။

''အိမ်ပေါ်ကို တက်ဖို့ပြောတာ''

''ဘုရားရေ ကျွန်တော်တက်နေတာ ဖရုပ်လား''

ကျော်ခေါင်သည် ဂွတိုက်ပြောနေခြင်းမဟုတ်ပေ။



www.burmeseclassic.com

www.burmeseclassic.com



ရယ်စရာပြောခြင်းလည်း မဟုတ်။ မိန်းမပျိုလေးများနှင့် တွေ့တိုင်း ဤသို့ပြောတတ်သည်။ ခပ်နွဲ့နွဲ့ပြောက ရည်းစားစကား မှတ်မည်ကို ကြောက်သည်နှင့်အညီ၊ ခပ်ကြမ်းကြမ်းပြောလိုက် လည်း တစ်ဖက်က စိတ်ဆိုးမည်ကိုစိုးရိမ်တတ်သည်မှာ သူ့ညာဉ် ဖြစ်သတည်း။

မိန်းမပျိုမှာ ပြုံးခြင်းလည်းမရ၊ ရယ်ခြင်းလည်းမကျသော သွားဖော်ပြီး အသံမထွက်သော မျက်နှာပေးဖြင့် –

"ထိုင်ပါဦးလေ၊ အိမ်ငှားမလို့လာတာဆိုတော့ အမေးအမြန်း ခံနိုင်တာပေါ့ ဟုတ်လား"

ကုလားထိုင်ပေါ် ထိုင်ချရင်း ကျော်ခေါင်က–

"ဟုတ်ကဲ့၊ ကျေနပ်အောင် မေးပြီးရင် အိမ်ခန်းရမယ်ဆိုရင် မေးသမျှ ဖြေပါ့မယ်၊ မကျေနပ်လို့ အိမ်ခန်းမရရင် ခရီးစရိတ် မပေးဘူးဆိုတာလည်း ကျွန်တော်နားလည်ပါတယ်"

မိန်းမပျိုသည် မက်ကလိန်းသွားတိုက်ဆေးကြော်ငြာပြီး ကတည်းက အကျင့်ရလာသလား မသိ။ သွားကိုတဖြဲဖြဲဖြဲ ရင်း –

"ရှင် ကျွန်မနံမည်ကို သိလား"

ကျော်ခေါင်သည် အူလယ်လယ်ဖြစ်သွားလေ၏။

"ခင်ဗျာ"

"ရှင် ကျွန်မနံမည်ကို သိလား"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဟာ အိမ်ငှားကို မေးရမှာမဟုတ်ဘူးဗျ၊ ပေဒင်ဆရာကို မေးရမဲ့ မေးခွန်းပဲ"

"ဘာဖြစ်ဖြစ် ရှင်မဖြေနိုင်ဘူးလား"

အမိတက္ကသိုလ်၏ပေါင်ပေါ်တွင် မနေလိုတော့သော ကျော်ခေါင်အဖို့ အိမ်ရဖို့က အရေးကြီးသည်။

"ဖြေပါ့မယ်ဗျာ၊ မသိဘူး"

"ကျွန်မရဲ့မျက်နှာကိုမြင်တာတောင် မသိဘူးလား"

"မသိဘူး"

"တော်တော် ရှော်သေးတာပဲ"

ကျော်ခေါင်မှာ အောင့်သီးအောင့်သက် နိုင်သွားပြန်သည်။

"ဘာဆိုင်လို့ သိရမှာလဲဗျ၊ ခင်ဗျားနဖူးမှာ နံမည်ကပ်ထားတာမှ မဟုတ်တာ"

မိန်းမပျိုသည် ပြုံးရာမှ ရယ်လိုက်သည်။

"*ကျွန်မက အဆိုတော်လေ*"

"ကျွန်တော် သီချင်းနားမထောင်ဘူးလေ"

စချီကတည်းက တလွဲတွေ ဖြစ်ကုန်ကြပါပြီ။

သို့သော် အိမ်ခန်းရရန်လိုသော ကျော်ခေါင်မှာ မိန်းမပျို၏ ထူးခြားသော အမူအကျင့်ကို ဝမ်းထဲမှ မှန်းလှသော်လည်း အခွင့်သားရတော့သည်။

"ကျွန်တော်သီချင်းနားမထောင်ချင်ဘူးဆိုတာ စာမေးပွဲဖတ်ရ



www.burmeseclassic.com

www.burmeseclassic.com



လို့ပါ၊ နောက်ကို နားထောင်မှာပါ''

''ရှင် နားထောင်တာ မထောင်တာ မရေးမဟုတ်ပါဘူး''

''နို့ ဘယ်သူနားထောင်တာ အရေးလဲဗျ''

''ပြည်သူလူထု နားထောင်တာ အရေးပေါ့။ ကျွန်မတို့က ပြည်သူလူထုအတွက် သီဆိုနေတာ''

''ဘယ်ဟုတ်ရမှာလည်း ခင်ဗျားတို့သီဆိုနေတာက ကုက္ကိုင်းက မြင့်-မြတ်-ကျော်-ထွတ်-တင် တို့က ဆင်းနင်းကွက်သစ်က တီ-ကျွတ်-တောက်တဲ့တို့အတွက်၊ ကျုပ်မသိတဲ့ခင်ဗျားက မိုးစိမ်းအောက်က ကြက်မောက်ပန်းအတွက် သူတို့အတွက်တွေဆိုတာပါ''

မိန်းမပျို မျက်နှာညိုသွားတော့သည်။ ကျော်ခေါင်မှားသွားပြန်ပေပြီ။ အိမ်ခန်းရမှုဖြစ်မည်။ ကျောင်းက လက်မခံတော့၏။

''အို သူတို့တွေလည်း ပြည်သူလူထုကြီးရဲ့ ''အစိတ်''ပိုင်းတွေပဲဆိုတော့ ခင်ဗျားတို့ဆိုရတာ ပြည်သူလူထုအတွက်ဆိုတော့ မမှားပါဘူးလေ''

ကျော်ခေါင်အဖာကောင်း၍ပဲလော၊ မျက်နှာညောင်း၍လော မသိ၊ မိန်းမပျိုမှာ ပြန်ပြုံးပြလာလေသည်။ ထိုပြုံးမျက်နှာကလေးကိုပင် ထိန်းသိမ်းထားနိုင်စေခြင်းငှာ ကျော်ခေါင်ကပင် စကားပြောလေ၏။

''ဒါထက် ခင်ဗျားနံမယ်ကို မြင်မြင်ချင်း သိရမှာဘာကြောင့်လဲဗျာ''



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မဓါတ်ပုံ သီချင်းစာအုပ်မျက်နှာဖုံးမှာ ပါဘူးတယ်လေ"

"အရှေ့ မျက်နှာဖုံးလား၊ အနောက်မျက်နှာဖုံးလား"

"အော် မျက်နှာဖုံးဆိုမှ အရှေ့မှာပေါ့"

"မသိပါဘူးဗျာ၊ အခုကာလမဂ္ဂဇင်းတွေ မျက်နှာများလွန်းပြီး နောက်စေ့တောင်မရှိတော့လို့ မေးရတာပါ။ ကျွန်တော်ကလည်း ဟဲ ဟဲ ဘိုင်ကျတယ်ဗျ။ ဝယ်မဖတ်နိုင်လို့ မသိလိုက်ဘူးဗျာ။ ခင်ဗျားနံမယ်က ဘယ်သူ"

"ခင်နှင်းဝေ၊ ရှင့်နံမယ်ကကော"

"ကျွန်တော့်နံမည်က မဂ္ဂဇင်းတို့၊ ဂျာနယ်တို့ဝေးလို့ သမ္မာန်စာမှာတောင် မပါဘူးခင်ဗျား။ ကျော်ခေါင်တဲ့"

"ရှင့်ကို ရာဇဝင်မေးနေတာမဟုတ်ဘူး။ နံမယ်မေးနေတာ"

"ဟုတ်ပါတယ်၊ နံမယ်ပါပဲ၊ ကျော်ခေါင် ကြောင်ခေါ်"

စိတ်ခပ်ထွက်ထွက်နှင့်ဖြေလိုက်ပါမှ နားလည်သွားတော့သည်။ ခင်နှင်းဝေက ရယ်လိုက်ပြန်ရင်း–

"ကောင်ကျော်မို့ အဲလေ ကိုကျော်ခေါင် သီချင်းရေးဖူးလား"

"တောက်တီးတောက်တဲ့ဗျာ"

"ဒါရှင်ရေးဖူးတဲ့ နံမယ်လား"

"ဟာ ငွကျပါပြီ၊ မရေးဖူးဘူးလို့ပြောတာ"

"မသိနိုင်ဘူးလေ၊ ခုခေတ်သီချင်းနံမည်တွေက အဆန်းချည်းမို့ ဘာပဲဖြစ်ဖြစ် ရှင်သီချင်းရေးရမယ် ဒါမှ အိမ်ငှားမယ်"



www.burmeseclassic.com

www.burmeseclassic.com



ကျော်ခေါင်၏မျက်လုံးလေးများ ပြည့်တော်သာပြားစေ့ကလေးများလို သေးသေးနှင့်ဝိုင်းသွားလေတော့သည်။

"ကျွန်တော် မရေးတတ်ဘူးဗျ"

"ဒါမှ အတွေးအခေါ်အသစ်တွေ ရမှာပေါ့"

ကျော်ခေါင်အဖို့ ရှောင်မလွတ်သာတော့။

"ကျွန်တော်က နံမည်ကျော်မှ မဟုတ်ဘဲ"

"နံမည်ကျော်ရင် တခြားတီးဝိုင်းတွေ ရောက်နေရောပေါ့ ရှင်၊ ကျွန်မတို့တီးဝိုင်းက အပျော်တမ်းဆိုတော့ တီးမှုတ်သီဆိုတဲ့သူတွေချည်းပဲရှိတယ်၊ သီချင်းရေးတတ်တဲ့သူမရှိလို့ပါ"

သီချင်းရေးတယ်ဆိုတာ မလွယ်ဘူးထင်တယ်၊ ဂီတသံနားမလည်ရင် ဖြစ်ပါ့မလားဗျာ"

"စကားလုံးပဲ လိုချင်တာပါ၊ အသံသွင်းမဲ့ လူတွေရှိပါတယ်။ သူတို့ခေါင်းထဲမှာ တီးလုံးတွေ ကျပ်နေတယ်၊ စာသားရှာမရလို့"

"ဒါဖြင့်လည်း ရေးပေးမယ်ဗျာ၊ အခုတစ်လော ခေတ်စားနေတဲ့စကားလုံးအတိုင်း တက္ကသိုလ်ကျော်ခေါင်ဆိုတဲ့နံမယ်နဲ့ ရေးပါ့မယ်။ အိမ်ခန်းကလေးသာ တစ်စိတ်ငှားပါဗျာ"

ကျော်ခေါင်သည် အလျှော့ပေးလိုက်ရပြီး လေပြေနှင့် သတ်လိုက်ရလေသည်။ တောမှသူ့ညီတစ်ယောက် ရန်ကုန်မှာကျောင်းလာနေမည်ဖြစ်၍လည်း သူ့အိမ်ခန်းရဖို့ကိစ္စမှာ ဝန်လေးလှသည်။

"အိမ်ခန်းက စိတ်ချပါရှင်၊ ကျွန်မအမေက ကျွန်မကို ဖူးဖူး



www.burmeseclassic.com

www.burmeseclassic.com



မှတ်ထားတာ''

''ဒါ ကျွန်တော်နဲ့ ဘာဆိုင်သလဲဗျ''

''သြော် ကျွန်မပြီးရင်ပြီးရောလို့ ပြောတာပါ။ မေမေစျေးက ပြန်လာတော့မှပဲ အိမ်ခန်းလခစကားပြောပေါ့၊ ရှင်သီချင်းရေး မယ်ဆိုတော့ အိမ်ခန်းကိုလခပေါပေါနဲ့ ရရစေမယ်''

မဆစ်ခင်က လျှော့နေပါပြီ။ ကျော်ခေါင်လည်း ခင်နှင်းဝေ အား ပန်တျာရှင်ပေါက်စလေးတစ်ယောက်ဖြစ်ကြောင်း ကောင်း ကောင်းနားလည်ပါသည်။

''ကျွန်မက ကောက်ပဲသီးနှံရုံးမှာလုပ်တယ်ရှင့်''

''ဟာ နီးသားပဲ၊ ကျွန်တော်က နိုင်ငံတော်သစ်လုပ်ငန်းအဖွဲ့ မှာ လုပ်တယ်လေ''

''ဒါ နီးသလား၊ ဗိုလ်အောင်ကျော်လမ်းနဲ့ ပန်းဆိုးတန်းပဲ''

''မဟုတ်ပါဘူး။ ဘုတ်အဖွဲ့ချည်းပဲမို့ နီးစပ်တာပြောတာပါ''

ဤအချိန်၏နောက်တွင်ကား အရေးပါအရာရောက်သော အကြောင်းအရာများမရှိတော့ပေ။ အတိုချုံး၍ဖော်ပြရမည်ဆိုသော် ကျော်ခေါင်အိမ်ခန်းရရှိသွားခြင်းနှင့် စိတ်ထဲမှ ခင်နှင်းဝေကို စွဲသွား ခြင်းသာ ပေါ်လွင်အကျိုးဖြစ်ပေတော့သည်။

ကျော်ခေါင်မှာ သီချင်းကောင်းသည်ထက်ကောင်းအောင် ဂီတသင်တန်းကို သူငယ်ချင်းတစ်ယောက်ဆီ၌ ကြိတ်တက်နေတော့ သည်။ ခင်နှင်းဝေ၏အမေဒေါ်သင်းမြမှာ သမီးကိုချစ်ပွန်းသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



သမီးပြီးလျှင်ပြီးရစေကာမူ တစ်ဖက်ခန်းမှ ကျော်ခေါင်၏တစ်ချက် တစ်ချက် သီချင်းစပ်ရန် တယ်လိုက်သော ညှောင်နာနာအသံ ကလေးကို ခပ်ချဉ်ချဉ်ဖြစ်မိတော့သည်။

''ကြာရင်တော့ ဆီးအောင့်တော့မှာပဲ၊ သမီးကလည်း ဒီကောင့်ကိုမှ အိမ်ငှားရတယ်လို့''

''မေမေကလည်း တက်သစ်စပန်တျာရှင်လေးကို မချိုးပါနဲ့''

''ဟဲ့. . . ငါနဲ့စကားပြောတာ အင်္ဂလိပ်စကားတွေညှပ်ညှပ်ပြီး မပြောပါနဲ့၊ ငါ နားမလည်ဘူး''

ခင်နှင်းဝေမှာ သူ့အမေကို ဘာမှပြန်လည်ရှင်းလင်းခြင်းမရှိ တော့ဘဲ လက်လျှော့လိုက်ကာ တစ်ဖက်အခန်းသို့ ကူးသွားလေ သည်။

''ကိုကျော်ခေါင်''

''အဲဒါ ဒီရှပ်ပဲဗျ''

''ဘယ်ရှပ်လဲ့ရှင့်၊ ရှင်က အင်္ကျီချုပ်နေတာလား''

''ဂီတသံတွေနဲ့ ခွဲခြားပြောပြနေတာဗျ။ အီးဖလက်တို့၊ ဒီရှပ် တို့ဆိုတာတွေ နားမလည်ဘူးဗျ''

''ဗျဗျနဲ့ ပြောမနေပါနဲ့၊ သူစိမ်းကျနေတာပဲ''

''သူစိမ်းမဟုတ်လို့ ခင်ဗျားနဲ့ကျွန်တော်က ဆွေမျိုးလားဗျ''

ခင်နှင်းဝေသည် ချစ်စရာမျက်စောင်းလေးကိုထိုးလိုက်ရာ။ မျက်စောင်းသာမဟုတ်ဘဲ မီးစသာဖြစ်ရင် ကျော်ခေါင်တော်တော်



www.burmeseclassic.com

www.burmeseclassic.com



ပူသွားမည်ဖြစ်သည်။

"ကိုကျော်ခေါင်ဟာ ပြောရင်းဆိုရင်းပိုပြီးကဲလာတာပဲ၊ ကျွန်မမှာ နံမည်ရှိပါတယ်။ နံမည်ကိုခေါ်ပါ"

ဤတွင်ဝယ် ခင်နှင်းဝေတို့၏ "အကျော်စုံတူရိယာအဖွဲ့" ကလေး၌ ကျော်ခေါင်နံမည်ရစပြုလာလေသည်။ သူ၏ ပွဲဦးထွက်သီချင်းလေးဖြစ်သော "ချာတူးမေ"သီချင်းသည် လူကြိုက်များသည်နှင့်အမျှ "ဝါဦးကတွယ်တဲ့ကျွတ်""ဝါးခမောက်နဲ့ဖားကောက်သူ""ဘုတ်ဆုံ""သူထီး""ရဲရင့်ခြင်း၏တန်ဖိုး""ဥတုသုံးမျိုး" အစရှိသော သီချင်းများကို တကုတ်ကုတ်ကျက်ကာ လိုက်လံသီဆိုကြသူများ ပေါ်များနေပြီဖြစ်သည်။

"ကဲ ဒါတွေ ဘေးချိတ်ထားဦး၊ အခု ဘာသီချင်းရေးပြီးပြီလဲ၊ အသံလွှင့်ရမှာ ငါးရက်ပဲ ကျန်တော့တယ်။ သီချင်းတိုက်ရဦးမှာ"

ကျော်ခေါင်သည် စကားပင်မပြောဘဲ လက်ထဲမှ စာရွက်ကလေးကို အသာထိုးပေး လိုက်တော့သည်။

"အောင်မယ် ဘကြီးသာဇံဆိုပါလား၊ သီချင်းနံမည်က ကောင်းတယ်၊ ဒီသီချင်းလည်းလူကြိုက်များအုံးမှာပဲ"

ခင်နှင်းဝေက ချီးကျူးပြီးလျှင် ကျော်ခေါင်မှာ တစ်ပတ်ခန့်ကြာမှ မိုးပေါ်မှ ပြန်ကျလာတော့သည်။ ထို့ကြောင့် ရင်ကိုတော့ကာ ကျောကို သေနတ်မှန်သောတရုတ်ဖြူ စစ်ပြေးကိုက်မျိုး



www.burmeseclassic.com

www.burmeseclassic.com



ပြုလုပ်ရင်း–

"ဒီတစ်ခါတော့ တေးသွားပါ သွင်းထားပြီးပြီ။ သူများသွား မသွင်းနိုင်းနဲ့တော့၊ တခါတည်းတိုက်ပြီး အသံလွှင့်လိုက်ရုံပဲ"

ခင်နှင်းဝေမှာ အံ့အားသင့်သွားသည်။ ခါတိုင်းကျော်ခေါင် သည် သီချင်းသာရေးပေးလေ့ရှိပြီး အသံကိုတခြားလူသွင်းရသည်။ ယခုတခါကား ပန်တျာနယ်ပယ်တွင်းသို့ ကျော်ခေါင်တဆစ်မျှ ကျူးကျော်လာပြီဖြစ်တော့၏။

"ဟုတ်လား ကဲ ဆိုပြစမ်းပါဦး"

"ကျွန်တော့်သီချင်းက အစကတရုတ်သံနဲ့ စထားတယ်၊ ပြီးတော့ ဂေါ်ရင်ဂျီဗုံသံ၊ ပြီးတော့ ဟာဝေယံအလိုက်ကိုညှပ်ပြီး ယိုးဒယားနဲ့သံနဲ့တစ်ပိုဒ်အုပ်လိုက်တယ်၊ နောက်တစ်ပိုဒ်ကို ကုလား သီချင်းနဲ့ယူပြီး မြန်မာဘုရားကိုးဆူပူဇော်သံနဲ့ ဆွဲလာတယ်၊ ပြီး တော့မှ ရှရှားစစ်ချီထည့်ထားတာကိုး၊ ဒါမှ မြိုင်မှာပေ့၊ နောက် တော့ မက်စီကိုသံနှော ကမ္ဘောဇဆွဲငင်သံနဲ့ဟပ်၊ ဦးရှင်ကြီးတင်သံ ကို ကြားညှပ်ပြီး အင်္ဂလိပ်သီချင်းကြီးသံနဲ့ ဆက်ယူလာရာက ခုနစ်သံချီနဲ့ ချထားတယ်လေ"

"ဟာ နိပ်တာပဲ၊ ဒီသီချင်းကို ကျွန်မကိုယ်တိုင်ဆိုမယ်၊ ကဲ ဆိုပြပါဦး"

ကျော်ခေါင်သည် အသားယူစွာဖြင့် ချောင်းတစ်ချက်ဟန့် လိုက်ပြီး သီချင်းဆိုရန်ပါးစပ်အဟလိုက်တွင် ခင်နှင်းဝေကျောခိုင်း

www.burmeseclassic.com

www.burmeseclassic.com



သွားသောနောက်ပေါက်မှ ဒေါ်သင်းမြကြီး၏ မျက်ခွက်ပေါ်လာလေရာ ကျော်ခေါင်မှာ ပါးစပ်ကြီးဟထားရင်းက "အာ့ အာ့ခ် အားခု ခင့် အီး အီး" နှင့် လန့်ဖြန့်သံတွေ ထွက်လာလေ၏။ သူဘာကြောင့် ဤမျှကြောက်ရသနည်း။ ဒေါ်သန်းမြသည် သူ့သမီး နောက်ကျောမှကျော်၍ ကျော်ခေါင်ကို လက်သီးပြ၏။ မျက်လုံး နှစ်ဖက်စလုံးကို တစ်လှည့်စီပြူးပြ၏။ နှုတ်ခမ်းကိုက်ပြ၏။ အသံ မထွက်သော ခြိမ်းခြောက်နည်းပေါင်းများစွာနှင့် ခြိမ်းခြောက်ပြ၏။ ကျော်ခေါင် ကြောက်ရှာပေလိမ့်မည်။

"ရှင့်သီချင်းအစက တရုတ်သံကလည်း ခွေးကားကြိတ်ခံရသလိုပါကလား၊ ကောင်းကောင်းဆိုပါ"

ကျော်ခေါင်သည် သူ့အသံကို ဒေါ်သင်းမြကြီးမကြိုက်မှန်းလည်း သိ၏။ သိ၍လည်း ဒေါ်သင်းမြကြီးရှေ့တွင်မဆိုရဲ၊ ခင်နှင်းဝေကလည်း ဖွတ်ဆိုခိုင်းနေသည်။ သို့ဖြင့်နောက်ဆုံးတွင် ကြံရာမရဘဲ ဒေါ်သင်းမြကြီးကိုကြည့်ကာ "အော် ဟော် ဟော ဒေါ် ဒေါ်"ဟုခေါ်လိုက်မှ ခင်နှင်းဝေလည်း လှည့်ကြည့်လိုက်ရာ ဒေါ်သင်းမြမျက်နှာသည် ဆန့်ကျင်ဘက်အသွင်ကို ဆောင်နေလေတော့သည်။

"ဩော် သမီးတို့ သီချင်းတိုက်မလို့လား၊ ဟဲ ဟဲ မေမေ ဇိနတ္တပကာသနီစာအုပ်ကို သမီးမြင်မိသလားလို့ မေးမလို့နေပါစေတော့လေ၊ မေမေဟိုဘက်အိမ်ကို ကူးလိုက်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်းရှင်းဆိုရလျှင် ငါ့သမီးမနေနိုင်လို့ ငါရှောင်လိုက်ဦးမယ်"ဟုဆိုလိုကြောင်း ခင်နှင်းဝေမသိသော်လည်း ကျော်ခေါင်သိသည်။ မည်သို့ပင်ဖြစ်စေကာမူ အဘွားကြီးကွယ်သွားသည့်တွင်မှ ကျော်ခေါင်၏ ချိုတေးသံစုံသည် ပန်းပဲ ဖါးဖိုထိပ်ဝတွင် ပါဂျာတပ်ထားသကဲ့သို့ မြည်ချင်တိုင်းမြည်လာပါတော့သည်။ ထိုသီချင်းကို တီးဗိုင်းနှင့်တီးလိုက်သောအခါ ရွှေတိဂုံဘုရားကြီးမှ မောင်းဗုံ၊ ကွမ်းညှပ်၊ ဓါးများရောင်းသောဆိုင်များမှ အစုလိုက်အပြုံလိုက်ကျလာသည်နှင့်တူသည်ဟု နောင်ခါတွင် သောတရှင်များက ချီးကျူးကြသည်ဆို၏။

ခင်နှင်းဝေသည် သီချင်းဆိုသောအခါတွင် သီချင်းစာရွက်ကလေးကိုကိုင်ပြီး ဝမ်းမြောက်ဝမ်းသာခုန်ဆွခုန်ဆွနှင့် မြူးတူးသွားသည်ကို နောက်ကျောမှကြည့်ရင်း ကျော်ခေါင်၏အသဲဝယ်အမြစ်တွယ်စပြုပြီဖြစ်သော အချစ်ညောင်ပင်ကလေးသည်"ဝေါ"ခနဲကြီးပြင်းလာလေတော့သည်။

အချိန်နာရီရက်လများသည် ကွက်သစ်များလောင်းသောမီးပမာ မြန်လှချေတော့၏။

"ဝေရယ် ဝေမှမရရင် မောင် ကြောင်တောင်တောင်ကြီးသော ရပါတော့မယ်" အစရှိသော ရည်းစားစာကလေးကိုအသင့်ပြင်စေကာ ခင်နှင်းဝေတစ်ယောက်ထဲရှိစဉ် ပေါင်ပေါ်သို့ပစ်ချလိုက်၍ "အဲဒီသီချင်းသားကိုကြည့်ပါဦး"ဟု ကမန်းကတန်းပြောကာအိမ်



www.burmeseclassic.com

www.burmeseclassic.com



ပေါ်မှ ဆင်းလာခဲ့လေ၏။

မျက်နှာပူ၍သာ ဆင်းလာရသည်။ ဘယ်ကိုသွားရမှန်းမသိသဖြင့် ရွှေတိဂုံဘုရားပေါ်သို့တက်ကာ ရှိသမျှဆင်းတုများကို တစ်ကြိမ်စီလိုက်ဦးချ၏။ ဦးချတိုင်းလည်း''ခင်နှင်းဝေကလေးနှင့် ပေါင်းဖော်ရပါလို၏''ဟူသောဆုကိုတောင်းလေသည်။ ဆင်းတုတော်ပေါင်း (၃၃၃)ဆူပြည့်သောအခါ ဆက်လက်၍ ထိုင်ချည်ထချည်မပြုနိုင်တော့ဘဲ ပေါင်များအောင့်ကာ အိမ်သို့အနိုင်နိုင်ပြန်လာခဲ့ရလေတော့သည်။ အိမ်ရောက်ရောက်ချင်း ခင်နှင်းဝေတို့အခန်းဘက်သို့ စောင်းငဲ့ကြည့်လိုက်ရာ သားအမိနှစ်ယောက်လုံးမရှိကြသဖြင့် ရင်ထဲတွင် ဒိတ်ကနဲတစ်ချက်ဖြစ်သွားပြီး သူ့အခန်းထဲသို့ဝင်လာခဲ့၏။ ကုတင်ပေါ်သို့ ခြေပစ်လက်ပစ်လှဲရန် ဖင်ထိုင်အချလိုက်တွင် အပေါက်မှခင်နှင်းဝေဝင်လာသည်ကိုတွေ့ရလေရာ ''အား ဝူး ဝါး ဝူး ဝါး''နှင့် ယောင်အအဖြစ်နေပြီး မတ်တပ်စုံရပ်လိုက်မိတော့သည်။

ခင်နှင်းဝေ၏မျက်နှာကား ကြွေတင်းလှ၏။

ကျော်ခေါင်၏မျက်စေ့ကိုကြည့်ပြီး လက်ထဲမှ စာခေါက်ကလေး ကို ကျော်ခေါင်၏ခြေရင်းသို့ ပစ်ချလိုက်ပြီး –

''ကိုကျော်ခေါင်ကို ဘုရားမှတ်လို့ ကိုးကွယ်ခဲ့တာ ဖွတ်ကျော်မှ တောင်ပို့မှန်းသိတယ်''

''ဘုရား . . . တောင်ပို့ . . . တောင်ပို့ . . . ဖွတ်



www.burmeseclassic.com

www.burmeseclassic.com



ဘာတွေပြောနေ တာလဲ''

''ကိုယ့်အပြစ်ကို မသိဘူးလား''

''ချစ် ချစ် ချစ်မိတာအပြစ်လားဗျာ''

''အို ရှည်ရှည်ပြောမနေပါနဲ့တော့၊ ကျွန်မမှာ ရည်စားရှိတယ်၊ ဘယ်သူလဲသိချင်သေးသလား၊ အဖွဲ့ထဲက စန္ဒယားတီးတဲ့ ကိုဖေဦး''

ခင်နှင်းဝေမှာ ပြောပြီးသည်နှင့်တစ်ပြိုက်နက် ချာကနဲလှည့်ထွက်သွားတော့ရာ ကျော်ခေါင်သာလျှင် ဟောင်ပေပေမျက်နှာငယ်ကလေးနှင့် ကျန်ရစ်တော့သည်။

''ကိုဖေဦး။ အဖွဲ့ထဲက စန္ဒယားတီးတဲ့ ကိုဖေဦး''

ကိုဖေဦး။ ကိုကျော်ခေါင် မြင်ဖူးပါသည်။ စကားလည်းပြောဖူးပါသည်။ ကိုဖေဦးမှာ ရာဇဝတ်အုတ်ကလေးဖြစ်၏။ အသားဖြူဖြူ၊ ရုပ်ဖြောင့်ဖြောင့်ပါပေ။ ခင်နှင်းဝေကျမည်ဆိုကလည်း ကျစရာဖြစ်၏။

ကျော်ခေါင်သည် ယခုမှ ကုတင်ပေါ်သို့ ခြေပစ်လက်ပစ်လှဲမိတော့သည်။

''၃၃၃ဆူသောဘုရားရှင်များ ကယ်တော်မမူကြတော့ဘူးထင်ပါရဲ့''

''ငါသေမှပဲ၊ မသေရင်အပြောနဲ့ အဟောနဲ့ညီမှာမဟုတ်ဘူး''

ကျော်ခေါင် သေဖို့စဉ်းစားရတော့သည်။ ဟာကယ်စဉ်းစား



www.burmeseclassic.com

www.burmeseclassic.com



သောအခါ ဘယ်ကစ၍ သေရမှန်းမသိ။ ထုတ်ပေါ်ကဆွဲကြိုးချ သေရလျှင်လည်း မျက်လုံးပြူးကြီးနှင့် မသာရုပ်ဆိုးမည်ကို ကြောက်သည်။ အဆိပ်သောက်ရလျှင်လည်း ရှုံ့မဲ့သောမျက်နှာကြီးက ပိုပြီးဆိုးချေတော့မည်။ နောက်ဆုံးတွင် ရေထဲခုန်ချသေမည်ဟု ဆုံးဖြတ်၏။

"ဒါ အကောင်းဆုံးပဲ၊ ငါကလည်း ရေမကူးတတ်တော့ မုချသေမှာပဲ၊ ဒါပေမယ့် အလောင်းပြန်ပေါ်လာတဲ့အခါ ပုဆိုးမပါရင်တော့ ဒုက္ခပဲ။ အိုးထဲ ကျောက်ခဲတွေထည့်ပြီး ရေထဲခုန်ချမယ်။ ဒါမှ ပြန်လဲပေါ်မလာဘူး။ ပြည်တော်သာ မသာ. . .ပြည်ကျော်သာ မသာနဲ့ နံမယ်ကြီးမယ်။ ဝက္ကျတာက နေ့ခင်းဘက်အိုးကြီးလည်ပင်းဆွဲသွားရမှာလဲ မဖြစ်။ ညဘက်သွားမှပဲ"

တစ်နေ့လုံး ခင်နှင်းဝေပေါ်မလာ။ ကျော်ခေါင်မှာလည်း သူ့အကြံအစည်အတိုင်း အစီအမံများပြုလုပ်ပြီးလေပြီ။

အချိန်ကား ညည့်ဆယ်နာရီခွဲခန့် ရှိလေ၏။

ကျော်ခေါင်သည် အိုးကလေးပိုက်ကာပြတင်းပေါက်မှ ခုန်ချလာခဲ့သည်။ အိမ်နှင့် ငါးလှမ်းခန့်ကွာသော် အိမ်သို့ပြန်လှည့်ကြည့်ပြီး တစ်ခါမှသီချင်းမစပ်ခဲ့ဖူးသောအသုံးအနှုန်းများကိုသုံးရင်း နှုတ်ဆက်မိတော့သည်။

"ခင်စိမ်းပင်လေးရယ်။ ခင်မုန်းလှတဲ့ မျက်နှာမွဲကလေးတစ်ယောက်တော့ဖြင့် လောကထဲက ပျောက်ကွယ်သွားတော့မယ်။



www.burmeseclassic.com

www.burmeseclassic.com



မနက်မှကြားတဲ့သတင်းကို နားထောင်ပြီး ဝမ်းသာရစ်ပေတော့"

ကျော်ခေါင်သည် စိတ်ကိုတင်းထားလိုက်ကာ မြစ်ဘက်သို့ ထွက်လာခဲ့လေသည်။ တကုတ်ကုတ်နှင့် လျှောက်လာခဲ့လေရာ ဗိုလ်တထောင်စေတီအလွန်တွင် နောက်မှနေ၍ ဂုတ်ကို ရဲသားဆွဲလာလေတော့၏။

"ဟော့ကောင် ငြိမ်ငြိမ်နေ၊ ငါတို့သတင်းရထားပြီးသား။ မင်းလက်ထဲကဟာ ဘာလဲ"

ကျော်ခေါင်၏ရင်ထဲတွင် တဒိတ်ဒိတ်နှင့်ခုန်လာသည်။ ရဲသားကိုကြောက်၍မဟုတ်။ သူ မသေရမှာကြောက်၍သာဖြစ်သည်။

"ဟော့ကောင် ပြောလေ"

"ကျောက်ခဲတွေထည့်ထားတဲ့အိုးပါ"

"ဘိန်းတွေပါတယ်မဟုတ်လား"

ရဲသားနှစ်ယောက်ဖြစ်၍ အခြားတစ်ယောက်က မေးလိုက်ခြင်းဖြစ်သည်။

"ကျောက်ခဲပါဆိုမှ ဘယ်ကဘိန်းလဲ"

ရဲသားတစ်ယောက်က နားရင်းပိတ်အုပ်လိုက်၏။

"ပေးစမ်း မင်းလက်ထဲ အိုး"

ပြောပြောဆိုဆိုနှင့် လက်ထဲက အိုးကိုဆွဲလေရာ ကျော်ခေါင်ကလည်း ဖွတ်ပြန်ဆွဲရင်း ပြောမိပြောရာ ပြောလိုက်လေ၏။

"ကျုပ်က ဘိုးဘိုးဂိုဏ်းကဗျ။ ဓါတ်ဆင်မလို့ ယူလာတာ"



www.burmeseclassic.com

www.burmeseclassic.com



ရဲသားတစ်ယောက်က နားရင်းအုပ်လိုက်ပြန်လေ၏။

"ခင်ဗျားတို့က ဘယ့်နှယ် တစ်ဖက်ဖက်အုပ်နေတာလဲ နာတယ်ဗျ"

"နာရင် မင်းလက်ထဲက အိုးပေး"

ပေးမည်ဝေးစွ၊ ကျော်ခေါင်မှာ ဆောင့်ပင်ပြန်ဆွဲလိုက်သည်ဖြစ်ရကား၊ လက်တစ်ဖက်စီ အိုးကိုကိုင်ထားသော ရဲသားများမှာ ရှေ့သို့ပြုပါလာကာ ခေါင်းသုံးလုံးပြိုင်၍ "ဂွပ်"ကနဲ ဆောင့်မိကြပြီး သုံးယောက်သား ချာချာလည်သွားကြလေ၏။

ထိုခဏ၌ အနားသို့ ရာဇဝတ်အုပ်တစ်ယောက်ရောက်လာကာ "ဟော့ကောင်တွေ ဘာဖြစ်နေကြတာလဲ"ဟု မေးလိုက်သည်တွင် ရဲသားများမှာ ကမန်းကတန်း စုံရပ်ပြီး "ဒီကောင် အိုးထဲမှာ ဘိန်းတွေထည့်လာတယ် ထင်တယ်၊ ကျွန်တော်တို့ကြားရတဲ့ သတင်းက သိပ်မသေချာပေမယ့် မှန်ပုံပေါ်တယ်ဆရာ"

ဟု ဖြေလိုက်ရာ ရာဇဝတ်အုပ်သည် ကျော်ခေါင်၏မျက်နှာကို သေသေချာချာကြည့်လိုက်ရင်း "ဟာ ကိုကျော်ခေါင်ပဲ"ဟု လက်မောင်းကိုကိုင်၍ နှုတ်ဆက်လိုက်၏။ ကျော်ခေါင်မှာ ရာဇဝတ်အုပ်မျက်နှာကိုကြည့်ပြီးမှ ထွက်ပြေးချင်စိတ် ပေါက်လာတော့သည်။

"ကိုဖေဦး"

"ဟုတ်ကဲ့ ကျွန်တော်ပါပဲ၊ ခင်ဗျားက အချိန်တော်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ဘာလာလုပ်တာလဲ''

ကျော်ခေါင်မှာ ဝမ်းနည်းလာ၏။ ရင်ထဲမှာလည်း လိပ်၍ လိပ်၍ တက်လာသည်။

''မမေးပါနဲ့တော့ ကိုဖေဦးရယ်၊ ကျွန်တော်က ကံဆိုးတဲ့လူပါ။ ခင်ဗျားက ကံကောင်းတဲ့သူပါ။ ကျွန်တော်ရေးခဲ့တဲ့ ခင်နဲ့မောင်နဲ့ တူနှစ်ဖြာပျော်ရွှင်ကြတဲ့ မင်္ဂလာဦးညမှာ လဆန်းဝါ ကြယ်တသင်းနဲ့ ဝင်းပစွာဆိုတဲ့ မင်္ဂလာဦးတေးသီချင်းကို ကျွန်တော်မဆိုရတော့ ဘူးဗျာ''

ကိုဖေဦးသည် အားရပါးရ ရယ်လိုက်လေသည်။

''ရယ်ပါ ရယ်ပါ၊ ခင်ဗျားကတော့ အားရပါးရရယ်နိုင်တာ ပေါ့ဗျာ၊ ရေနစ်သေတော့မဲ့ မသာလောင်းကလေးရှေ့မှာ ရယ်ရက် ပါရဲ့ဗျာ''

''ခင်ဗျားက သီချင်းစပ်နေတုန်းပဲလား''

''ထွက် ဒါဝိုချင်းဗျ၊ သွားဗျာ ခင်ဗျားတို့ မရှုပ်နဲ့''

ကိုဖေဦးမှာ ဆက်လက်ရယ်မောပြီး ကျော်ခေါင်ကို အတင်း ပြန်ဆွဲလာပြီး အိမ်ရှေ့သို့ ပို့ပေးလေ၏။

ကျော်ခေါင်မှာ သူ့အကြံမအောင်တော့သည်ဖြစ်ရကား စိတ် ပျက်ပျက်နှင့်ပင် ထွက်လမ်းပြတင်းပေါက်မှ ပြန်ဝင်ပြီး အိပ်ရာ ပေါ်တွင် လူးလှိမ့်မိရာမှ တစ်မှိတ်မျှ အိပ်ပျော်သွားလေတော့ သည်။

နောက်နေ့တွင် ခင်နှင်းဝေ ရောက်လာက



www.burmeseclassic.com

www.burmeseclassic.com



"ကိုကျော်ခေါင် သီချင်းရေးပေးဦး"

ကျော်ခေါင်၏ ရင်ထဲတွင် ဆို့လာသည်။ သို့သော် သူ ခင်နှင်းဝေကို တန်ပြန်ငြင်းနိုင်စွမ်းမရှိကာ သီချင်းတစ်ပုဒ်ကို ရေးရတော့သည်။ ကလောင်သွားသည်ရေးသူ၏ နှလုံးကြေးမုံဖြစ်ရကား –

"အသဲနှလုံးတွေ ပျက်ကြေပြုန်းစေတော့၊ ပြုံးလို့သာခံပါတော့မည်၊ ကြင်သက်ဝေ ရှောင်ဖယ်တိမ်း စိမ်းရက်နိုင်တော့သည်" အစရှိသော "စိမ်းကားသူ"သီချင်းကလေးသည် ညဦးလေယာဉ်ကို စီးကာ သောတရှင်တို့အား ခင်နှင်းဝေက ဒိုင်တိုင်သွားသည်ကို အချို့သူများ မှတ်မိကြပေလိမ့်မည်။

ဤသီချင်း အသံလွှင့်ပြီးသွားသောနေ့၏နောက်နေ့တွင် ကျော်ခေါင်အနားသို့ ခင်နှင်းဝေပြုံးရွှင်ကာ ကပ်လာပြန်တော့သည်။

ကျော်ခေါင်ကား ဆောင့်ကြောင့်ထိုင်၍ မှိုင်နေဆဲပင်။

"ကိုကျော်ခေါင်"

"သွားပါဗျာ"

"ဘာဖြစ်နေတာလဲရှင့်"

"သေတော့မလို့"

"ဘာရောဂါနဲ့လဲ"

"ပြုစားတဲ့စုန်းမလေးက မေးရသေးသလားဗျာ"

ခင်နှင်းဝေသည် နှစ်ခြိုက်စွာ ပြုံးလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အော် ကိုကျော်ခေါင် ကိုကျော်ခေါင်"

"အခုတော့ မသေသေးပါဘူးဗျာ"

"ရှင် တော်တော်အတယ်၊ ရှင့်သီချင်းတွေက အလွမ်းသီချင်းနဲနေတယ်၊ အလွမ်းသီချင်းကို ပြည်သူလူထုက ပိုကြိုက်လို့ ရှင့်ကို ရေးနိုင်ပါစေတော့လို့ ကျွန်မတမင်လုပ်လိုက်တာ၊ ကိုဇော်ဦးက လူပျိုမဟုတ်ဘူး၊ သူရယ် သူ့မိန်းမရယ်က အကြံပေးလို့ လုပ်ရတာရှင့်"

ကျော်ခေါင်သည် လွှားကနဲ ထခုန်မိတော့၏။

"အဟုတ်ပြောတာလား၊ ဝေဝေ. . . အဟုတ်ပြောတာလား"

"တော်ပါ အခုမှ ကဲမနေပါနဲ့"

ကျော်ခေါင်သည် ကြိတ်မနိုင်ခဲမရဟန်မျိုးဖြင့် တဖြည်းဖြည်းကပ်လာစဉ် ခင်နှင်းဝေက–

"အနားကို ကပ်မလာနဲ့၊ ရှင့်ကိုပြောစရာကျန်သေးတယ်၊ ရှင်ရေးခဲ့တဲ့ အလွမ်းသီချင်းက ကောင်းတော့ကောင်းပါရဲ့၊ ခေတ်မဆန်ဘူး၊ ခေတ်ဆန်ဆန်အလွမ်းသီချင်းတစ်ပုဒ်ရေးပေးမှ ရှင့်ကို ချစ်နိုင်မယ်"

နံမည်ကြီးသောကျော်ခေါင်အဖို့ မခဲယဉ်းတော့ပါ။ တက္ကသိုလ်ကျော်ခေါင်ဆိုလျှင် "သကာရေသီချင်းသံ" "ဂီတအိမ်ကြီး" "သီချင်းဆိုတဲ့လူ" "ပထမတန်း" စသော ဂီတစာစောင်များက အတင်းချော့၍ ဖော်ပြကြရပါသည်။

ထိုခေတ်တွင် ကျော်ခေါင်သည် အချစ်အတွက်အလွမ်းလက်

www.burmeseclassic.com

www.burmeseclassic.com



စွမ်းပြတော့သည်။

သို့ဖြင့် ''လွမ်း၍ငိုသည်''ဟူသောသီချင်းကို စာဖတ်သူများ ကပင် ရကောင်းပါတော့မည်။ ဤသီချင်းကလေးဖြင့် ကျော်ခေါင် နှင့် ခင်နှင်းဝေတို့၏ ချစ်လမ်းကြီး ပေါ်ပေါက်လာရတော့သည်။

ဒေါ်သင်းမြကြီးကား ထိုသီချင်းစာကို ရှုံ့မဲ့စွာ ဖက်နေဆဲပင်။

''ရွှေလသာ ဝါဝါဝင်း၊ မဒီရေချိုးဆင်း၊ ကျွန်တော်လွမ်း လိုက်တာ။ ခင့်မျက်နှာ ကွင်းကနဲ ကြည့်လိုက်တိုင်း မြင်မိတယ်။ စွဲသနော် စွဲသနော်၊ အောင်မယ်လေးဗျ စွဲလှသနော်၊ သနားပါ ဗျာ''

''သူ့ရုပ်ကလေးက တော်တော်နိပ်တယ်၊ သေဟဲ့ နန္ဒိယ။ ဝင်းဝါရွှေသွေး၊တာတေတောက်တဲ့ကြီးတူနဲ့ထု။ သေတ္တာထဲထည့် တွဲတေးမှာ တီနဲ့တို့၊ တယ်နယ်တူနယ်တောင်''

ဒေါ်သင်းမြ၏ မျက်နှာကိုဖော်ပြရလျှင် စာရှုသူအဆွေတို့ ခနစ်ရက်ထမင်းမစားနိုင်ကြမည်ဖြစ်သဖြင့် ဤမျှပင် ရပ်နားပါရစေ တော့. . .။

*ဩဂုတ် ၁၉၅၃(သွေးသောက်)*



www.burmeseclassic.com

www.burmeseclassic.com

## သရဲခေါင်း

ကိုကို

နုကို ကိုတင်အေးနဲ့ ပေးစားတော့မယ်။ နောက်တစ်ပတ်ထဲမှာ စီစဉ်လိမ့်မယ်၊ ကြာရင်မဖြစ်တော့ဘူး၊ ဒီတော့ ဒီည ရှစ်နာရီခွဲလောက် လာခိုးလှည့်ပါ၊ သိပ်ညဉ့်မနက်စေနဲ့၊ နု အိပ်ပျော်သွားလိမ့်မယ်။

နုအိပ်ခန်းကို သိတယ်မဟုတ်လား၊ အဲဒီပေါ်တက်ဖို့ ခြံထဲမှာ ရေနံသုတ်တဲ့ လှေကားရှိတယ်။

ကိုကို့အချစ်

နု

ထွန်းတင်သည် စာရွက်ကလေးကိုပြန်ခေါက်လိုက်ဘာ မိမိတို့ကိစ္စမှာ တော်တော်အရေးကြီးနေပြီဟု တွေးမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



တင်အေးဆိုသည်မှာ ရွှေဘမြနုတို့အဖေ၏ သူငယ်ချင်း၏ သားဖြစ်လေသည်။ နုကို အိမ်ရောက်ခါစကမှ အလည်အပတ် လာသည်ဟုပြောသော်လည်း စင်စစ်တွင်ကား မိဘချင်းစေ့စပ် ထားသော ကြင်ယာလောင်းနုကို အကြည့်လာခြင်းဖြစ်သည်ဟု ယခုမှ ထွန်းတင်သိရလေသည်။

မည်သို့ပင်ဖြစ်စေကာမူ ယနေ့ညတော့ ခိုးဖြစ်အောင်ခိုးမှဟု ကြံကာ လက်ဖက်ရည်ထွက်သောက်နေ၏။ လက်ဖက်ရည်သောက် ရခြင်း၏အကြောင်းမှာ ထွန်းတင်သည် အအိပ်ကြီးသူဖြစ်၍ ညတိုင်း ရှစ်နာရီလောက်ဆိုလျှင် အိပ်တတ်သောကြောင့် ယနေ့ညရှစ်နာ ရီခွဲ ကိုးနာရီလောက်အထိ မအိပ်ဘဲ နေနိုင်အောင် လက်ဖက်ရည် သောက်ထားခြင်းဖြစ်လေသည်။

ည ရှစ်နာရီခွဲခန့်ရှိသောအခါ နုတို့ခြံစည်းရိုးကို ကျော်တက် ၍ တိတ်ဆိတ်နေသောအိမ်ကြီးနားသို့ ချဉ်းကပ်လာပြီး ရေနံသုတ် ထားသောလှေကားကို ရှာရာ မနီးမဝေး၌ပင် လှေကားကိုတွေ့ရ သဖြင့် အသာမယူပြီး နုအိပ်ရာပြူတင်းပေါက်တည့်တည့် အိမ် ထရံကို မှီထောင်လိုက်လေ၏။

သူ့စိတ်တွင် တစ်အိမ်လုံးအိပ်ပြီဟု ထင်သော်လည်း အမှန် မှာ တင်အေးတစ်ယောက်မအိပ်သေးဘဲ ခြံဝင်းတွင် လမ်းလျှောက် ရင်း ပန်းနံ့ရှူနေလေသည်။ တင်အေး၏စိတ်တွင်ကား ထွန်းတင် နှင့် ကြိုက်နေသည်ကိုသိ၏။ သို့သော် ဤသို့ကြိတ်ကြိုက်နေသည့်



www.burmeseclassic.com

www.burmeseclassic.com



ကြားမှ ထွန်းတင်ကိုအပြုတ်တိုက်ကာ နကို အရယူလိုက်ရခြင်း ကိုပင် များစွာ နှစ်သက်နေမိလေသည်။

ထိုခဏ၌ အိမ်ထရံဆီမှ "ကျီ ကျီ"နှင့် အသံကြားရာ တင်အေး၏ စိတ်တွင်းဝယ် –

"ဒီအချိန်ကြီးဘယ်က ခေါ်တော်များ ခြံထဲလှော့လှော်နေရတာ လဲ"ဟုထင်ပြီး လှည့်ကြည့်လိုက်ရာ အပေါ်ထပ်ဖွင့်ထားသော ပြူတင်းပေါက်မှ ငုံကြည့်နေသော နကိုလည်းကောင်း၊ ဝါးလှေကား မှ ထစ်ထစ်ပြီး တစ်တစ်တက်သွားသည့် ထွန်းတင်ကို လည်းကောင်း၊ ထွက်ခါစ လရောင်၌မြင်ရသဖြင့် ခဏမျှ အံ့အား သင့်ကာ ငေးကြည့်နေမိလေသည်။

ပြီးမှအကြံရကာ ထွန်းတင်အခန်းထဲသို့ ဝင်ရန်ပြူတင်းပေါက် ဘောင်ပေါ်သို့ ရောက်စဉ်အိတ်ထဲမှ မောင်းချခါးဖြင့် အုန်းဆံကြိုး များကိုဖြတ်ကာ လှေကားထစ်ထစ်ဖြုတ်ထားလိုက်၏။ ထို့နောက် ထွန်းတင်အိမ်ထဲဝင်သွားပြီးသည့်အချိန်တွင် အုတ်ခဲတစ်လုံးကောက် ၍ပြူတင်းပေါက်အပေါ်ထရံကို ပစ်လိုက်ရာ "ဒိုင်း"ကနဲမြည်သွား လေ၏။ တင်အေး၏အကြံကား ဤသို့လုပ်လိုက်လျှင် ထွန်းတင် လန့်၍ ပြေးဆင်းလာမည်။ ဆင်းလာက အောက်ကဆီးချမည် ဟုကြံပြီး ဝါးခြမ်းပြားတစ်ချောင်းကိုကိုင်လျက် ပန်းရုံကလေးအေးမှ ထိုင်စောင့်နေလေသည်။

သူထင်သည့်အတိုင်း ထွန်းတင်မှာ လန့်သွားပြီး ပြန်ဆင်း



www.burmeseclassic.com

www.burmeseclassic.com



တော့ မည်ကြွဲသော်လည်း တဖက်ခန်းမှ "ဟဲ့ ဘာသံလဲ"။ သမီး အခန်းက ကြားတယ်"ဟူသော ဖခင်ကြီးအသံနှင့်အတူ နှအခန်း သို့ ရောက်နေသော ခြေသံများကြောင့် နှသည်ကြွဲမိကြွဲရာ ထွန်းတင်ကို သူအိပ်သောကုတင်အောက်သို့ ထိုးသွင်းလိုက်ကာ အခန်းတံခါးကို ဖွင့်လိုက်၏။ နှအဖေဖြစ်သူ ဦးစိန်းမောင်သည် ပြူးပြူး ပြာပြာနှင့်

"ဘာဖြစ်တာလဲ သမီး"

"သူခိုးလာတယ် ဖေဖေရဲ့"

"ဘယ်ကလာလဲ"

"ဒါတော့ သူခိုးမေးကြည့်မှ သိမှာပေါ့"

"မဟုတ်ပါဘူး၊ ငါမေးတာ ဘယ်အပေါက်က၊ အော် ပြတင်း ပေါက်ကကိုး"

"ဟုတ်တယ် သမီးကလသာသာနဲ့ ပြတင်းပေါက်ဖွင့်ပြီးအိပ် တာ သူခိုးတက်လာတာပဲ"

ထိုအတွင်း ဦးစိန်းမောင်၏မျက်စိမှာ ဟိုဟိုသည်သည်လျှောက် ကြည့်ရာ ကုတင်ပေါ်မှအထုပ်အပိုးကိုတွေ့သဖြင့်-

"ဟာ ဟိုဟာတွေက ဘာတွေတုန်း၊ နင့်ထမိန်စတွေလဲ ထွက်လို့ပါလား"

"အော် ဒါတွေလား၊ သူခိုးက ဓားမြှောင်ပြပြီးထုတ်ပေးရမယ် ဆိုလို့ ထုတ်ပေးနေတာတွေလေ"



www.burmeseclassic.com

www.burmeseclassic.com



''ဒိုင်းကနဲ ဘယ်ကမြည်တာလဲ''

''အော် သူခိုးကအထဲကိုအဝင်မှာ ပြတင်းပေါက်ဘောင်နဲ့ သူနဖူးတိုက်လို့ မြည်သွားတာလေ''

''သူခိုးကော''

''ဆင်းပြေးပြီ''

ကုတင်အောက်မှထွန်းတင်မှာ ဝပ်နေရင်းက နခေါ်ညာဏ်စွမ်းကိုစိတ်တွင်းမှ ချီးမွမ်းမိလေ၏။ အဘိုးကြီးလည်း သတ္တိခေသူမဟုတ်ရကား သူခိုးမိလို့မပြောနဲ့ ဖမ်းဆီးမည်ဟုကြံကာ မည်သူမျှမတားဆီးနိုင်မီ ပြတင်းပေါက်ကိုကျော်၍ လှေကားမှလျင်မြန်စွာ ဆင်းသွားလေတော့ရာ တင်အေးဖြတ်ထားသော အထစ်နေရာသို့ ရောက်သာအခါ ဒလိမ့်ခေါက်ကွေးမြေကြီးပေါ်သို့ ကျသွားလေ၏။

ပန်းရုံဘေးမှ တင်အေးမှာ သူထင်သည့်အတိုင်း ထွန်းတင်ချက်ချင်းပြန်ဆင်းမလာသော်အခါ စိတ်ပျက်ပျက်နှင့်ငိုင်နေစဉ် ''ဖုန်း''ကနဲမြေကြီးပေါ်သို့ လူကျသံကြားလိုက်ရသဖြင့် ကြည့်လိုက်ရာ ဖုတ်ထဲတွင် လိမ့်နေရာမှ ထတော့မည်ဟန်ပြင်နေသော နခေါ်အဖေ ဦးစိန်းမောင်ကို ထွန်းတင်အမှတ်ဖြင့် မထနိုင်မီ လျင်မြန်စွာ ပြေးကပ်သွား၍ လက်ထဲမှ ဝါးခြမ်းပြားဖြင့် ဖြန်းဖြန်းမြည်အောင် ပိတ်ချနေလေ၏။

ဦးစိန်းမောင်မှာ အငိုက်မိသွားသဖြင့် ဝါးခြမ်းဒဏ်ကို တတ်



www.burmeseclassic.com

www.burmeseclassic.com



နိုင်သမျှ ကာကွယ်ရလေရာ ပျားများဝိုင်းတုတ်ခံရသော အနူကဲ့သို့ လက်ကားယားခြေကားယားနှင့် ဖြစ်နေလေသည်။ တင်အေး မှာ ရှိုက်နေရာမှ သေသေချာချာကြည့်လိုက်သောအခါ ထွန်းတင် မဟုတ်ဘဲ ယောက္ခမလောင်းကြီးဖြစ်နေသည်ကိုတွေ့သဖြင့် လန့် ဖျပ်သွားကာ ကြောင်အမ်းအမ်းကြီး ရပ်နေမိလေတော့သည်။

ဦးစိန်းမောင်မှာ ဤတွင်မှသူခိုး၏ အလစ်ရပြီဟုကြံလျက် အနည်းငယ်မျှ ဆိုင်းတွေနေခြင်းမရှိဘဲ တင်အေး၏ဗိုက်ကိုပြေးတိုက် လိုက်လေရာ "အောင်မယ်လေးဗျ"ဟူသော အော်သံဖြင့် တင်အေး မှာ မြေကြီးပေါ်သို့ ဖင်ထိုင်ရက် ကျသွားလေတော့သည်။

အော်သံကိုကြားရမှ တင်အေးဖြစ်နေကြောင်းကို သိရသော ဦးစိန်းမောင်မှာ သမီးလည်းယူမည်ကြံသေး၊ ယောက္ခမလောင်းကို လည်း ဝါးခြမ်းဖြင့် လိမ့်ရိုက်သေးသောတင်အေးကို အလွန်ဒေါသ ဖြစ်မိကာ ခြေဖြင့် အားရပါးရလိမ့်ကန်ပြီး –

"ခွေးမသား အသုံးမကျတဲ့ကောင်။ ကိုယ်ယူတော့မဲ့ မယား ရဲ့ထမိန်တွေကိုလည်း ခိုးမယ်ကြံသေးရဲ့၊ ငါ့ကိုလည်း ဝါးခြမ်းပြား နဲ့ချသေး၊ မင်းဘာစောက်သုံးကျသလဲ။ သွား သွား ငါ့အိမ်မှာ မနေနဲ့။ နင်နဲ့လည်း မပေးစားတော့ဘူး။ ခုချက်ချင်း ပြန်တော့"

တင်အေးမှာ မျက်နှာငယ်ကလေးဖြင့် –

"ကျွန်တော်မြော်ပါရစေဦး ခင်ဗျာ"

ဟု တောင်းပန်တိုးလျှိုးသော်လည်း ဦးစိန်းမောင်မှာကြာလျှင်



www.burmeseclassic.com

www.burmeseclassic.com



လူသတ်မှု ကျူးလွန်မိတော့မည်ဟု စိုးရိမ်မိကာ –

"သွား သွား၊ ငါ့ကိုတစ်ခွန်းမှ ပြန်မပြောနဲ့"

"အခု မိုးချုပ်နေတယ်ဗျ"

"ဒါ မင်းပြောမှ မဟုတ်ပါဘူး။ ငါလဲသိတယ်"

"ကျွန်တော် ဘယ်ကိုသွားအိပ်ရမှာလဲ"

"ဟဲ့ နင့်ကိုငါနှင်နေတာကွ၊ ငါဘာလို့ အိပ်ရာခင်းပေးရမှာ လဲ"

"မဟုတ်ဘူး. . . ကျွန်တော်အိပ်စရာနေရာ မရှိလို့ပါ"

"ဘုန်းကြီးကျောင်းမှာ သွားအိပ်ကွာ"

"နက်ဖြန်မနက်မှ သွားပါရစေခင်ဗျာ"

"မလိုချင်ဘူးကွာ သွားဆို သွား"

မည်သို့မျှ မတာတ်နိုင်တော့သည့်အဆုံး တင်အေးမှာ မျက်နှာ ငယ်ကလေးဖြင့် သူ့အခန်းသို့သွား၍ အဝတ်အစားများကို ထုပ်ပိုး ရလေတော့၏။ ထိုခဏ၌ပင် နုဇါမိခင် ဒေါ်မှုန်သည် သမီးကိုစိတ် မချဟုဆိုကာ သူ့အခန်းထဲသို့ ခေါ်သိပ်လေရာ တင်အေးတွင် အကြံတစ်ခုပေါက်လာလေသည်။

သူ ယခုကဲ့သို့ဖြစ်ရသည်ကို သူ့ကိုယ်သူအပြစ်မတင်ဘဲ အပြစ် မရှိသည့်ထွန်းတင်အပေါ်တွင်သာ အငြိုးကြီးနေလေရာ သူသွားပြီး သည့်နောက် ထွန်းတင်ဂျောက်ကျရစ်စေရန် နုဇါ၏အခန်းဖြစ်သော မျက်နှာချင်းဆိုင်အခန်းတံခါးကို အပြင်မှ သော့ခတ်ပြီး သူ့အထုပ်



www.burmeseclassic.com

www.burmeseclassic.com



အပိုးများသူယူကာ ဆင်းသွားလေ၏။

တစ်အိမ်လုံး တိတ်ဆိတ်သွားသည့်တွင်မှ ထွန်းတင်မှာ ကုတင်အောက်မှ လေးဘက်ထောက်၍ ထွက်လာကာ အညောင်းဆန့် လိုက်လေသည်။ ပြီးမှ ဒေါ်မှုန်ပိတ်သွားသောပြတင်း ပေါက်ကိုဖွင့် ကြည့်လိုက်ရာ လှေကားကြီးမရှိတော့ သည်ကိုတွေ့ ရသဖြင့် ခေါင်းကြီးသွားမိလေ၏။ ထို့နောက် သူ၏"ထွက်ရပ်လမ်း"မှာ ဦးမောင်မောင်စိုးနှင့် ဘာမျှမဆိုင်ဘဲ အခန်းဝင်ပေါက်သာ ဖြစ်သည်ကို သိရသည်နှင့်တပြိုက်နက် ကဗျာကရာပြေးတွန်း ကြည့်မိလေရာ အပြင်မှ သော့ခတ်ထားသည်ကိုတွေ့ရပြန်၏။

ကေန္တ တင်အေးပင် လုပ်သွားမည်ဟု အတတ်တွေးမိသော်လည်း ယနေ့ညအဖို့ကား ယောင်အိမ်တွင်းမှ ကျေးသားကလေးဖြစ် နေပြီဟုတွေးမိ၍ ကုတင်ပေါ်တွင် ထိုင်ငိုင်နေမိလေသည်။ ပြတင်း ပေါက်က ခုန်ချလိုက်လျှင် ဤအိမ်တွင်းမှ လွတ်မည်ဖြစ်သော် လည်း မိမိအိမ်ပြန်မရောက်ဘဲ ဆေးရုံနှင့်သချိုင်း ဤနှစ်ခုတွင် တစ်ခုခုကို ယာယီမြင်သဖြင့် တွေးလက်စကိုပင် ဖြတ်တောက် လိုက်ကာ တံခါးထပိတ်ထားလိုက်ပြီး သက်ပြင်းချမိလေ၏။ သို့သော် နောက်ဆုံးတွင် ဘာမှကြံရာမရတော့၍ လာမဲ့ဘေး ပြေးတွေ့ရန် ဆုံးဖြတ်လိုက်ပြီး နဂါးကုတင်ပေါ်တွင် ခြင်ထောင်ချ၍ အိပ်လိုက် လေတော့သည်။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို"

"အလို. . . နု"

"ထလေ. . . ပြေးကြစို့"

"လှေကားမှ မရှိဘဲ"

"ရှိပါတယ်"

ထွန်းတင်သည် နုကိုဖက်၍ ပြတင်းပေါက်နားကပ်လာကာ ငုံ့ကြည့်လိုက်ရာ လှေကားကြီး ထောင်ထားလျက်ရှိသည်ကို တွေ့ရလေ၏။ အကြီးအကျယ် ဝမ်းသာသွားကာ နုကလေးကို ဇွေ့ကနဲ ပွေ့လိုက်၍ လှေကားမှ ဆင်းသွားလျက် ထွက်ပြေးကြရာ နောက်မှ ခြေသံကြား၍ လှည့်ကြည့်လိုက်သောအခါ ဒုတ်ကြီးကိုင်ထားသော တင်အေးသည် နုကို လှမ်းရိုက်လိုက်သည်ကို တွေ့ရလေသည်။

"နု. . . နု"

ဟု အော်လိုက်စဉ် တင်အေးက သူ့ကိုရိုက်လိုက်ပြန်သဖြင့် လှမ်းရှောင်လိုက်ရာ–

"ဝုန်း"

မျက်စိဖွင့်ကြည့်လိုက်ရာ ထွန်းတင်မှာ အိပ်မက်မက်ပြီး ကုလားထိုင်ပေါ်မှ လိမ့်ကျမှန်းသိလေသည်။

တစ်ဖက်ခန်းမှ နုမှာမျက်စိကြောင်ကာ သူတို့အရေးအတွက် ရတတ်မအေးနိုင်ဘဲ နံနက် (၅)နာရီတိုင်အောင် မအိပ်ဘဲရှိလေရာ ထွန်းတင်သူနာမည်ခေါ်၍ ယောင်သံကိုလည်းကောင်း၊ ကုတင်ပေါ်



www.burmeseclassic.com

www.burmeseclassic.com



မှ လိမ့်ကျသံကိုလည်းကောင်း ကောင်းစွာကြားမိမှ သူ့အခန်းထဲ တွင်ရှိနေကြောင်းကို သတိပြုမိလေသည်။

"ဟ ဘာသံလဲ"

ထွန်းတင်လိမ့်ကျသံကြောင့် ဦးစိန်းမောင်ကြီး နိုးကာ သမီး ဖြစ်ဖြစ် မယားဖြစ်ဖြစ် တစ်ယောက်ယောက်ဖြစ်စေတော့ဟုကြံ၍ မေးလိုက်ခြင်းဖြစ်၏။

နုသည် ယုတ္တိတန်သောအဖြေကို ကမန်းကတန်း ပေးလိုက် လေသည်။ တစ်ဖက်ခန်းမှ ထွန်းတင်ကလည်း အဘိုးကြီးသက်သာ ကင်းအောင် ပြုလိုက်၏။

"အော် သမီးကုတင်ပေါ်ကလိမ့်ကျသံပါ"

"ညောင်"

အသံနှစ်ခုမှာ ပြိုင်တူဖြစ်သွားသဖြင့် အဘိုးကြီးမှာ ပြန် အော်မေးလိုက်ပြန်လေသည်။

"ဘာသံ"

"သမီးလိမ့်ကျတာပါ"

"ညောင်"

"ဘယ်က ကြောင်သံထွက်လာတာလဲ"

ဤနေရာတွင်မူ ထွန်းတင်ဘာလုပ်ရမှန်းမသိ၍ နု၏အဖြေ တစ်ခုသာထွက်လာလေသည်။

"ဟိုဘက်အိမ်ကကြောင်ပါ၊ အိမ်ခေါင်မိုးပေါ်တက်ပြီး ကြွက်



www.burmeseclassic.com

www.burmeseclassic.com



ချောင်းတယ်ထင်ပါရဲ့''

စပြီး အမေးအဖြေလုပ်နေကြတည်းက ငြိမ်ချက်သားကောင်းနေသော နု၏အမေ ဒေါ်မှုန်က ဝင်ရောက်ပြောလိုက်ပြန်၏။

''နေပါဦး ညည်းကကြမ်းပေါ်မှာအိပ်ပြီး ဘာကုတင်ပေါ်က လိမ့်ကျနေတာလဲ''

နုမှာ ဤတွင်မှ အဖြေပေးမှားသွားပြီကို သိရတော့သည်။ ညတိုင်းကုတင်နှင့်အိပ်နေကျဖြစ်သဖြင့် ဤကဲ့သို့ ဆင်ခြေပေးမိခြင်းဖြစ်လေသည်။ သို့သော် ရည်းစားနှင့်ပတ်သက်လာလျှင် အစွမ်းကုန်ကာကွယ်လေ့ရှိသော မိမိတို့၏ထုံးစံအတိုင်း အဘွားကြီးကို ကြံဖန်ဖြီးပြန်လေ၏။

''သမီးပြောတဲ့အထဲမှာ ကုတင်ဆိုတဲ့ စကားတောင်မပါဘူး အမေရဲ့၊ ခုတင်ကလေးဘဲ လိမ့်ကျသွားတယ်လို့ပြောတာ၊ ခေါင်းအုံးပေါ်ကလိမ့်ပြီး ကြမ်းပေါ်ကျတာ ပြောတာပါ''

''အေး အေး ဒါဖြင့်ကောင်းပါရဲ့တော်၊ ညကလို သူခိုးများဝင်ပြန်ပလားလို့''

''ညကဟာ အပြင်ကသူခိုးမဟုတ်ဘဲကွ၊ အတွင်းလူ အဲလေ အတွင်းခွေးပဲကွာ''

ကြားကဝင်ပြောလိုက်သော ဦးစိန်းမောင်အသံအဆုံးတွင် ပြန်အိပ်သွားကြပြန်လေ၏။ နုကလေးကား မအိပ်နိုင်ရှာဘဲ ထွန်းတင်ကို နံနက်စာထမင်း ဘယ်လိုကျွေးရပါမလဲဟု ကြံနေမိ



www.burmeseclassic.com

www.burmeseclassic.com



လေသည်။

မိုးသောက်၍ ခြောက်နာရီခွဲ ခုနစ်နာရီနီးပါးခန့်ရှိသောအခါ ထွန်းတင်နိုးလာ၍ ကုတင်ပေါ်ဝယ် ခြေတွဲလောင်းချကာ ထိုင်ရင်း သူ့အဖြစ်ကို သူစဉ်းစားနေမိလေသည်။ စဉ်းစားရင်းက မျက်နှာ သစ်စရာ ရေမရှိ၍ ကြောင်များကဲ့သို့ လက်ဖဝါးကို တံတွေး ဆွတ်၍ မျက်နှာပွတ်ရကောင်းမလားဟုပင် တွေးမိလေသည်။

"ဒေါက်"

ထွန်းတင်လှမ်းကြည့်လိုက်ရာ ဥတုသုံးပါးခံသည်ဆိုသော နတ်သမီးတံဆိပ်မီးခြစ်ဘူးကလေးသည် ကြမ်းပေါ်မှ ထွန်းတင် ကို လက်ယက်ခေါ်နေသည်။ အသာကောက်ယူ၍ဖွင့်ကြည့်လိုက် ရာ အထဲတွင်စာရွက်ကလေး တစ်ခုတွေ့သဖြင့် ထိုစာရွက်ပေါ် တွင် ရေးသားထားသော စာများကိုဖတ်ကြည့်မိ၏။

ကိုကို –

ဒီနေ့ နေ့နေမကောင်းချင်ယောင်ဆောင်ပြီး ထမင်းကို အခန်းထဲ ယူစားမယ်။ ဒီတော့ သတင်းစာနဲ့ထုတ်ပြီး ကိုကို့အခန်းဘက် ကုတင်ပေါ်လောက်ကို မှန်းပြီးပစ်ချပေးမယ်၊ အဲဒါ ထမင်းစား ပြီးလို့ရှိရင် အိမ်မြှောင်စုတ်ထိုးသံကိုလုပ်လိုက် ရေပေးမယ်၊ ရေ ပေးတော့ နှင်ယင်ယင်တုန်းက ဟိုဘက်အိမ်ကကောင်လေးဆီက လုယူထားတဲ့ ပြွတ်ပေါင်းလေးနဲ့ ထိုးပေးမှာပဲ၊ အဲဒါရေလာရာ ပါးစပ်ဟခံပေါ့၊ နှစ်ခါထိုးပေးမယ်နော်၊ ဒါထက် ခြင်ထောင်ဖြုတ်



www.burmeseclassic.com

www.burmeseclassic.com



ထားအုံး–

အချစ် နု

ထွန်းတင်မှာ စာဖတ်ပြီးသောအခါတွင် "အော် နု နု ငါ့ကို ချစ်ရှာတယ်"ဟုတွေးမိကာ လှိုက်လှိုက်လှိုက်လှိုက်နှင့် ဖြစ်လာလေသည်။ သို့သော် ကြက်မတွန်မှမိုးလင်းတော့မည်ဖြစ်သဖြင့် မတတ်သာဘဲ ခြင်ထောင်ကိုဖြုတ်၍ ခေါင်းရင်းတွင် ခေါက်ထားကာ မှန်တင်ခုံရှေ့ကုလားထိုင်တွင် ထိုင်နေလေ၏။

ဆယ်နာရီလောက်ရှိသောအခါတွင် အိပ်ရာပေါ်သို့ ထမင်းဆုတ်ကြီး "ဘုတ်"ကနဲကျလာသဖြင့် ဆာနေပြီဖြစ်သော ထွန်းတင်မှာ မျက်နှာရွှင်ပြသွား၍ ပြေးကောက်ကာဖြည်လိုက်လေ၏။ အထဲတွင် စက္ကူလေးတစ်ရွက်ပါလာလေသည်။

**မေသိတဲ့မောင် –**

ဟင်းချိုဟင်းထုတ်လို့မရဘူး၊ ဒါကြောင့် ဒါနဲ့ပဲစား။

နု

ထွန်းတင်သည် ပြုံးလိုက်ကာ ထမင်းကို ပဲသီးနှင့်ဝက်သားကြော်ထားသော ဟင်းဖြင့်စားရလေ၏။ သို့သော် သူ့စိတ်ထဲတွင် အခုအသက်အရွယ်အထိ ဤတစ်ကြိမ်မှာ အမြိန်ဆုံးဟု ထင်မိလေသည်ကား အမှန်ပင်ဖြစ်၏။

ထမင်းစားပြီးသောအခါ အိမ်မြှောင်စုတ်ထိုးသံကဲ့သို့ "ကျွတ် ကျွတ် ကျွတ် ကျွတ်"နှင့်လုပ်လိုက်ရာ အိပ်ရာပေါ်သို့ ရေစက်ရေ



www.burmeseclassic.com

www.burmeseclassic.com



ပေါက်များ ကျလာလေသဖြင့် ပါးစပ်ဟ၍ခံလိုက်ရလေ၏။ ပြွတ်နှင့်ထိုးရခြင်းဖြစ်သောကြောင့် ရေကုန်ခါနီးတွင် လက်ရမ်းလာသဖြင့် ပါးစပ်ကခံနေသော်လည်း ချော်၍နှာခေါင်းထဲသို့ ဝင်ကုန်ရာ "ဖွီး ဖွီး"နှင့် ထွန်းတင်မှာ ဟိုခါသည်ခါ ဖြစ်သွားလေ၏။

သို့သော် ရေလည်းမဝသေးသဖြင့် စောင့်နေစဉ် နောက်တစ်ကြိမ်ရေလာပြန်ရာ ပါးစပ်ဟခံရပြန်လေ၏။ ဤတစ်ကြိမ်တွင်မူ အကျင့်ရသွားပြီဖြစ်သွားသဖြင့် ဟန်ကျသွားလေသည်။ ရေကားစည်ပိုင်းဟောင်းစော်နံလှသည်ဟု သူမှတ်ချက်လိုက်၏။

ညနေဘက်သို့ ရောက်လာသောအခါတွင် ထမင်းချက်မိန်းမကြီး ဒေါ်ဇာယသည် နုအတွက် ထမင်းဟင်းများကို ယူခဲ့ပေးပြီး ဒေါ်မှုန်၏အမိန့်အတိုင်း နု၏အခန်းကို တံမြက်စည်းလှဲရှင်းလင်းရန် လာလေရာ အခန်းဝသို့ ရောက်သောအခါ သော့ခတ်ထားသည်ကိုမြင်သဖြင့် အောက်ထပ်ပြန်ဆင်းပြီး ဒေါ်မှုန်ကို ပြောပြလေ၏။

"ကိုစိန်းမောင် ခတ်ထားတယ်ထင်တယ်"

ဟုပြော၍ ဦးစိန်းမောင်ကို သွားမေးရာ ဦးစိန်းမောင်မှာ သူခတ်လာခြင်းမဟုတ်သဖြင့် အံ့ဩစွာနှင့်ပင် အပေါ်ထပ်သို့ တက်လာလေရာ သူ့နောက်မှ ဒေါ်မှုန်နှင့်တံမြက်စည်းကြီးကိုကိုင်ထားသော ဒေါ်ဇာယ ပါလိုက်တက်လာသည်။

မည်သူ့သော့မှန်းမသိသည့်တိုင်အောင် ဤသို့ထား၍မသင့်ဟု



www.burmeseclassic.com

www.burmeseclassic.com



ကြဲကာ သော့ကိုရိုက်ချိုး၊ အထဲကို ဝင်ကြည့်ကြလေ၏။ သော့ချိုးသံကြောင့် ကုတင်ပေါ်တွင်ထိုင်နေသော ထွန်းတင်သည် ကပျာကယာ ကုတင်အောက်သို့ပင် ဝင်နေရလေ၏။ သို့သော် သူစီးခဲ့သော လေယာဉ်ပုံဘိနပ်ကြီးမှာ ကုတင်ခြေရင်းတွင် စုံတွဲစံစားနေခဲ့လေသည်။

ဦးစိန်းမောင်သည် ဘိနပ်ကြီးကိုမြင်သောအခါ ပြူးကျယ်သော မျက်လုံးကြီးများဖြင့်ကြည့်လျက် –

"ငါမွေးထားတာလူပါ၊ ဆင်မကြီးမဟုတ်ပါဘူး၊ ဘိနပ်ကြီးက ကြီးလှချည်လား"

ဟုပြောသဖြင့် ဒေါ်မှုန်ကလိုက်ကြည့်ကာ သူ့ခိုး"အဲ ငတင်အေး ကျန်ရစ်ခဲ့တာထင်တယ်"

ဟု ထင်မြင်ချက်ပေးလိုက်လေ၏။ ဒေါ်ဇာယု သာကားဘာကိုမျှဂရုမစိုက်ဘဲ တံမြက်စည်းကိုသာ အတွင်းလှဲနေပေရာ ကြမ်းပေါ်မှ ဖုံများမှာ ကြွ၍ကြွ၍ တတောင့်ထွာလောက်အမြင့်အထိ ပျံတက်ကြလေရာ ကုတင်အောက်တွင်ဝပ်နေသော ထွန်းတင်၏ နှာခေါင်းနှင့် "အောင်ပ ကုလား ဓါတ်ကျကာ အတင်းထိုးဖွ့လေကြရကား ထွန်းတင်ခမျာ နှာခေါင်းယားလာ၍ ချေမိလေတော့သည်။ ခြေလိုက်တိုင်းလည်း ကုတင်နှင့်မလွတ်၍ ခေါင်းနှင့် ပြေးပြေးဆောင့်လေရာ–

"ဟပ်ချိုး ဒိုင်း၊ ဟပ်ချိုး ဒိုင်း ဟူ၍ စည်းဝါးကျကျ



www.burmeseclassic.com

www.burmeseclassic.com



ပေါ်ထွက်လာ၏။

ဦးစိန်းမောင်မှာ မျက်လုံးပြူကြီးနှင့် –

“ဟဲ့ ဒီအခန်းထဲမှာ ဘယ်ကအောင်ဖေယျတု ကတိုးနှာရောင်းတဲ့ကောင် ရောက်နေသလဲ”

ဟုပြော၍ ငုံ့ကြည့်မည်ပြုနေစဉ် နုသည် ထမင်းထုပ်ကို ပစ်လိုက်သည်ဖြစ်ရကား ဦးစိန်းမောင်၏ခေါင်းပေါ်သို့ ကျလာကာ စက္ကူပြေသွား၍ ထမင်း၊ ပဲတီ၊ ပုဇွန်ဆုတ်ကြော်၊ ဟင်းဖတ်များမှာ ဖွာကနဲ ကြမ်းပြင်ပေါ်၌ ပျံ့ကြဲကုန်လေ၏။ အချို့ထမင်းလုံးများမှာလည်း ဦးစိန်းမောင်၏ ကော်လံအိတ်ကပ်ထဲသို့ ဝင်ကုန်ကြလေ၏။

ဒေါ်မှုန်မှာ ရုတ်တရက်ဖြစ်ပုံကြောင့် မျက်လုံးကြီးအကြောင်သားနှင့် ကြည့်နေစဉ် ဒေါ်ဇာယုမှာ ကုတင်ပေါ်မှ ရေစက်များကြောင့် စိုထိုင်းထိုင်း အကွက်ကြီးများကိုကြည့်ကာ–

“ကောင်မလေး ညကအိပ်ရင်း သေးပါတယ်ထင်တယ်၊ နောက်ကို မီးဖိုကန့်တော့ အိပ်ခိုင်းမှပဲ”

ဟု ဘေးကအဖြစ်တွေ ဂရုမစိုက်ဘဲ ပြောလိုက်ပြီးမှ လှည့်ကြည့်မိလေ၏။

“အာ ကျွတ် ကျွတ် ကျွတ် ကျွတ် ဘယ်လို ဖြစ်တာတုန်း”

စကားဆုံးသည်နှင့်တပြိုင်နက် ဒေါ်မှုန်၏ ခေါင်းပေါ်သို့ ဗျန်း ဗျန်း ဗျန်း ဗျန်း နှင့် ရေစက်ရေပေါက်တွေ ကျလာလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဦးစိန်မောင်မှ အိခြွေမဆည်နိုင်တော့ဘဲ လန့်အော်လိုက်လေ၏။

"ဟ တစ္ဆေခြောက်တယ်"

ဦးစိန်းမောင်၏သို့အော်လိုက်သည်ကို အားလုံးခဏမျှ ငေးနားထောင်နေပြီးမှ ပြေးရန်သတိရကာ လှည့်ပြေးကြရန် ခြေလှမ်း ပြင်လိုက်ကြလေ၏။

ထိုအချိန်တွင် တဖက်ခန်း၌ နုမှာ စောစောက ဝိုးတိုးဝါးတား အသံများကြားသော်လည်း ယခင်က တင်အေးနေသွားသောအခန်း ထဲကဟု ထင်မိလေရာ ယခုမှ ထွန်းတင်ဝင်ပုန်းနေသော မိမိ၏ အခန်းထဲကဖြစ်ကြောင်း သိရလေ၏။ သိသည်နှင့်တပြိုက်နက် ထွန်းတင်ကို ဦးစိန်းမောင်တွေ့၍ အထင်လွဲကာ ရိုက်ပုတ်နေက ခက်ချေတော့မည်ဟုကြံကာ ၎င်းအခန်းထဲမှထွက်၍ ဦးစိန်းမောင် တို့ရှိသော အခန်းထဲသို့ ဝင်ပြေးလာလေရာ ပထမဆုံးထွက်ပြေး လာသော ဒေါ်ဇာယုနှင့်အရှိန်ပြင်းစွာ ဝင်တိုက်မိလေ၏။ ဒေါ်ဇာယု ကြမ်းပေါ် ဖင်ထိုင်ရက်ကျသည်တပြိုက်နက် ဒေါ်မှုန်မှာ ဒေါ်ဇာယု ကို ခွ၍ဟပ်ထိုးလဲကျပြီး ဦးစိန်းမောင်မှာ သူတို့လဲသည်ကိုမြင် သည်နှင့်မတိုက်မိအောင် ပြေးလာသောလမ်းကို လွှဲလိုက်ရာ တံခါး ဘောင်နှင့်ပြေးတိုက်လေ၏။

နုမှာ ဒေါ်ဇာယုနှင့် တိုက်မိသော်လည်း လဲမသွားဘဲ ကား သူ့ရှေ့တွင် ရှတ်ရှတ်ရှတ်ရှတ်နှင့် ရှုတ်ရှက်ခတ်အောင်ဖြစ်နေသော သဏ္ဍာန်များကြောင့် –



www.burmeseclassic.com

www.burmeseclassic.com



"အောင်မယ်လေးရှင့်"

ဟု အော်လိုက်လေ၏။ သူ့အော်သံကို ကြားရသောကုတင်အောက်မှ ထွန်းတင်မှာ သူ့ချစ်သူ၏အော်သံကြောင့် စိတ်ပူကာ သူ့ရန်ကိုပင် မစိုးရိမ်နိုင်တော့ဘဲ လေးဘက်ထောက်လာပြီး မတ်တပ်ရပ်လိုက်ရာတွင် ကုတင်စောင်းနှင့် ကျောမလွတ်ဘဲ "ဝုန်း" ကနဲ တိုက်မိလေ၏။

ထိုအသံကြောင့် အပေါက်ဝတွင် ပြုံးနေသောကြမ်းပေါ်ဖင်ထိုင်နေသည့်ဒေါ်ဇာယုသည်၎င်း၊ ဒေါ်ဇာယုကိုခွ၍ ဟပ်ထိုးကြီးဖြစ်နေသော ဒေါ်မှုန်သည်လည်းကောင်း၊ တံခါးပေါက်ကိုနမ်းနေသော ဦးစိန်းမောင်သည်လည်းကောင်း၊ အခန်းပြင်နားက ရပ်ကာငေးနေသည့်နုသည်လည်းကောင်း ဝိုင်းလှည့်ကြည့်ကြလေတော့၏။

သူတို့ ဝိုင်းကြည့်သည်ကိုမြင်သောအခါ ထွန်းတင်မှာ သူ့အပြစ်လွတ်စေရန် အသနားခံသည့် မျက်နှာသေကလေးလုပ်ပြသော်လည်း သူ့မျက်နှာမှာ ကပ်နေသောဖုံများနှင့် ချွေးစီးကြောင်းများကြောင့် ကုလားကျား သဏ္ဍာန်ဖြစ်နေလေသည်။

ဦးစိန်းမောင်သည် သူ့မျက်နှာကို ရှုံ့မဲ့စွာကြည့်ရင်း –

"ဟ သရဲခေါင်းကြီး သရဲခေါင်းကြီး ကုတင်အောက်က ထွက်လာတယ်"

ဟုပြောလိုက်ရာ ထွန်းတင်မှာ သူ့ကိုဦးစိန်းမောင်က သူ့ရဲ့ကောင်းကြီးဟုခေါ်သည်ထင်၍ ပြုံးရီစွာ ကုတင်အောက်က ထွက်



www.burmeseclassic.com

www.burmeseclassic.com



လာပြီး ဦးစိန်မောင်တို့နား ကပ်လာရင်း –

"ဦးလေးကလည်း ဟဲ ဟဲ သိပ်မပြောက်ပါနဲ့ မိန်းမဒိုးတော ကလေးနဲ့ ကျွန်တော် သူရဲကောင်းမဖြစ်နိုင်သေးပါဘူး။ ဟဲ ဟဲ"

"အောင်မယ်လေးဗျ"

ဦးစိန်မောင်မှာ ကြည့်ရင်းကြည့်ရင်း ကြောက်လာပြန်သည်နှင့် ထပ်အော်လိုက်ပြန်၏။ အသိုးကြီးအော်သံကြောင့် ထွန်းတင် လန့်ခုန်လိုက်ရာ မှန်ရှေ့သို့ရောက်သွားမှ သူ့ကိုလန့်နေမှန်းသိသွား လေသည်။ သို့သော် သူယခုကဲ့သို့ ခုန်လိုက်သဖြင့် ဒေါ်ဇာယု နှင့် ဒေါ်မှုန်တို့မှာ လန့်သွားပြန်ကာ–

"အောင်မလေးတော့. . ."

ဟု သံပြိုင်ဟစ်မိကြပြန်လေသည်။

နု၏စိတ်ထဲတွင်ကား ဘယ်လိုပဲဖြစ်ဖြစ်၊ နောက်ဆုံးတွင် ထွန်းတင်မှန်း ဦးစိန်မောင်သိမည်။ သိက ပေးစားမည်မဟုတ်ဟု တွေးမိကာ ဝမ်းပန်းနည်းလာ၍ ဦးစိန်မောင် ခြေသလုံးကို ဖက်ကာငိုလေ၏။ ဦးစိန်မောင်ဘာမသိညာမသိနှင့် –

"သောက်ကျိုးနဲ၊ ဒါ ပယောဂပဲ ဆရာခေါ်"ဟု ပြောလေရာ နုသည် ငိုရင်းက –

"ဘယ်ကရောဂါရမှာလဲ ဖေဖေရဲ့၊ ဟဲ ဟဲ ဟိုကောင ကိုထွန်းတင်လေ၊ အဟင့် အဟင့်"

ဦးစိန်မောင်သည် ထွန်းတင်ကို သေချာစွာကြည့်၍–

"ဟင် ဒီသူရဲခေါင်းဟာ ထွန်းတင်လား"



www.burmeseclassic.com

www.burmeseclassic.com



ထွန်းတင်လည်း သူ့ကိုမှတ်မိပါစေတော့ဟုကြံကာ လက်ဝါး တွင် တံတွေးထွေး၍ မျက်နှာကို ပွတ်လေ၏။

"ထို့ ရွှံ့စရာကောင်းပါဘိတော့၊ ဒါ့ထက် မင်းဘယ်လိုဒီရောက် နေတာလဲ"

ဟု ဦးစိန်မောင်က မေးမှ ထွန်းတင်တစ်လှည့်၊ နုကတစ် လှည့် ရှင်းပြကြလေ၏။ ရှင်းပြပြီးသောအခါ နုသည် မျက်ရည်စ ကလေးနှင့် –

"အဲဒါ ကိုထွန်းတင်နဲ့ မပေးစားရင် ကျွန်မသေရမှာပဲ"

ဟု အကြပ်ကိုင်လေတော့ရာ ဒေါ်မှုန်၏ သံမဏိနှလုံးကို "ဘော်ဖါ" မှုန်သွားသည့်နည်းတူ ဦးစိန်မောင်၏သမီးအပေါ် စီးဆင်းသောမေတ္တာရေမှာ မေယုက္ခးနိုင်လောက်အောင်ပင် ဒလ ဟောဖြစ်သွားလေ၏။

"အေးကွာ၊ ကောင်းပြီ၊ သရဲခေါင်းကလည်း သားမှတ်မှတ် မယားမှတ်မှတ်ပေါင်းရမယ်"

ဦးစိန်မောင်နှင့် ဒေါ်မှုန်၊ ဒေါ်ဇာယုတို့ ထွက်သွားကြတော့ ရော "သရဲခေါင်း"ထွန်းတင်နှင့် 'လှနုတ်သမီး' နုတို့မှာ ရဲတိုက် ခန်းမထဲတွင် ပြုံးပြုံးကလေး မျက်နှာချင်းဆိုင် ကျန်ရစ်ခဲ့ကြလေ သတည်း။။

*စက်တင်ဘာ၊ ၁၉၄၉(တော်ဝင်မဂ္ဂဇင်း)*



www.burmeseclassic.com

www.burmeseclassic.com

# မတာစ်လုံးကြေ

သူငယ်ချင်း–စိန်လှ

အကြောင်းကတော့ ထူးနေပြီ။ မင့်အကူအညီကို ငါများစွာလိုပြီ။ ငါ့ဆီကိုလာခဲ့ပါ။

ဘစိုး

များများစားစားမဟုတ်ပါ။ နှစ်ကြောင်းမျှလောက်သာရှိသောအထက်ပါစာတိုကလေးကို ကြာရှည်စွာ ဖတ်နေမိသည်။ ဘစိုးသည် သူနှင့်အလွန်ခင်မင်ရင်းနှီးသော ငယ်သူငယ်ချင်းဖြစ်ခဲ့၏။ ဘစိုး မိန်းမခိုးစဉ်က ကိုယ်တိုင်မခိုးပေးရသော်လည်း အိမ်ငှားပေးရ၊ ပိုက်ဆံပေးရနှင့် အတော်ပင်ခြေသည်းလက်သည်းဖြစ်ခဲ့ရသေးသည်။

သို့သော်. . . ယခု ဘာများအကြောင်းထူးနေမှန်းလည်းမသိ။



www.burmeseclassic.com

www.burmeseclassic.com



ဘစိုးမိန်းမ မစန်းကြည် ယောက်ျားရသည်မှာ လပိုင်းပင်ရှိသေး၍ လင်ငယ်နောက် မပြေးနိုင်သေးပါ။

"မင်းက ငါပြောနေတုန်း ကြားကဝင်မပြောပါနဲ့ကွ၊ ငါ သေသေချာချာ ပြောပြပါ့မယ်၊ အခု မစန်းကြည်က သူ့မိဘကို သိပ်လွမ်းသတဲ့ကွာ၊ အဲဒါ ငိုငိုနေတယ်။ ဒီတော့ သူစိတ်မချမ်းသာတာလဲ ငါမမြင်လိုဘူး၊ အဖိုးကြီးတွေအိမ်လဲ မသွားဝံ့ဘူး။ အတိုချုပ်ပြောမယ်ကွာ၊ အဖိုးကြီး အဖွားကြီးနဲ့ မစန်းကြည်နဲ့ ပြန်ပေါင်းထုတ်ချင်တယ်၊ အဲဒါ မင်းကြဲပေးစမ်းပါလို့ ဆိုချင်တာဘဲ"

စိန်လှသည် နှုတ်ထိပ်မှ စီးကရက်ကို ချွတ်လိုက်ပြီး မီးခိုးကိုဖူးကနဲ မှုတ်ထုတ်လိုက်၏။ မီးခိုးများသည် စည်းကမ်းမဲ့စွာ ပျံ့နှံ့သွားကြသည်။

"အော်. . . မင်းက လိုချင်တာက မင်းတို့ကလည်း မသွားဘဲနဲ့ အဖိုးကြီး အဖွားကြီးတွေ မင်းတို့အိမ်ကိုလာရမယ်ဆိုပါတော့"

ဘစိုး၏မျက်နှာမှာ သက်သေ့ရေမချိုးဘဲထားသော အဘွားကြီး၏ ဆံပြာနှင့် ကျကျနနရေချိုးပြီးခါစ ကျော့ပြင်ကြီးကဲ့သို့ ပုပ်ရာမှ ကြည်လင်လာသော်လည်း သံသယအရစ်ကလေးများမှာ မျက်နှာဝယ် ဝဲလျက်ရှိသေး၏။

"လုပ်စမ်းပါ သူငယ်ချင်းရာ၊ မင်းကို ဒါကြောင့် အားကိုးရတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟား. . . ဟား. . . ဒါ ဘာခက်သလဲ၊ ဒီလိုလုပ် မစန်းကြည် အသည်းအသန် မမာချင်ယောင်ဆောင်ပြီး ခေါ်ခိုင်း လိုက်ပေါ့ကွ၊ မိဘဆိုတာ သားသမီးကို ခဏာသာပြတ်နိုင်တယ်။ ဒုက္ခ သုက္ခ ရောက်တယ်ကြားရင် ပြေးလာမှာပေါ့၊ ဒီကျတော့ကွာ မင်းတို့ပြေရာ ပြေကြောင်းကြည့်လိုမ့်ကြပေါ့၊ အရေးကြီးတာက မျက် နှာချင်းဆိုင် မိဖို့ မဟုတ်လားကွ"

"အေးကွ. . . ကောင်းလိုက်တဲ့ အကြံကွာ၊ ဟော့. . . မစန်း ကြည်ရေ၊ ဟောဒီ ဦးပုညကြီးကို ကတုံးရိတ်လိုက်၊ အဲလေ. . . ယောင် လို့၊ ထမင်းကျွေးလိုက်ပါကွာ"

စိန်လှမှာ ရင်းနှီးသူဖြစ်သဖြင့် အားနာချင်ယောင်ဆောင် မနေတော့ဘဲ နံနက်စာ ဝင်ကြိတ်လိုက်လေတော့သည်။ ထမင်း စားပြီးမှ ဘစိုးက. . .

"အေး. . . ဒါထက် မင်းဘဲ အဖိုးကြီးတွေအိမ်သွားပေးပါကွာ နော်. . ."

"ဟာကွာ. . . ငါအလုပ်ချည်းပါပဲလား"

"လုပ်ပါကွာ၊ ငါ ခိုင်းစရာ တခြားလူလည်း မရှိလို့ပါ၊ မင့် ကျေးဇူးမမေ့ပါဘူး"

"ကျေးဇူးကို ဘာနဲ့ဆပ်မလဲ"

"မင်းအလိုရှိတာ ငါကူညီပါ့မယ်"

"ကဲ. . . ဒီလိုဆိုရင် ငါလုပ်ပေးမယ်။ ငါလည်းတစ်ခါမှ



www.burmeseclassic.com

www.burmeseclassic.com



မရောက်ဖူးဘူး။ မင်း မစန်းကြည်ကို ခိုးတုန်းက ငါလိုက်ခဲ့မိရင် အကောင်းသား၊ ကဲ လိပ်စာသာပြောပါတော့"

"လိပ်တွင်မကဘူး၊ ကြမ်းပိုးပါ ပြောရမှာ၊ ငါပြောတာကို မင်းသေသေချာချာ နားထောင်နော်၊ မင်းတစ်ခါမှ ရောက်ဖူးတာ မဟုတ်လို့ ကိုင်း နားထောင်ပြီး မှတ်ပေတော့"

ဤသို့အစချီ၍ ဘစိုးက စက္ကူကြမ်းကလေးနှင့် အိမ်နေရာကို မြေပုံဆွဲပြ၏။ ထိုနောက် မစန်းကြည်အသည်းအသန်ဖြစ်ကြောင်း ရှိသေစွာ အစီရင်ခံစာတစ်စောင်ရေးပေး၏။ ပြီးမှ စိန်လှကို အထူးမှာတမ်းမှာကြားလေသည်။

"မင်း. . . သွားသွားခြင်း မစန်းရီကိုတွေ့ရင်တော့ ဟန့်တာပဲ"

"မစန်းကြည်ရဲ့ ညီမလား"

"အေးလေ. . . မင်းမြင်ဘူးတယ်မဟုတ်လား၊ မမြင်ဘူးလဲ အရေးမကြီးပါဘူး၊ မစန်းကြည်နဲ့တော်တော်တူပါတယ်၊ သူက သူ့အမကိုသိပ်ချစ်တယ်၊ ဒီတော့ သူ့ကိုတွေ့ရင် ဒို့အကြံမှုချအောင်မှာပဲ၊ သူတို့အမေ ဒေါ်အုံးခင်ကိုတွေ့ရင်လည်း တော်သေးတယ်။ အဖွားကြီးက သူ့သမီးတွေကို သိပ်ချစ်တာ၊ သူတွေ့လည်း ဒို့အကြံအောင်မှာ၊ အဲ. . . အဖိုးကြီး ဦးရွှေရိုးကတော့ တမျိုးကွ"

"ငါသိပါတယ်၊ ဆံပင်ရှည်နဲ့ နှုတ်ခမ်းမွှေးနဲ့ ပုသိမ်ထီးနဲ့ မဟုတ်လား"

"ဘယ်က ဟုတ်ရမှာလဲ၊ ကတုံးနဲ့၊ မုတ်ဆိတ်နဲ့၊ ပိတ်ဖြူနဲ့



www.burmeseclassic.com

www.burmeseclassic.com



ကွ၊ သူ့အကြောင်းငါပြောပြဦးမယ်၊ သူငယ်ငယ်က ဆယ်တန်းအောင် ပြီး ယ်မဲ့ ကျင်းတွေ လိုက်ဖွင့်ကြဖြင့်၊ ပြီးတော့ ...

ကွ၊ သူ့အကြောင်းငါပြောပြဦးမယ်၊ သူငယ်ငယ်က ဆယ်တန်းအောင် တန်း သချာဂုဏ်ထူးနဲ့ထွက်လာတာကွ။ ကောလိပ်ကျောင်းကျတော့ ပါဠိသိပ်တော်ဆိုဘဲ။ နောက် ဘီအေကိုမြန်မာစာ–ဂုဏ်ထူးနဲ့အောင် တယ်။ ဒီနောက် ဥပဒေ သင်တန်းတက်ပြီးတော့ မီးရထားရုံးမှာ ဝင်လုပ်ခဲ့တယ်ဆိုပဲ။ မင်းစဉ်းစားကြည့်တော့ ဒီအချိန်အထိ ဘယ် လောက်အပေါင်းရခဲ့ကိမလဲဆိုတာ။ ဒါနဲ့ မရပ်သေးဘူးမောင်။ အခုအလုပ်က အနားယူတော့ လောကီပညာကို နင်းကန်လိုက်စား ပြီး သူ့ကိုသူ မတစ်လုံးကြေပြီတောင် ပြောနေတယ်ကွ”

စိန်လှ၏မျက်နှာဝယ် ပုဏ္ဏာလက္ခဏာကလေးသည် ရိပ်ခနဲ ဖြတ်သန်းသွားသဖြင့် မျက်ခုံးနှစ်ဘက်သည် စုံခုန်တက်သွားကြ လေ၏။

“ဘာကွ. . . ဥတစ်လုံးကြေတယ်”

“ဘယ်က ဥတစ်လုံးကြေရမှာလဲ. . . မတစ်လုံးကြေတာကွ”

“အော်. . . မိန်းမကျမ်းကြေတယ်ဆိုပါတော့”

“မဟုတ်ပါဘူး၊ လောကီပညာမှာ မသိ၊ မတတ်ဆိုတဲ့ မ ကြေပြီး နေရာတကာသိတယ်။ တတ်တယ်၊ အို. . . လောကီ ပညာစခန်းမှာဆိုရင် မသိတာမတတ်တာမရှိဘူး၊ သိတာတတ်တာ ချည်းပဲတဲ့။ အဲဒီတော့ တော်တော်စကားပြောရခက်တယ် မင်း ကြည့်ပြောပေါ့ကွာ၊ နောက်ဆုံး နိဂုံးချုပ်အနေနဲ့ ငါကနီးနေရာကနေ ပြီး သတိပေးချင်တာက. . .”



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင်. . . ဒါနိုင်ငံရေးတရားဟောနေတာ မဟုတ်ဘူးကွ"

"အေးပါကွာ. . . ငါယောင်သွားလို့ပါ၊ နောက်ဆုံးငါသတိပေးချင်တာက ရန်လုံ့ပဲ၊ ရန်လုံ့ကိုတော့ အထူးသတိထားကွ"

"ဟာ. . . ငါမကြောက်တတ်ပါဘူး"

"အောင်မယ်. . . မကြောက်တတ်ဘူးမလုပ်နဲ့၊ သူက ကောင်မလေးကို ရည်းစားစကားပြောတယ် ထင်ရင် အနှောင့်အယှက်ပြင်းပြင်းထန်ထန် ပေးတတ်တယ်၊ ကဲကွာ. . . ခပ်မြန်မြန်သာသွားပေတော့၊ ငါပြောတာတွေ မင်းနားလည်ပြီမဟုတ်လား"

စိန်လှသည် ဘတ်စ်ကားပေါ်မှ ဆင်းလိုက်ပြီး ကတ္တရာစေးလမ်းမကြီးပေါ်ဝယ် ယောင်ပေပေရပ်နေမိတော့သည်။ ဘစိုးသည် အတင်းတိုက်တွန်း၍သာ ထွက်လာခဲ့ရသည်။ သူစိမ်းအိမ်ကို ရုတ်တရက်ဝင်၍ မှင်သေသေနှင့်ဖြီးရသည်မှာမလွယ်ကြောင်း ရိပ်စားမိတော့၏။ ထို့ပြင်ရန်လုံ့ဆိုသော ခွေးကတမျောင့် ဖြစ်သေးသည်။

ဟိုကြည့်သည်ကြည့် ကြည့်လိုက်ရာ မလှမ်းမကမ်းတွင် ဆေးလိပ်အစရှိသော ဆိုင်ကလေးကို တွေ့လိုက်ရမှ အကြံတစ်မျိုးရလေ၏။ သူ့အကြံကား ခွေးကိုထန်းလျက်ကျွေးရန်အကြံဖြစ်ပေသည်။ ဆိုင်ကလေးမှထန်းလျက်ထုပ်ကလေးကို ကိုင်ထွက်လာပြီး အနီးမှ ခြံစည်းရိုးဝါးရုံကြားမှ ဒုတ်သေးသေးရှည်ရှည်ကလေးကို ကောက်ယူလိုက်သေး၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီခွေးကို ပထမထန်းလျက်ကျွေးချော့မယ်။ ဒါနဲ့မှ မရရင်တော့ ဒုတ်ကလေးနဲ့ခပ်နာနာကလေးရိုက်ပြီးတော့ ဆုံးမမယ်"

ဤသို့တွေးရင်း ဘယ်ဘက်က ဝါးဒုတ်ကလေး၊ ညာဘက်က ထန်းလျက်ထုတ်ကလေး ကိုင်ထွက်လာသောစိန်လှသည် ရန်လုံ့အကြောင်းကို ကောင်းစွာမသိရှာသေး။ အမှန်စင်စစ်ဘစိုးမှာ လောကြီးပြီး မပြောဖြစ်၍သာဖြစ်သည်။ ရန်လုံ့ဆိုသည်ကား ကာယဗလကိုများစွာလိုက်စားနေသော မစန်းကြည်နှင့် မစန်းရီအကြား (ဝါ)မစန်းကြည်၏ မောင်၊ မစန်းရီ၏အစ်ကို လူသားစင်စစ်ပင်ဖြစ်ပေသည်။ သူငယ်ငယ်ကတည်းကပင် ထိုးချင်ကြိတ်ချင်ဝါသနာကြောင့် သူရှိလျှင် သူခိုးမကပ်ဝံ့ ဟူသောသညာဖြင့် ရန်လုံ့ဟုငယ်နာမည်ပေးထားခြင်းဖြစ်သတည်း။

သို့ဖြင့် ခြံကျယ်ကြီးတစ်ခု၏ပိတ်ထားသော ဝင်းတံခါးရှေ့သို့ စိန်လှရောက်နေပေပြီ။ ခေါင်းကိုငုံ့၍ ခြံထဲသို့ ဟိုကြည့်သည်ကြည့် ကြည့်လိုက်ရာ မနီးမဝေးကပန်းရုံတစ်ခု၌ သူ့ကိုကျောပေး၍ ရပ်နေသော မိန်းမပျိုတစ်ယောက်ကိုတွေ့ရသည်။ မစန်းကြည်နှင့် အတော်ပင်တူသဖြင့် မစန်းရီမှန်း သူရိပ်မိပါသည်။ သို့ရာတွင် ဘယ်လိုလှမ်းခေါ်လိုက်ရမလဲဟု စဉ်းစားနေမိလေသည်။

"ဒီမှာ. . . ဒီမှာ" ဟုခေါ်လျှင် စကားထစ်သူဟုထင်ရာ အကြောင်းမရှိ၏။ တဖန် "အဟမ်း. . . အဟမ်း" ဟုဆိုလျှင်လည်း ပန်းနာသည်နှင့် တူပေအံ့။ "ဟဲ. . . ဟဲ. . . ဟဲ" ဟုဆိုရန်ကလည်း



www.burmeseclassic.com

www.burmeseclassic.com



အရှုံးမဟုတ်သဖြင့်တစ်ယောက်တည်းမရယ်တတ်၊ "အော်"ဟုဆိုရန်ကလည်း ရေဒီယိုအဆိုကျော်မဟုတ်သဖြင့် မချိမဆန့်မအော်တတ်ပါ။ "အလို"ဆိုပြန်ကလည်း ဇာတ်ထဲက ဘီလူးမှတ်သွားပေမည်။

နောက်ဆုံး၌ စကားလုံးရွေးကောက်ပွဲကျင်းပနေသောစိန်လှ၏ ဦးနှောက်သည် နာမည်ကိုခေါ်ရန် ဆုံးဖြတ်လိုက်သည်။

"မစန်းရီ"

မိန်းမပျိုသည် နောက်မှ ဟွန်းနှိပ်လိုက်သော လက်ပြရဲသားသကဲ့သို့ ခေါင်းကိုရုတ်တရက် ချာကနဲလှည့်ကြည့်လိုက်သည်။ သူ့နာမည်ကို ခေါ်သဖြင့် ရင်းနှီးသူတစ်ယောက်ယောက်ဟူသောအမှတ်အသားဖြင့် လှည့်ကြည့်လိုက်သော်လည်း ဝင်းတံခါးကမောင်မှာ သိသူမဟုတ်သဖြင့် မျက်မှောင်ကလေးကြုတ်မြလိုက်မိလေသည်။ လှပသော မျက်နှာကလေးကို မြင်ရမည်ဟုမျှော်လင့်နေသောစိန်လှမှာ မျက်မှောက်ကြုတ်ကြုတ်ကလေးကိုမြင်လိုက်သောအခါ ယောင်၍ပါးစပ်ကိုဟပြလိုက်သည်။ တဖန်မိန်းမပျိုက မျက်ခုံးပင့်၍ မျက်လုံးပြူးပြ၏။ စိန်လှက နှာခေါင်းရှုံ့၍ပါးစပ်ကို ဖြဲပြလိုက်လေ၏။ ဤသို့ဖြင့် ကြုတ်၊ ဟ၊ ပင့်ပြူး၊ ရှုံ့ဖြဲကြခြင်းဖြင့် အချိန်ကုန်လွန်စေကြပြီးမှ စိန်လှမျက်နှာညောင်းလာသည်ကို သတိထားမိပြီး. . .

"ကိုဘစိုးက စာပေးလိုက်တယ်၊ မစန်းကြည်ကိုပေး စာပေး



www.burmeseclassic.com

www.burmeseclassic.com



လိုက်တယ်''

ဟု ပါးစပ်ထဲ ရရာတွေကိုမှုတ်ထုတ်လိုက်လေ၏။ ဤတွင်မှ မိန်းမပျိုမှာ ပြုံးသယောင်ယောင်နှင့် ခပ်တည်တည်ဖြစ်သွား၍ အိမ်ထဲသို့တစ်ချက်ကြည့်လိုက်ကာ ခြံဝသို့ခပ်သုတ်သုတ်ရောက်လာပြီး ဝင်းတံခါးကိုဖွင့်လျက် နောက်သို့တလှမ်းဆုတ်လိုက်၏။ သူနောက်ကိုဆုတ်လိုက်ခြင်းအကြောင်းကား ပထမလူကောင်းထင်၍ ဖွင့်လိုက်ပြီးမှ ဘယ်ဘက်က ဝါးဒုတ်ရှည်ကလေး၊ ညာဘက်က အထုပ်ကလေးတစ်ခုကိုင်ထားသော စိန်လှကိုမြင်ရမှ အရူးထင်သယောင်ယောင်ရှိသောကြောင့်ပင်ဖြစ်၏။

စိန်လှက တစ်လှမ်းတိုးလိုက်၏။ မစန်းရီက တလှမ်းဆုတ်လိုက်ပြန်၏။ စိန်လှက မလိုက်တော့ပါ။ မစန်းရီ၏အလှသာ အကယ်၍ အရက်ဖြစ်ခဲ့ပါမူ စိန်လှယစ်မူးပေလိမ့်မည်။ အရက်မဖြစ်ဘဲ ဘိန်းဖြစ်ခဲ့ပါမူ စိန်လှစွဲသွားလေလိမ့်မည်။

''ဘယ်မလဲရှင့်စာက. . .''

''အော်. . . ဟုတ်ကဲ့၊ အိတ်ထဲမှာလေ ရော့''

စာကိုပေးလိုက်ခြင်းမဟုတ်ဘဲ ဘယ်လက်ထဲက ဝါးဒုတ်ကလေးကိုသာပေးလိုက်ခြင်းဖြစ်သဖြင့် မစန်းရီမှာသာ၍ မျက်လုံးဝိုင်းသွားရပြန်၏။ သို့သော် ဘာစကားမျှမပြောဘဲ ဝါးဒုတ်ကလေးကိုသာ လှမ်းယူထားလိုက်လေသည်။

''ရော့. . . ဒါပါယူဦး''



www.burmeseclassic.com

www.burmeseclassic.com



တဖန်ညာဘက်လက် ထန်းလျက်ထုပ်ကိုပေးပြန်၏။ မစန်းရီကလည်း အူကြောင်ကြောင်နှင့်ပင် ယူထားလိုက်ရပြန်လေသည်။ ပြီးမှ ဘယ်လက်မနှင့်လက်ညှိုးတို့ဖြင့်အိတ်ကို ဟကာ ညာလက်ဖြင့် စာရွက်ခေါက်ကလေးကို ထုတ်လိုက်လေသည်။

"ခင်ဗျား ဘယ်လက်ထဲကအထုပ်ကို ကျွန်တော့်ဘယ်လက်ထဲ ထည့်၊ နောက် ကျွန်တော့်ဒီညာလက်ထဲကစာရွက်ကို ခင်ဗျား ဘယ်လက်နဲ့ယူပြီး ခင်ဗျားညာလက်ထဲက ဒုတ်တံကလေးကို ကျွန်တော့်ညာလက်ထဲထည့်ပါ။ နောက်တော့မှ ကျွန်တော့်ဘာသာ ကျွန်တော် ဘယ်လက်ထဲကအထုပ်ကို ညာလက်ထဲပြောင်းပြီး ညာလက်ထဲကဒုတ်ကို ဘက်လက်ထဲပြောင်းလိုက်လိုက်ရင် နဂို အတိုင်းဖြစ်ကရောပေါ့"

မစန်းရီမှာ ငိုရမလို ရယ်ရမလိုဖြစ်သွားရှာတော့သည်။

"ရှုပ်လိုက်တာရှင်. . . ဘာတွေပြောနေတာတုန်း"

"ကဲ. . . ဒီလိုလုပ်၊ ပေး. . . ခင်ဗျားလက်ထဲကအထုပ်ကို"

မစန်းရီမှာ ရှီးသားစွာလိုက်နာပြီး အထုပ်ကိုပေးလိုက်ရင်း စပ်စုရမှုကျေနပ်သော မိန်းကလေးတို့၏ဇာတိကို မထိန်ဖုက်နိုင်ရှာတော့ပေ။

"ဒါက ဘာထုပ်လဲရှင့်"

"ထန်းလျက်လေ၊ ဒီအိမ်က ရန်လုံဖို့"

မစန်းရီမှာ အံ့အားသင့်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူက စားချင်တယ်ပြောလို့လား"

စိန်လှမှာ ခွေးစကားပြောသည့် တစ်သက်လုံးသက်ဝင်ယုံကြည်ခဲ့သူမဟုတ်သဖြင့် ရှုံ့ရှုံ့ရှားရှားဖြစ်သွားလေ၏။

"ဘာဗျ၊ ခင်ဗျားက လူကိုအရှူးမှတ်လို့။ သူကတော့ ဘယ်ပြောမလဲဗျ။ ကျွန်တော်က သူစားမယ်မှန်းသိလို့ ဝယ်ခဲ့တာ"

"သူက ထန်းလျက်ဘယ်တော့မှ မစားဘူး"

"ဟာ. . . မဖြစ်နိုင်တာပဲ၊ အုန်းသီးသာ သိပ်မကြိုက်ဘူးဖြစ်ရမယ်"

"ဘယ်သူ့အကြောင်းပြောနေတာလဲ"

"ရန်လုံလေ၊ ရန်လုံ၊ ရန်လုံ။ သူ့အကြောင်းပြောနေတာ"

စိန်လှမှာ စိတ်တိုတိုဖြင့် ခပ်ကျယ်ကျယ်ပြောလိုက်မိခြင်းကား သူ့အတွက် ကြက်ခြေခတ်ဖြစ်ပေတော့သည်။ အဘယ်ကြောင့်ဆိုသော် အိမ်ဘေးကထွက်လာသော ရန်လုံမှာ သူ့အမည်ကိုခေါ်သံကြားသဖြင့် လှမ်းကြည့်လိုက်ရာ သူ့နှမနှင့်နှစ်ယောက်ချင်းစကားပြောနေသူကို ခက်ထန်စွာ သတိထားမိပြီး အသာကလေးပန်းရုံကွယ်ကို ရောက်လာသည်။

ဤအဖြစ်ကို သတိမထားမိသော မစန်းရီက စိတ်ချလက်ချစကားပြောနေသေးသည်။

"ဟုတ်ပါတယ်၊ သူပါပဲ၊ သူထန်းလျက်မကြိုက်ဘူးရှင့်"

"ရန်လုံက ထန်းလျက်မကြိုက်ဘူး၊ တော်ပါဗျာ၊ ခင်ဗျားတို့

www.burmeseclassic.com



မကျွေးလို့ဖြစ်ပါလိမ့်မယ်။ ဒီမှာ. . . လောကမှာရန်လုံမပြောနဲ့၊ အင်္ဂလန်ကခွေးတွေတောင် ထန်းလျက်ကျွေးရင် စားတာပဲ၊ အဲ တချို့ခွေးတွေကတော့ အုန်းသီးကို သိပ်မစားဘူး၊ ဘာပဲဖြစ်ဖြစ် ထန်းလျက်မစားရင် ဒီ–ဒုတ်နဲ့ ဆိုးမှာပဲ''

''ခွေးမသား၊ နှမကို ရည်းစားစကားပြောပြီး မောင်ကို စော်ကားတယ်''

အသံလာရာကိုကြည့်လိုက်ရာ သူ့ကိုယ်သုံးဆလောက်ရှိပြီး တောင့်တင်းသန်မာသောအင်ကြင်းပန်းရုံနောက်က ပုဂ္ဂိုလ်ကိုတွေ့ ရ၏။ ထိုပုဂ္ဂိုလ်ကို သူကြောက်ပါသည်။

''မဟုတ်ပါဘူးဗျာ. . . ခင်ဗျားတို့ကို ကျွန်တော်ဘာမျှမပြော ပါဘူး၊ ရန်လုံကိုပြောတာပါ''

ကမန်းကတန်း တောင်းပန်လိုက်မှ သေချာသွားတော့သည်။ ရန်လုံသည် စကားတစ်ခွန်းမှ မပြောတော့ဘဲရှေ့သို့တိုးလာသည် နှင့်တပြိုက်နက် အခြေအနေကိုကြိုတင်မြင်မိသောမစန်းရီမှာ လန့်၍ အော်လိုက်သည်။

''ဟော့ဒီမှာ ဖေဖေ''

သူကရုတ်တရက်အော်လိုက်သဖြင့် ရန်လုံမှာ အာရုံပြောင်း သွားကာ မစန်းရီဘက်သို့ ဇတ်ကနဲလှည့်ကြည့်လိုက်ပြီး. . .

''ဘာလဲ. . . နင်က နင့်ရည်းစားထိလို့ နာသလား''

ဟုပြောချလိုက်ရာ မစန်းရီမှာ ကြက်သွေးရောင်သန်းသွား



www.burmeseclassic.com

www.burmeseclassic.com



သလောက် စိန်လှမှာ အားတုံ့အားနာကြီးဖြစ်သွားကာ–

"ဒီမှာ. . . ကျုပ်က မိန်းမနဲ့ဗျ"

ဟု မဟုတ်သော်လည်း မစန်းရီ၏အရှက်ကို ကာကွယ်လိုက်မိလေတော့သည်။

"အဲ. . . ဒီလိုလူတွေက ပိုဆိုးတာ"

"ဒါတွင် ဘယ်ကမလဲ. . . ကလေးဆယ့်ငါးယောက်ရှိတယ်"

"ဒီထက်ဆိုးတော့မပေါ့၊ သောက်စကားမရှည်နဲ့၊ သေဖို့သာပြင်"

ရန်လုံသည် လက်နှစ်ဖက်ကို ဆန့်တန်း၍ စိန်လှ၏လည်ပင်းဆီသို့ ချိန်ရွယ်လိုက်သည်တွင် နောက်မှ ခြေသံများပေါ်ထွက်လာကာ. . .

"ဟော့ကောင်. . . ရပ်လိုက်"

စာမေးပွဲမစစ်ဘဲနှင့် အောင်မြင်သည့်အသံကြီးပေါ်လာရာ ရန်လုံမှာ လက်နှစ်ဖက်ကို ဖတ်ကနဲချလိုက်သည့်နည်းတူ စိန်လှမှာလည်း အသံလာရာသို့ကြည့်လိုက်မိတော့၏။

နှစ်ယောက်ဖြစ်ပါသည်။ တစ်ယောက်ကား မတာစ်လုံးကြေဖြစ်၍ ကျန်တစ်ယောက်မှာ ဒေါ်အုန်းခင်ဖြစ်ရပါမည်။ လူငါးယောက် ခြံဝ၌ မျက်နှာစုံညီဖြစ်သောအခါ အဖိုးကြီးက ရန်လုံကို စောင်း ကြည့်လိုက်ပြီး –

"ဟဲ့ကောင် အိမ်ထဲဝင်"ဟု ငေါက်လိုက်ရာ ရန်လုံမှာကုပ်



www.burmeseclassic.com

www.burmeseclassic.com



၍ ဝင်သွားရှာလေ၏။ ပြီးမှ အဖိုးကြီးသည် စိန်လှဘက်သို့ လှည့်လိုက်ပြီး. . .

"ဟောဒီသမီး အော်သံကြားလို့ ဒို့ထွက်လာတာအတော်ပဲ ပေါ့၊ မင်းကံကောင်းတယ်၊ ရန်လုံဆိုတဲ့ကောင်က လုပ်မိရင် မင်း မသက်သာဘူး"

ဟုပြောမှ ရန်လုံ ပြဿနာရှင်းသွားကာ ရယ်ချယ်သလိုလို ဖြစ်လာလေ၏။

"ဟုတ်ကဲ့ ဦးက ဦးဘကလေးထင်တယ်"

"ထပ်တေရီ. . . ရှေ့ရိုးကွ. . . ရှေ့ရိုး၊ ဒါထက် မင်းက ဘာ ကိစ္စနဲ့လာတာလဲ"

"ဩော်. . . ဦးသမီးကို စာလာပေးတာပဲ"

စိန်လှ၏စကားအဆုံးတွင် အဖိုးကြီးရော၊ အဘွားကြီးပါ မျက်လုံးများအရမ်းကာရော ပြူးပြကုန်ကြသဖြင့် စိန်လှမှာ သူ့စကား မှားသွားသည်ကို သတိထားမိလေ၏။

"မစန်းကြည်က ပေးခိုင်းတာပါ"

အဖိုးကြီးသည် ဘယ်လက်ဖြင့် မုတ်ဆိတ်မွေးဖြူဖြူကို ဘုရား ဈေးက ဘိုးဘိုးအောင်ဆန်စွာ တဖြည်းဖြည်းသပ်ချရင်း. . .

"သူက ဘာတဲ့တုန်း"

ဟု တော်ရုံသာ ပြောလိုက်သော်လည်း ဒေါ်အုန်းခင်မှာ ပျာပျာသလဲဖြစ်သွားပြီး–



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်. . . ငါ့သမီးကြီးဆီကဆိုပါလား၊ ဘာတဲ့တုန်းသမီး၊ မြန်မြန်ဖတ်ပြစမ်းပါ။ ငါကြားချင်လှပြီ၊ ဒင်းတို့ကလည်း တော်တော် ဒုက္ခရောက်နေကြပြီထင်တယ်"ဟု မိခင်မေတ္တာဖြင့် နင်းကန်ပြော ချလိုက်၏။ မစန်းရီလည်း မိခင်ကျေနပ်စေရန် စာခေါက်ကလေးကို ကမန်းကတန်းဖွင့်ဖတ်လိုက်၏။ ဦးရွှေရိုး၊ ဒေါ်အုန်းခင်နှင့် စိန်လှ တို့မှာမစန်းရီ၏ မျက်နှာကိုဝိုင်းကြည့်နေကြသည်။ အဖိုးနှင့်အဘွား ကြီးတို့ကား သိချင်၍ ကြည့်ခြင်းဖြစ်လျက် စိန်လှကား ငြိချင်၍ ကြည့်ခြင်းသာဖြစ်သည်။

မစန်းရီ၏မျက်နှာ မှုန်ကုပ်ကုပ်ဖြစ်သွားပြန်လေ၏။

"ဘယ့်နှယ်တွေလဲ တရုတ်စာဝဲ့လား"

ဤတွင် စိန်လှမှာ ပြုံးပြုံးပျာပျာဖြစ်သွားပြီး

"ဟာ အဲဒါမြေပုံ၊ ဒီအိမ်ကို ဘယ်လိုလာရတယ်ဆိုတဲ့ မြေပုံ၊ စာကဒီမှာ"ဟု အိတ်ထဲတွင် စောစောကမှားကျန်ရစ်ခဲ့သော စာရွက်ကို ထုတ်ပေးရပြန်လေ၏။

မစန်းရီသည် စာကိုအော်မဖတ်သေးဘဲ သူသိရုံလျှောက် ကြည့်နေ၏။ ဤအချိန်ဝယ် ဦးရွှေရိုးကြီးသည် စိန်လှကိုစိုက်ကြည့် နေရာမှ တဖြည်းဖြည်း ပိုမိုစိတ်ဝင်စားလာရာ ဒေါ်အုန်းခင်ကသာ မစန်းရီ ဖတ်ပြနေသည်ကို နားထောင်နေသော်လည်း အဖိုးကြီး မှာ ဘာမျှမကြားတော့ဘဲ စိန်လှကို မေးခွန်းထုတ်လိုက်လေသည်။

"အလို. . . မင်းကြည့်ရတာ အထက်ကအဆောင့်အရှောက်



www.burmeseclassic.com

www.burmeseclassic.com



တွေရှိတယ်ထင်တယ်၊ မင်းတို့အိမ်မှာ အမှန်ပဲ ပုဂ္ဂိုလ်ကြီးတွေ ရှိရမယ်''

"ဟာ ရှိပြီလားခင်ဗျာ၊ လုံးပတ်ကို ပုဆိုးတစ်ပတ်လောက်ရှိတယ်''

"ဟဲ့. . . ငါက ပုဂ္ဂိုလ်ကြီးတွေပြောတယ်။ မင်းက ကုက္ကိုကြီး ပြောနေတာကိုး၊ ဖွတ်. . . ဒီကောင်က နားကလည်း ခပ်ထိုင်းထိုင်း ထင်ပါရဲ့၊ ဒီကောင်ကို မြောက်ဘက်က တဝဂူမှာ(၃၇)အုပ်လောက် တော့ စုတ်ပစ်လိုက်ချင်သေးတယ်''

"ဒါတော့ တောင်းပန်ပါရစေခင်ဗျာ၊ နေမကောင်းသေးလို့ပါ''

ထိုခဏ၌ အဖွားကြီးသည် ရုတ်တရက် "ဟီး ဟီး''နှင့် ငိုချလိုက်လေရာ အဖိုးကြီးမှာ စိန်လှထံမှ အာရုံကို အဖွားကြီးထံ ရွှေ့လိုက်လေသည်။

"ဟဲ့. . . ဘယ့်နှယ်ဖြစ်တာတုန်း၊ အနှောင့်အယှက်နဲ့တူတယ်''

အဖွားကြီးသည် နှပ်ကို ပျစ်ကနဲညှစ်ပစ်လိုက်ပြီး–

"ကိုရွှေရိုး ရှင်ဘာသိသလဲ၊ ဟိုမှာ ကျုပ်သမီးကြီး အသဲ အသန်ဖြစ်နေပြီးတော့ ကျီးထူမနေနဲ့ ကျုပ်သွားမှာပဲ''

အဖိုးကြီးသည် မျက်မှောင်ကို ကြုတ်လိုက်လေ၏။

"ငါက သူတော်ကောင်းဖြစ်နေပြီမို့ စိတ်တော့ မဆိုးတော့ ပါဘူး၊ ဒါပေမယ့် ထွက်ပြီးတဲ့ ဆင်စွယ်ဝင်တယ်လို့မရှိလို့ ငါ တော့မလိုက်ဘူး။ ဒီကောင်မလေးကို မျက်နှာချင်း မဆိုင်တော့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



မင်းတို့သွားတာကိုတော့ ငါမကန့်ကွက်ပါဘူး''

ဒေါ်အုန်းခင်မှာ ဦးရွှေရိုး၏စကားကို ဆုံးအောင်မနားထောင်တော့ပါ။ မစန်းရီကိုခေါ်၍ စိန်လှဘက်တဖန်လှည့်လိုက်ကာ. . .

''မောင်ရင် ခဏစောင့်ဦးနော်. . . ဒေါ်ဒေါ်နဲ့သမီးလိုက်ခဲ့မယ်။ အိမ်မသိလို့ မောင်ရင် ခဏစောင့်နော်''

ဟုပြောကာ ထွက်သွားလေ၏။

ဦးရွှေရိုးမှာ စိန်လှကိုစိုက်ကြည့်ပြန်ရာ စိန်လှမှာ မနေတတ်မထိုင်တတ်ဖြစ်၍ မျက်နှာကိုလွှဲလိုက်သည့်တွင် မနီးမဝေးအိမ်ဘေးမှ လက်သီးဆုပ်ပြနေသော ရန်လုံကိုမြင်လိုက်သဖြင့် ထွက်ပြေးချင်စိတ် ပေါ်လာလေ၏။

''ဟေ့ကောင် မင်းတစ်ခုခုကို မြင်နေပြီမဟုတ်လား။ အဲဒါနိမိတ်ဘဲ၊ ငါ့ကိုပြောစမ်း၊ မင်းဘာကိုမြင်သလဲ''

''လက်သီးဆုပ်ပြနေတာကို မြင်တယ်''

''အဲ. . . အဲဒါ လက်ဆုပ်လက်ကိုင်ကိုပြတာပေါ့ကွာ၊ မှန်ပါပြီ၊ မင်းမှာ ပုဂ္ဂိုလ်ကြီးတွေ စောင့်ပါတယ်။ ဓါတ်သာမှန်ရင်မင်းနဲ့ငါနဲ့ တစ်နေ့နေ့တွေ့ရဦးမှာပေါ့'' စိန်လှမှာ ရန်လုံကိုကြောက်နေသဖြင့် အဖိုးကြီးပြောတာကို အကုန်မကြားဘဲ နေ: စွန်နားဖျားသာ ကြားလိုက်ရလေသည်။

''ဟုတ်ကဲ့. . . ဓါတ်ကတော့မှန်ပါတယ်၊ ခင်ဗျား ပျော့ပါပဲ''

''ထွက်. . . ဒီကောင် ဘာတွေပြောပြန်ပြီလဲ. . . ငါက



www.burmeseclassic.com

www.burmeseclassic.com



ပြောတာ မင်းမှာရှိတဲ့ ဆရာ့ဆရာများ ဓါတ်သာ မှန်ရင် မင်းနဲ့ငါနဲ့ တွေ့ဦးမှာပဲ။ ငါတစ်ခုတော့ မှာလိုက်မယ်။ နောက်တစ်ခါ မင်းနဲ့ငါနဲ့တွေ့ရင် လောကီပညာအခြေခံရှိမှ လာတွေ့ရမယ်၊ ဒါနဲ့မှ မဟုတ်ရင် ငါစကားမပြောဘူး၊ နောက်ပြီး တော့. . .''

အဖိုးကြီးစကားမဆုံးတော့ပေ။ အဖွားကြီးနဲ့မစန်းရီ အဝတ်အစားလဲထွက်လာသဖြင့် စိန်လှလည်း ရန်လုံ့ကိုစိတ်အေးပြီဖြစ်သဖြင့် ချက်ချင်းထွက်လာခဲ့လေတော့သည်။

စိန်လှသည် မစန်းရီတို့ကို ဘစိုးတို့အိမ်သို့ပြပေးခဲ့ပြီး သူကိုယ်တိုင်ကမူ အိမ်ထဲသို့မဝင်ဘဲ ပြန်လစ်လာခဲ့လေတော့သည်။

အရက်ထက်မူးသည်။

ဘိန်းထက် စွဲသည်။

ထိုညကျမှ စိန်လှသည် မစန်းရီလှကြောင်း ဝန်ခံမိတော့သည်။ အိပ်ယာထဲတွင် မျက်စိကြောင်နေတော့၏။ ဘယ်ဘက်လှည့်လည်း မစန်းရီမျက်ခွက်၊ ညာဘက်လှည့်လည်း မစန်းရီမျက်ခွက်၊ မျက်စိကို ဖွင့်ထားထား ပိတ်ထားထား၊ ပြုံးသလိုလိုနှင့် ခပ်တည်တည်ဖြစ်နေသော မစန်းရီ၏ မျက်နှာမှာ မှန့်တီဟင်းထဲမှ ငှက်ပျောဖတ်လို အကွင်းလိုက်၊ အကွင်းလိုက် ပေါ်နေတော့သည်။

စိတ်မှသက်သာရာ ရပါစေတော့ဟု မီးကိုဖွင့်လိုက်ကာ ဟိုဟိုသည်သည်လျှောက်ကြည့်လိုက်လေ၏။ ဤတွင် ပိုဆိုးလာလေ



www.burmeseclassic.com

www.burmeseclassic.com



တော့သည်။

ကြွက်လှောက်ပေါ်မှ ဟောလစ်ပုလင်းအလွတ်မှာ မစန်းရီ၏ ခေါင်းကလေးနှင့် ဖြစ်နေ၏။ စားပွဲပေါ်မှ ဆေးလိပ်ခွက်ထဲတွင် မစန်းရီ၏မျက်နှာကြီးကျနေ၏။

စားပွဲစွန်းက မဂ္ဂဇင်းမျက်နှာဖုံးမှာ မစန်းရီမျက်နှာတစ်ခုနှင့် ပြည့်နေပေသည်။ ကုန်ကုန်ရေးရလျှင် သူကလမ်းလျှောက်သည် ပင် ခြေဖမိုးအစား မစန်းရီ၏ မျက်နှာနှစ်ခုဖြင့် လျှောက်နေ သည်။

မျက်စိကို တစ်ဖက်တလှည့်စီ ပိတ်ကြည့်ပြန်ရာ မစန်းရီ၏ မျက်နှာမှာ ဟိုရွှေ့သည်ရွှေ့နှင့်ဖြစ်နေပြန်၏။

နောက်ဆုံးတွင် သူ့ခေါင်းကို လက်နှစ်ဖက်နှင့် "ဖျစ် ဖျစ်" မြည်အောင် စုံကုတ်လိုက်ပြီး. . .

"ဟင်. . . ငါမကြိုက်လိုက်တာနော်"ဟု မြည်တမ်းမိရှာလေ သည်။

သို့သော်. . . မစန်းရီမသိရှာ။ အလို. . . မဟုတ်သေးပါ။ မစန်းရီလုံးဝမသိသည်မဟုတ်ပါ။ သူလည်း သူ့အစ်မအတွက် စိတ်အေးရပြီဖြစ်သဖြင့် ထိုညတွင် သူစိမ်းယောက်ျား ဝင်းတခါ့ လူရှား လူပါးအကြောင်းကို တွေးနေမိပေသည်။

စိန်လှသာ သူ့အကြောင်းကို မစန်းရီ တွေးနေမှန်းသိလျှင် တစ်ညလုံး အိပ်ပျော်မည်မဟုတ်ပါ။ သို့သော် မသိသဖြင့် ဆယ့်နှစ်



www.burmeseclassic.com

www.burmeseclassic.com



နာရီလောက်၌ အိပ်ပျော်သွားလေတော့သည်။

နောက်တစ်နေ့ အိပ်ရာထနောက်ကျသဖြင့် ရုံးခွင့်ယူလိုက်ရလေသည်။ သူ့အိမ်ကို အကြောင်းပြချက်က "အိပ်ရာထ နောက်ကျ၍ဟု"ဖြစ်သော်လည်း အတွင်းစိတ်၏ အကြောင်းပြချက်မှာမူ "ဘစိုးထံပြေးသွားချင်၍"ဟု ဖြစ်ပေ၏။

မှန်ပါသည်။ ပြေးလည်းပြေးသွားပါ၏။ မမှန်ပါ။ ဘစိုးထံပြေးသွားခြင်းမဟုတ်ပါ။ အဘယ့်ကြောင့်ဆိုသော် ထိုနေ့ ထိုအချိန်မျိုး၌ ဘစိုးရုံးတက်နေပါလိမ့်မည်။ စင်စစ် သူပြေးသွားခြင်းကား မစန်းကြည်ထံသို့သာ ဖြစ်ပါပေ၏။ မစန်းရီမှာ သူ့ညီမ ဖြစ်သောကြောင့် မစန်းကြည်သည် ဘစိုးထက် ဤနေရာ၌ခရီးရောက်သည်ကို စိန်လှကောင်းစွာ သဘောပေါက်လေသည်။

လင်မရှိခိုက် မယားဆီ သွားရခြင်းဖြစ်သော်လည်း သူတို့အိမ်၌ အဖော်အလျော်ခေါ်ထားသော မိန်းခလေးအဖော်တစ်ယောက်ရှိနေသေး၍ မြသွင်တင်ပြခြင်းမှလွတ်နိုင် သည်ဟုလည်း တွေးမိသေး၏။ အမှန်မှာ သူ့ရင်တွင်း၌ မျိုသိပ်ထားခဲ့ရသော အချစ်ကိုသူတစ်ဦးအား ဖွင့်ပြောလိုက်ခြင်းဖြင့် သက်သာရရနိုင်သည်ဟု တင်စားလွန်းလှသဖြင့် သူ့အကြောင်းပြချက်များဖြင့် သူထွက်လာခဲ့ခြင်း သာဖြစ်ပေ၏။

"အော်. . .မစန်းကြည်၊ စာဖတ်နေသလားဟင်"

ခေါင်းမော့ကြည့်လိုက်မှ စာဖတ်နေသူမှာ မစန်းကြည်မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ဘဲ သူ့အာရုံ၏ တားဂတ်ဖြစ်သူမစန်းရီဖြစ်နေသောကြောင့်ပင် ဖြစ်၏။

မစန်းရီသည် ပြုံးတော့မလိုနှင့် ခပ်တည်တည်ဖြစ်သွားသော်လည်း သွက်လက်စွာပင်. . .

"အော်. . .လာ. . .လာ၊ ထိုင်လေ၊ မမအာကျီသွားအပ်နေတယ်၊ ထိုင်လေ"

ပြောပြောဆိုဆိုပင် နောက်သို့နည်းနည်းယိုပေးလိုက်လေသည်။ စိန်လှသည် ဝင်သာထိုင်လိုက်ရသည်။ အမောင် တောင်မှန်း မြောက်မှန်းမသိ ဖြစ်နေရှာလေသည်။

သို့သော် သူ့နှလုံးသည် သူ့ကိုအားပေးနေသေည်။

"မင်းကို တစ်ညလုံးအိပ်ပျက်အောင် နှိပ်စက်နေတဲ့ဟာကလေးကို အခွင့်ရခိုက် ချမ်းသာမပေးနဲ့နော်၊ ဘစိုးတို့ဆီမှာ ခယပြီး အခွင့်တောင်းနေရတာက ကြာသေးတယ်။ ချစ်ကြောင်းသာ ပြောချလိုက်၊ ဘတ်စ်ကားပေါ်မှာတွေ့ကြုံကြိုက်ပြီး ကားပေါ်ကဆင်းတာနဲ့လိုက်ပြေးတဲ့ ဒီခေတ်ကြီးမှာ ရည်စားစကားပြောတဲ့ အချိန်စောတယ်လို့ မရှိပါဘူး"

ဤသို့ဖြင့် သူ့နှလုံးက သူ့ကိုအားပေးစကားပြောကြားလေသည် ဖြစ်ရကား သူရဲရဲတင်းတင်းပင် ပြောချလိုက်လေသော်။

"မစန်းကြည် ဘယ်တော့ပြန်လာမလဲ"

ဘုရားဖြစ်ခါနီးပင် မာန်နတ်ဖျက်သေးရကား ဤဘာမဟုတ်



www.burmeseclassic.com

www.burmeseclassic.com



သော ဃရာဝါသကိစ္စဝယ် အဖျက်ရှိရပေလိမ့်မည်။ သို့ရာတွင် မစန်းရီကတော့ ဘာမျှမသိရှာပေ။ ဂေါ်လီလုံးကလေးနှင့်တူသော သူ့မျက်လုံးကလေးကို လှိမ့်လိုက်ရင်း. . .

"သိပ်ကြာမှာတော့မဟုတ်ပါဘူး၊ ကိစ္စရှိလို့လား"

"ဟုတ်ကဲ့ ဆိုပါတော့လေ၊ မစန်းရီကိုကျွန်တော် သိပ်ချစ်တယ် ဗျာ၊ ဟောဗျ"

သူ့ကိုယ်သူပင် အံ့အားသင့်သွားပါသည်။ ဤမျှပင် အတင့်ရဲလှသော သူ့နှုတ်ခမ်းကို တတ်နိုင်လျှင် ဖနောင့်နှင့်အသက်အောင့် ပေါက်လိုက်ချင်ပေတော့၏။

မစန်းရီမှာလည်း မမျှော်လင့်ဘဲနှင့် အရှိက်ကိုဒူးနှင့်အတိုက်ခံလိုက်ရသော မြန်မာလက်ဝှေ့သမားကဲ့သို့ ပါးစပ်ကလေးဟသွားပြီး ခေါင်းကိုငုံ့လိုက်မိတော့သည်။

စိန်လှမှာ ကြောက်လည်းကြောက်၊ အားလည်းနာဖြစ်သွားတော့၏။

"ဒီမှာ မစန်းရီ၊ စိတ်မဆိုးပါနဲ့နော်၊ ပါးစပ်က လွှတ်ကနဲ ထွက်သွားလို့ပါ၊ စေတနာ မပါပါဘူး"

မစန်းရီ ဇတ်ကနဲမော့ကြည့်လိုက်မှ သူ့စကားမှားသွားမှန်း စိန်လှ သိပြန်ပါပြီ။

"ဟာ. . . မဟုတ်ဘူးဗျို့၊ ဘွာ ဘွာ၊ စိတ်မဆိုးပါနဲ့ဗျာ၊ စိတ်ထဲက ကြိုက်လွန်းလို့ မျိုသိပ်မရလွန်းလို့ ထွက်သွားတာပါ။



www.burmeseclassic.com

www.burmeseclassic.com



မစန်းရီကို စော်ကားတာမဟုတ်ပါဘူး။ ဘုရားကို စူးချင်တိုင်း စူးပါစေရဲ့''

''နို့. . . မယားနဲ့ဆို''

''ဘယ်က နို့ကုလားလဲ''

''မဟုတ်ပါဘူး၊ မယားနဲ့ဆို''

''အော်၊ ဟိုနေ့က ပြောတာလား။ အဲဒါ အလကားပြောတာပါ''

''ကလေး ဆယ့်ငါးယောက်ရှိတယ်ဆို''

''အို ဒါလား၊ အလကားဟာတွေပါ၊ ခင်ဗျားပဲ စဉ်းစားကြည့်စမ်းပါ။ ကျွန်တော့်အသက်အရွယ်နဲ့ ကလေးဆယ့်ငါးယောက်ရှိရင် အကြီးဆုံးက ကျွန်တော့်အဖေလောက် ရှိမှာပေါ့''

မစန်းရီမှာ ပြုံးတော့မလိုလိုနှင့် ခပ်တည်တည်ဖြစ်သွားလေ၏။

''မစန်းရီမျက်နှာက ဘယ်နှယ့်ဖြစ်သွားတာလဲ၊ အူအတတ်ပေါက်တဲ့ ရောဂါရှိသလား''

''မရှိပါဘူး၊ ဘာဖြစ်လို့လဲ''

''ရီလိုက်ရင် ဗိုက်ထဲမှာ အောင့်မှာစိုးလို့ ပြန်ပြန်ထိန်းထားသလားလို့ပါ''

မစန်းရီသည် တဖန်ပြုံးတော့မလိုလိုနှင့် ခပ်တည်တည် ဖြစ်သွားပြီး. . .

ဟော. . . မမပြန်လာပြီ''



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်သဖြင့် စိန်လှမှာ ဒိတ်ကနဲခေါင်းကြီး ကြီးသွားပြီး လှည့်ကြည့်လိုက်ရာ ခပ်ဝေးဝေးမှပြန်လာနေသော မစန်းကြည်ကို တွေ့ရလေ၏။

"ဒါဖြင့် မြန်မြန်လုပ်စမ်းပါဗျာ၊ ဖြေစမ်းပါဗျာ၊ ကျွန်တော့်ကို မုန်းသလား၊ မကြိုက်ဘူးလားလို့ အဲလေ၊ အို မစန်းရီ နားလည်ပါတယ်၊ ပြောစမ်းပါ"

မစန်းရီမှာ စိန်လှလောက် မလောပါ။ ခပ်လေးလေးပင် ပြောနေရာမှ –

"အိမ် လိပ်စာကလေး ပြောခဲ့စမ်းပါ။ စာထည့်ချင်ရင် ထည့်ရတာပေါ့" ဟု ပြောလိုက်လေ၏

စိန်လှမှာ သူလိုချင်ရာကိုမရသော်လည်း မစန်းကြည်ပြန်လာပြီဖြစ်သဖြင့် ချစ်စကားဆက်ပြော၍ ချစ်ခန်းချည်းရှိက်မနေနိုင်တော့ရကား မျှော်လင့်ချက်ကလေးနဲ့ ရှိပါစေတော့ဟု စိတ်ကူးဖြင့် အိမ်လိပ်စာကို ပြောပြလိုက်လေတော့သည်။

တစ်ပတ်ကြာသော်လည်း စိန်လှနှင့်တကွ စာရှုသူမိတ်ဆွေတို့ မျှော်လင့်ကြသည့်အတိုင်း စာမရောက်လာပါ။ သို့သော် စိတ်လှက ဘစိုး၏ ကျေးဇူးဆပ်ပါမည်ဟူသောကတိနှင့် ကိုင်ကိုင်ပေါက် လေတော့ရာ ဘစိုးနှင့် မစန်းကြည်တို့မှာ မနေနိုင်ရတော့ကား



www.burmeseclassic.com

www.burmeseclassic.com



ကိုစိန်လှ

ရီ စာမရေးတာ စဉ်းစားနေလို့ပါ။ စဉ်းစားတာက ကိုစိန်လှ ကို ကြိုက်ဖို့မကြိုက်ဖို့ မဟုတ်ဘူး။ ရီ့မိဘက သဘောတူမတူကို စဉ်းစားတာပဲ။ မေမေက အရေးမကြီးပါဘူး။ ဖေဖေ့အတွက် ခက်နေတယ်။

ကိုစိန်လှလာပြီး ဖေဖေ့ဆီမှာ တောင်းရမ်းယူပါ။ တခြားလူ တွေ ခေါ်မလာနဲ့။ တော်တော်ကြာ ဖေဖေနဲ့မတည့်ဘဲ နေလိမ့် မယ်။ ကိုစိန်လှကိုတော့ ပထမနေ့ကတည်းက ဖေဖေကျေနပ် ပုံရတယ်။ လာပြောကြည့်ပါ။

အဲ ဖေဖေတို့က သဘောမတူဘူးဆိုတော့မှ ရီတို့ဟာ ကိုယ့် ဘဝကိုယ်ဖန်တီးကြတာပေါ့။

စွန့်စားစွာဖြင့် . . .

မစန်းရီ

''ချစ်''ဟူသောစကားတစ်လုံးမျှ မပါသော ပြန်စာပင်ဖြစ် သည်။ ဤကိစ္စကား ဘစိုးတို့မတတ်နိုင်တော့ပေ။ စိန်လှသည် သူ့လူစွမ်းလူစကို ယုံကြည်ရတော့မည်။ ဤသို့တွေးမိလိုက်တိုင်း ဦးရွှေရိုးကြီး၏ ရယ်စရာမျက်ခွက်ကိုလည်းကောင်း–

''ဓါတ်သာမှန်ရင် မင်းနဲ့ငါ တွေ့အုံးမှာပဲ၊ ငါတစ်ခုတော့ မှာလိုက်မယ်။ နောက်တစ်ခါ မင်းနဲ့ငါနဲ့ လာတွေ့ရင် လောကီ ပညာအခြေခံရှိမှ လာတွေ့ရမယ်။ ဒါပဲ။ နို့မဟုတ်ရင် ငါ့စကား

www.burmeseclassic.com



မပြောဘူး''

ဟူသော စကားများကိုလည်းကောင်း၊ မြင်ယောင်ကြားယောင် မိလာတော့၏။ ထိုကြားထဲက ပြုံကနဲ ပြုံကနဲ ခြောက်လိုက်သော ရန်လုံ၏ မျက်ခွက်စုတ်ကလည်းပါပေသေးသည်။

သို့သော် သူ့အဖိုးကြီးကို သွားတွေ့ရန် ဆုံးဖြတ်လိုက်၏။ ထို့ကြောင့်ပင် စိန်လှသည် လောကီပညာကျမ်းများကို ဖတ်ရှုနေရသည် မဟုတ်တုံလော။

နေကောင်းရက်သာရွေး၍ ဦးရွှေရိုးထံ ထွက်လာခဲ့ရာ သူကြည့်ခဲ့သော ပြက္ခဒိန်ကဘဲ ခိုးချတာမှားရှ်လားမသိ။ နေ့မကောင်းရက်မသာ ဖြစ်နေမှန်း စိန်လှသည် ဝင်းဝတွင် ရန်လုံကိုတွေ့မှ ရိပ်မိတော့၏။

သို့သော် ရန်လုံကား ရန်သာလုံ၍ မှတ်ဉာဏ်ကောင်းသူ မဟုတ်သဖြင့် စိန်လှကို လုံးဝမှတ်မိခြင်းမရှိရာ မျက်မှောင်ကြုတ်၍ စူးစိုက်ကြည့်ပြီး –

''ဟေ့ ဘာကိစ္စလဲ''

စိန်လှမှာ သေးဖျန်းဖျန်းပါလုမတတ် ဖြစ်သွားသော်လည်း လက်မဝှက်၍ လက်သီးကလေးဆုပ်ကိုင်လိုက်ကာ ရန်လုံ၏မျက်နှာကို စိုက်ကြည့်လျက် ''ဦ–သသဟဟ''ခု ခုနစ်ခေါက်ရွတ်လိုက်လေ၏။ သို့သော် ငါးခေါက်မပြည့်မီပင် ရန်လုံမှာ လက်သီးကြီး နှစ်ဖက်ဆန့်တန်း၍ ကြည့်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ရန်လုံ--ငါကြည့်နေတယ်"

မှန်ပါသည်။ ဦးရွှေရိုးသည် ပန်းရုံနောက်ကွယ်မှ ကြည့်နေ၏။ ရန်လုံမှာ ဒုတိယအကြိမ်တွင်လည်း ကုပ်သွားရ ရှာပြန်ပါသည်။ ဦးရွှေရိုးသည် စိန်လှနားကပ်ကာ...

"မင်းက အဟန့်ဂါထာရွတ်နေတယ်မဟုတ်လား၊ ဒါထက် ငါမပြောဘူးလား။ မင်းနဲ့ငါနဲ့တွေ့ရအုံးမယ်လို့၊ ကဲ...အခုတွေ့ရပြီ။ မင်းလောကီပညာတော်တော်ခေါက်မိပြီထင်တယ်"

"ဦး သမီးကို ကျွန်တော်လက်ထပ်ပါရစေ"

စိန်လှကား သူ့ဇါသနာအလျောက် သူပြောလိုရာကို အလော သုံးဆယ် ပြောချလိုက်လေရာ အဘိုးကြီးမှာ ပါးစပ်ဟသွားရှာ လေတော့သည်။

"ဟာ...ဒီကောင် အဖျက်ဓါတ်တွေ ဝင်နေပြီထင်တယ်။ မင်းမွေးတုန်းက ခရိုင်းအချိန်များ မိနေရော့သလား"

"အောင်မယ် ကျွန်တော့်အမေဟာ ကျွန်တော်မွေးတုန်းက ဇော်အသေချာမံပြီး မီးလျှုံနှင့်မွေးတာဗျ"

စိန်လှမှာ သူ့ဖတ်မိသမျှတွေ ကြားညှပ်ပြောလိုက်ရာ အဘိုး ကြီးမှာ သူ့မှတ်ဆိတ်မွေးကို ယောင်ပြီးပင် ဖာတ်ကနဲဆွဲလိုက်မိ ပြီးမှ "အလယ်လယ် နာလိုက်တာ"ဟု သူ့ဟာသူ အော်လိုက် လေ၏။

"ကဲ...အိမ်ပေါ်တက်အုံးကွာ၊ ဝင်းဝလို့ မဟာဂီရိမင်း



www.burmeseclassic.com

www.burmeseclassic.com



ဘူးကွ''

ဤသို့ဖြင့် ညည့်ခန်းတွင် ထိုင်မိကြတော့သည်။

''ဟောဒီမှာ. . . မအုန်းခင်ရေ. . . မင်း. . . သမီးကို လာတောင်းနေတယ်''

ဦးရွှေရိုးကား ရက်ရက်စက်စက်ပင် ပြောချလိုက်သော်လည်း ဒေါ်အုန်းခင်ကား သမီးနှစ်ယောက်စလုံး၏ စကားများနားဝင်နေပြီ ဖြစ်သောကြောင့် ခပ်အေးအေးပင် ''လာခဲ့မယ်ဇလ''ဟု လှမ်း ပြောလိုက်ပြီး မီးဖိုထဲတွင် စီမံခန့်ခွဲမြဲ ခန့်ခွဲနေ၏။

''မင်းက ငါ့သမီးကို လိုချင်တော့ ငါကလက်ဖွဲ့ရမယ်ဆိုပါ တော့။ ဒီတော့ ပညာလည်းစမ်းရာရောက်အောင် လက်ဖွဲ့မယ် ကွာ။ လေးကျွန်းမြေ တမူးသား''

စိန်လှ ဖော်ဖူးပါပြီ။ သူ့လျှာမလေးတော့ပါ။

''ရွှာလယ်မြေ တမူးထပ်ထည့်''

''သင်းချိုင်းမြေ တမူးကွာ. . .''

''သိမ်လယ်မြေ တမူးလည်း ပါမှပေါ့''

''ဘုရားရင်ပြင်မြေကလည်း တမူးကွာ''

''ဒီလိုဆို တန်ခိုးကြီးဘုရား အင်္ဂတေလည်း တမူးပေါ့''

''ဒါဖြင့် ငါက ထပ်ထည့်မယ်၊ ဖွဲ့ကြိုးချတဲ့ ကြိုးကတမူးကွာ''

''ဆေးဒန်း၊ ကန့်၊ ကြက်ဆူရိုးနီ တမူးသားစီပါ ပါရမှာပေါ့''

''ဒါဖြင့်ကွာ၊ တောင်ထိပ်ခေါင်းတလုံး၊ မြွေရေလည်း တမူး၊



www.burmeseclassic.com

www.burmeseclassic.com



ကြွက်စုတ်ကောင်လုံးကွာ''

''ဒီတော့လည်း ဘုရားတင်ပန်းတမူး၊ နတ်တင်ပန်းတမူး၊ အိမ်ရှေ့နတ်အိုး တမူးပေါ့''

''ကိုင်း. . . ဒါတွေ ငါလက်ဖွဲ့ရင် မင်းဘာလုပ်မလဲ''

''အောက်လမ်းဆေး ကောင်းကောင်းဖော်ပြီး၊ တစ္ဆေတိုက်၊ နတ်တိုက်၊ စုန်းတိုက် လျှောက်ကုမှာပေါ့''

''တယ်တော်တဲ့ ကောင်ကွာ၊ မင့်ကို ငါသိဒ္ဓိတင်လိုက်ချင်ပြီ''

''ဟာ. . . သိဒ္ဓိမတင်ခင် တန်ချေပြီး အဝင်နက္ခတ်ရွေးပြီးမှ သိဒ္ဓိတင်ပါ''

အဖိုးကြီး နှစ်ခြိုက်သွားရပြန်လေ၏။ ရှေ့ကစားပွဲကို လက်ဖြင့် ပြင်းပြင်းပုတ်လိုက်ပြီးလျှင် –

''တယ်ဟုတ်. . . သဗ္ဗရာဇာ၊ ကြင်နာသနား၊ ရှစ်ပါးဒိသာ၊ ရပ်မျက်နှာမှ၊ မေတ္တာကဲမိုး၊ လာဘ်မျိုးပဏ္ဏာ၊ မိုးသို့ရွာအောင်၊ မင့်ကို ငါစတုတ္ထအဋ္ဌမှတ်အင်းထဲ ထည့်ချချင်တယ်''

''ဒါထက် ကျွန်တော်က အဋ္ဌမှတ်လေး ထောင့်ကန်ချချင်တယ်၊ ဒါမှ ဇာတာချင်းထပ်ပြီး အိမ်ထောင်သက်ရှည်မှာ''

အဖိုးကြီး၏ ကျေနပ်ခြင်းကား အတိုင်းမသိတော့ပြီ။

''မင်း ဒီအတိုင်းသာဆိုရင် မကြာခင် လောကီပညာကို ဒိုးလို့မွှေ၊ ရေလိုနှောက်ပြီး သိဒ္ဓိများတောင် ပေါက်ရောက်နိုင်လိမ့်မယ်ထင်တယ်''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ မဖြစ်နိုင်စရာမဟုတ်ဘူးလို့ မယူဆနိုင်စရာ အကြောင်းမရှိဘူး မထင်နဲ့လို့ မဆိုနိုင်သေးဘူးပေါ့"

"ဘာကွ"

"အော်. . . မဖြစ်နိုင်စရာ မဟုတ်ဘူးလို့ မယူဆနိုင်စရာ အကြောင်းမရှိဘူးမထင်နဲ့လို့ မဆိုနိုင်သေးဘူးပေါ့ခင်ဗျား"

"အဲဒါ. . . ဘာပြောတာလဲကွ"

"ဖြစ်နိုင်ပါလိမ့်မယ်လို့ ပြောတာပါပဲ"

အဖိုးကြီးမှာ လက်ဝါးနှစ်ဖက်ကို အားရပါးရပွတ်လိုက်ရင်း. . .

"ဟာ. . . မင်းက ငါ့ထက်ပိုပြီး မတစ်လုံးကြွေပေတာကိုး ကွ။ ငါသိပ်သဘောကျတယ်၊ ဒီတော့ မပေးစားဘဲ မနေဘူးလို့ မဆိုနိုင်တောင် မင်းမရဘဲ မနေရစေ့ပါဘူး"

စိန်လှမှာ သက်လုံကောင်းစွာနှင့်ပင် ဦးနှောက်ကို ထိန်းသိမ်း လိုက်ရတော့သည်။

ပြီး

www.burmeseclassic.com